www.burmeseclassic.com

# NYAY

## accidentally kiss



# ညေး

မတော်တဆ နှုတ်ခမ်းရာ

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသူ | – ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – ဦးဇော်မြင့်ဝင်း (ကာလာရုပ်ပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | – Yèlay @ YèWintKyaw |
| ပုံနှိပ်ခြင်း | – ပထမအကြိမ် (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ) |
| အုပ်ရေ | – ၁၀၀၀ |
| တန်ဖိုး | – ၁၂၀၀ ကျပ် |



## အိပ်မက်အသစ်မှဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | |
|---|---|
| ✹ စိတ်ဆိုးနေတဲ့သချာ | ညေး |
| ✹ ၃၀၁၃ | ညေး |
| ✹ ယောက်ျားတိုက်ပွဲ | သည်ခေတ်နေ |
| ✹ ကမ္ဘာမကြေနိုင်ငံမှာလာဝင်စားတဲ့မိန်းမ | သည်ခေတ်နေ |
| ✹ ဘာလဲဆိုတာမေးမြန်းခြင်းသည်းခံပါ | ဇင် |

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

Eainmakathit

38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403.09 730 53 703

# ညူး

## မတော်တဆနှုတ်ခမ်းရာ

(လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

အခု ...

အပြင်မှာလင်းနေသေးလား....၊

ငါ့ ရင်ဘတ်တစ်ခုလုံးကတော့

အလွမ်းတွေနဲ့ မှောင်ရီဖြိုးဖြနေရလို့ပါ...

ကြယ်ခင်မိုး

www.burmeseclassic.com

www.burmeseclassic.com

နိုဝင်ဘာလ-၂၃ရက်နေ့က ရိုက်တာသတင်းဌာနသည် လွှင့်ခဲ့သည့် ဆယ်စုနှစ်အတွင်း စိတ်လှုပ်ရှားဖွယ်ရာအကောင်းဆုံး အခိုက်အတန့်(၂၈)ခုကို ဓာတ်ပုံဖြင့်ဖော်ပြခဲ့ရာ၊ ထိုအထဲတွင် မှတ်ထင်ရှားသည့်အခိုက်အတန့်ဓာတ်ပုံ(၁၀)ခုမှာ အောက်ပါ အတိုင်းဖြစ်လေသည်။

၁။ သမ္မတအိုဘားမားနှင့် သမ္မတကတော်တို့၏ ပထမဆုံး အောင်ပွဲခံအိမ်ဖြူတော်ကပွဲညက တစ်ဦးကိုတစ်ဦး နှစ်လိုစွာဖက်သိုင်းရင်း ချွေးချွေးထွေးထွေး ကြည့်နေကြသည့်ပုံ…။

၂။ ၂၀၀၆ ကမ္ဘာ့ဖလားဗိုလ်လုပွဲ၌ ပြင်သစ်ခေါင်းဆောင်ဇီးဒိန်း ကအီတလီနောက်ခံလူမာတာဇီကို အသားလွတ်ခေါင်းနှင့် ဝင်ဆောင့် ပြီးဆော်ပလော်တီးထည့်လိုက်သည့်ပုံ…။

၃။ ၂၀၀၁စက်တင်ဘာ၊ ၁၁ရက်နေ့က နယူးယောက်မြို့ မက်ဟင်တန်အရပ်၌ မီးခိုးများပိန်းပိတ်နေသည့်ပုံ…။

၄။ ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်ညီနောင် အဆောက်အအုံပြိုကျ



ခဲ့ရပုံ…။

၅။ ၉/၁၁ တိုက်ခိုက်ခံရမှု၌ ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ ပထမဆုံးကယ်တင်ခြင်းခံရသူ၏ပုံ…။

၆။ ၂၀၀၃ ဒီဇင်ဘာ၌ အဖမ်းဆီးခံသမ္မတ ဆဒမ်ဟူစိန်ကို ကျန်းမာရေးစစ်ဆေးနေပုံ (ထိုပုံမှာတရားကျစရာလည်း ကောင်းသလို၊ စိတ်ချောက်ချားစရာလည်း ကောင်းလွန်း လှပါသည်။)

၇။ ၂၀၀၄မတ်လ၊ ၁၁ရက်နေ့တွင်(အထွေထွေရွေးကောက်ပွဲ ကျင်းပရန် သုံးရက်အလို)စပိန်နိုင်ငံ မက်ဒရစ်မြို့၌ လူစည်ကားချိန် ရထားတစ်စီး ဗုံးဖောက်ခွဲခံရပုံ…။

၈။ ၂၀၀၈ နိုဝင်ဘာတွင် အိန္ဒိယနိုင်ငံ၊ မွန်ဘိုင်းမြို့၌ အကြမ်းဖက် တိုက်ခိုက်ခံရသည့်ပုံ…။

၉။ သမ္မတရွေးကောက်ပွဲအတွက် ဂျော့ဒဗလျူဘုရှ်နှင့်အယ်လ်ဂိုး တို့၏မဲစာရင်းကိုဒိုင်လူကြီးတစ်ဦးက စစ်ဆေးနေ သည့်ပုံ…။

(ထိုပုံတွင် ထိပ်ပြောင်ပြောင်လူကြီးတစ်ယောက်က သူ့မျက်မှန်ကို ကျော်ပြီး စာရွက်ခပ်သေးသေးလေးကို ဂေါက်သီးလောက် ပြူးထွက် နေတဲ့မျက်လုံးဖြင့်မော့ကြည့်နေသည်မှာ အလွန်ရယ် စရာကောင်းလေသည်။)

၁၀။ ၂၀၀၁ခုနှစ် ကျေးဇူးတော်နေ့တွင် လွတ်လပ်ရေးဟုအမည် ပေးထားသော(ဘေးမဲ့ပေးလိုက်သော)ကြက်ဆင်နှင့် ဂျော့ဒဗလျူဘုရှ်တို့ အပြန်အလှန်ကြည့် နေကြသည့်ပုံ

www.burmeseclassic.com



…တို့ဖြစ်လေသည်။

● ● ●

၂၁ ရာစုရဲ့ စိတ်လှုပ်ရှားဖွယ်ရာအခိုက်အတန့်များ…တဲ့လား။ အောင်မြင်ထင်ရှားနေသူတို့ရဲ့ အဖြစ်အပျက်များသည်သာ တမ္ဘာ့စာရင်းများထဲမှာ နံပါတ်တစ်အဖြစ် ချိတ်ခွင့်ရပြီး ရေးကြီးခွင် ကျယ်လုပ်ခွင့်ရှိသတဲ့လား…။

မိန်းကလေးတစ်ယောက်က ထိုသတင်းပါသည့်ဂျာနယ်ကိုဖတ်ပြီး မဖြစ်ညစ်ကျယ်ပြုံးလိုက်သည်။ (သူ့အပြုံးက မဲ့ပြုံးဘက်စွက်၏)

နောက်တော့ ဘောပန်ယူလိုက်ပြီး နံပါတ်တစ် (အိုဘားမားပုံအပေါ်)နေရာလွတ်ကလေး၌ စာတန်းတစ်ခုကို ကတ်သီးကတ် သပ်ရေးလိုက်သည်။

သူမက ထိုစာတန်းကို တစ်ဟုတပ်လိုက်ကာ ကျန်သည့် အကြောင်းအရာများကို ၂၊၃၊၄၊ စသဖြင့်လျှော့ချလိုက်ရာ အထူးခြား*ဆုံးသတင်းဓာတ်ပုံမှာ ဆယ့်တစ်ပုံဖြစ်သွားရပြန်ပါသည်။

ထိုနံပါတ်တစ် သတင်းမှာအောက်ပါအတိုင်းဖြစ်လေ၏။

၁။ **“ခြေလှမ်းများ-၉”** လို့အမည်ရတဲ့ ကော်ဖီဆိုင်တစ်ဆိုင်ရဲ့ စားပွဲတစ်ခုမှာ ကြယ်စင်မိုးကို ခန့်ပိုင်ထက်က ခပ်ဖွဖွကလေးနမ်း ရှိုက်လိုက်သည့်ပုံ…။

နောက်တော့ ထိုစာတန်း၏ဘေးမှာပင် သူမနှုတ်ခမ်းတွင် ကျိန်စာလိုကျန်ရစ်ခဲ့သည့် နှုတ်ခမ်းရာတစ်စုံကို ရေးဆွဲ



လိုက်ပြီး၊ သူမ၏ သတင်းဓာတ်ပုံသာလျှင် ရိုက်တာသတင်းဌာနကြီးက ထုတ်ပြန်တဲ့ ၂၁ ရာစုရဲ့စိတ်လှုပ်ရှားဖွယ်ရာ အခိုက်အတန့်များစာရင်း၌နံပါတ်တစ်ချိတ်သည်ဟု သူမကိုယ်သူမ ယုံကြည်ပစ်လိုက်သည်။

ထိုနေ့က အင်မတန်နေသာထိုင်သာရှိလှသည်။

● ● ●

www.burmeseclassic.com

www.burmeseclassic.com

သင့်မှာစိတ်နှင့်ပတ်သက်သည့် ခံစားမှု၊ ပြင်းပြမှု၊ မကျေနပ်မှု၊ သောကစရာ၊ ခံလွဲခြင်း သံသယတစ်ခုတစ်ရာ ရှိပါသလား...

စိတ်ကိုစိတ်နှင့် စိတ်ရင်းဖြူစင်စွာ စိတ်လိုလက်ရ စိတ် ရှည်လက်ရှည် စိတ်ဝင်တစားကုသပေးနေပါသည်။

လူချင်းတွေ့ဖို့ မျက်နှာပူနေသူ ကိုကို၊မမ၊ညီငယ်၊ ညီမငယ်များဖုန်းဖြင့် အကြံဉာဏ်တောင်းခံနိုင်သည်...။ အီးမေးလ်မှတဆင့်လည်း ဆက်သွယ်နိုင်ပါသည်။

ဟိန်းဇေယျ
Mental Consultant
(အခမဲ့ စိတ်အတိုင်ပင်ခံ)
နောက်ဆုံးနှစ်စိတ်ပညာ
Ph- 09 ......
E-mail-Heinzzz@gmail.com

# အခန်း ( ၁ )

တစ်ခါတုန်းက တက္ကသိုလ်မှာ...

စတန့်ထွင်တယ်ပြောပြော ဘာပြောပြော... ကျောင်းသင်ခန်းစာများ၊ သီအိုရီများကိုငြီးငွေ့နေသည့်နောက်ဆုံးနှစ်စိတ်ပညာ ကျောင်းသားတစ်ယောက်က သူ့ရဲ့ဦးခေါင်းကို LAB အခန်းလို ပြောင်းလဲပစ်လိုက်ပြီး သူကစိတ်ကုထုံး မည်၍မည်မျှအောင်မြင်မှုရှိသည်ကို ထိုသို့လက်ကမ်းကြော်ငြာများဝေပြီး လက်တွေ့စမ်းသပ်ခဲ့ဖူးပါသည်...။

ထိုကြော်ငြာများကို ကျောင်းဝန်းထဲမှာခပ်တည်တည်ဝေလိုက်သဖြင့် တစ်ကျောင်းလုံးအုံအုံသြသြဖြစ်ခဲ့ရသည်။တစ်ချို့လည်း ပြုံးစိစိ။

'ဘာကြီးလဲဟ! ... ရူးကြောင်ကြောင်နဲ့...'

'အေးလေ...သူကဘာမို့လဲ? ဘယ်သူက သွားမှာမို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဆိုက်ကိုက ဟာတွေကအဲလိုပဲ..နည်းနည်းကြောင်တယ်'

'စတန့်ထွင်တာလည်း ဖြစ်နိုင်ပါတယ်... ဓာတ်လမ်းလုပ်ချင်တာလည်း ဖြစ်နိုင်တယ်'

●သည်ဖြင့် ထင်ကြေးပေးကြသည်။

လူတွေသည်ကိုယ်ရှုးနေကြောင်း ဘယ်သူ့ကိုမှမသိစေလိုသည်မှာ ထိုကြော်ငြာဖြန့်ဝေခြင်း စမ်းသပ်မှုနှင့်ပင် သိသာထင်ရှားလွန်းသည်။

ကိုယ်နှင့်မဆိုင်ဟု သတ်မှတ်ပါကလည်း ငြိမ်ငြိမ်မနေ။ ဘာကြီးလဲ၊ ရှုးကြောင်ကြောင်နဲ့ဘာညာစသဖြင့် အော်ကျယ်အော်ကျယ် (သူတို့မရှုးကြောင်း အများသိစေလို၍) ပြောတတ်ကြသည်။

ထားတော့... ကိစ္စမရှိ...။

အဲဒီညမှာပဲ သူ့ဆီဖုန်းတွေဝင်လိမ့်မည်ဟု ဟိန်းဇေယျမျှော်လင့်ထားပါသည်။ ထင်သည့်အတိုင်းပင်...ညဦးပိုင်းရောက်တော့ သူမရင်းနှီးသည့် ဖုန်းနံပါတ်အစိမ်းများ ဝင်ရောက်လာပါ၏။

'ဟဲလို...'

'မင်းလား...Mental Consultant ဆိုတာ...'

'ဟုတ်ပါတယ်'

'အခမဲ့နော်...'

'အခမဲ့ပါ'



'လာတွေ့ရမှာ ရှက်လို့ပေါ'

'ကျွန်တော် နားလည်ပါတယ်'

'ငါ့ကိစ္စက ဘယ်လိုပြောရမလဲကွာ...'

'ပြောတတ်သလိုသာ ပြောပါ...'

'မင်းကလည်း ပြောတာကိုခဏစောင့်ပါဦး...ငါပြောဖို့အရှိန်ယူနေတာ...ခွီးတဲ့မှ...'

'သြော်...ဟုတ်ကဲ့'

'ဒီလိုပါ...ငါက သူခိုးပါ'

'ဟင်....'

'ငါ့မိဘများက ချမ်းသာပါတယ်။ ငါလည်း ပိုက်ဆံသုံးနိုင်ပါတယ်၊ ဒါပေမဲ့ ငါမခိုးရရင်မနေနိုင်ဘူးကွ။ အသေးလေးကနေ အကြီးကြီးအထိ အားလုံးကိုခိုးချင်တာ... စူပါမားကတ်တွေမှာ CCTVတွေတပ်ထားတာ ငါလည်းသိသားပဲ၊ ငါလည်းတက္ကသိုလ်ကျောင်းသားပဲ'

'ဘယ်မေဂျာကလည်းဗျ'

'ဆိုက်ကိုကပဲ... မင်းထက်စောတယ်၊ ဘွဲ့လွန်တက်နေတာ...'

'အမ်...'

(မဖြစ်နိုင်ပါ... အတွေးရကျပ်သွားအောင် တစ်ဖက်ကပညာစမ်းနေသည်ဟု သူယေဘူယျယူဆလိုက်သည်။ ထိုလူသည်သူပြောသလိုတကယ်ခိုးရိုးသေချာလျှင် လိမ်ပြောရန်လည်းဝန်လေး မည်မထင်ပါ)

www.burmeseclassic.com

www.burmeseclassic.com



'ထားလိုက်ပါကွာ…အဲဒါတွေ… အဲဒါ ငါ…လူလစ်တာနဲ့ခိုးတာပဲ'

'ဘာတွေ ခိုးတာတုံး…'

'အဆင်ပြေမယ့်ဟာလေးတွေ ခိုးတာပေါ့၊ အိပ်ကပ်ထဲထည့်လို့လွယ်တဲ့ဟာမျိုး၊ လက်နဲ့ဝှက်ပြီး သယ်လို့ရမယ့်ဟာမျိုး၊ တစ်ခါတစ်လေ… အင်္ကျီဆိုင်တွေရောက်ရင် စမ်းဝတ်ကြည့်မယ်နော်ဆိုပြီး သုံးထည်လောက် အဝတ်လဲခန်းကိုယူသွားတယ်ကွာ၊ တစ်ချို့ကျတော့လည်း အဝတ်လဲခန်းတွေကို အင်္ကျီဘယ်လောက်ယူသွားသလဲ သတိမထားမိကြဘူး။ ငါလည်းအခြေအနေပေးတာနဲ့ သုံးထည်ယူသွားရင် အောက်မှာ တစ်ထည်ခံဝတ်ပြီးခိုးတာ နှစ်ထည်ပြန်ပေးခဲ့တာ ပေါ့ကွာ…အဲလို…အဲလို…'

'အင်း…ခိုးနည်းလေးက ကောင်းပါတယ်၊ ဆက်ခိုးပါဦး …အဲလေ…ဆက်ပြောပါဦး'

'ငါ့ထက်လျှင်တဲ့ဟာနဲ့တွေ့တော့လည်း ငါခံလိုက်ရတာပါပဲ။ ဆိုပါစို့ ငါခိုးတာလူမိသွားရင် ရဲလက်အအပ်ခံမလား၊ ပစ္စည်း တန်ဖိုးရဲ့ဆယ်ဆလျော်မလား စသဖြင့်မေးတာပေါ့။ ထောင်ကတော့ အကျမခံနိုင်ဘူးလေ…ခိုးဖို့အချိန်တွေ သိပ်လျော့သွားမှာကိုး။ ဒီတော့ ပစ္စည်းတန်ဖိုးရဲ့ဆယ်ဆပေးပြီး တောင်းအေးခဲ့ရတာပေါ့…ဒီလိုနဲ့ကွာ ငါ့ဆီမှာ တစ်သောင်းတန်လက်သည်းညှပ်တို့၊ တစ်သိန်းခွဲတန်အင်္ကျီတို့၊ နှစ်သိန်းတန်ဘောင်းဘီတို့၊ငါးသောင်းတန်မီးခြစ်တို့ ရောက်လာတာပေါ့…'



'ဟား…ဟား…ဟာ…ဟား'

သူသဘောကျစွာ ရယ်မောလိုက်မိပါသည်။ အာဂလူပဲလို့မှတ်ချက်ချရင်း၊ သူ့စိတ်ကိုဆိုက်ကိုသုံးပြီး ပြုပြင်ပေးရန်အလို့ငှာ …

'ဒီလိုဖြစ်နိုင်တယ်ဗျ'

'ဘယ်လိုဖြစ်နိုင်တာတုံး…'

'ရယူတာနဲ့ ပေးဆပ်ရတာက မတန်ဘူးဖြစ်နေတယ်၊ ငတ် လို့ခိုးတာမဟုတ်ဘူးလို့လည်း ရှေ့မှာပြောခဲ့တယ်။ ဒီတော့ တကယ့် စိတ်ရင်းစိတ်မှန်က ခိုးချင်တာတော့ဟုတ်ဟန်မတူဘူး။ မသိစိတ်က illusion(လှည့်ဖြားခြင်း)ကို သိပ်သဘောကျနေတာဖြစ်မယ်။ အဲဒီလို မသိစိတ်ရဲ့ illusion က သိစိတ်ကိုခိုးဝှက်ဖို့ focus ပေးသွားတဲ့ သဘောပဲ ဖြစ်ဖို့များတယ်… အဲဒီတော့ ဒီလိုလုပ်ပါလား…'

'ဘယ်လိုလုပ်ရမှာလဲ…'

'illusion ရဲ့လှုံ့ဆော်မှုကို ခံနိုင်ရည်မရှိဘူးဆိုရင် အဲဒါကို အသုံးချပြီး လူတွေကိုတခြားနည်းလမ်းနဲ့ ပြန်လှည့်စားကြည့်လိုက်၊ ဥပမာ…မျက်လှည့်ပညာကို ရေကုန်ရေခမ်းသင်ပြီး နယ်လှည့်မျက်လှည့်ဆရာလုပ်ကြည့်ပါလား…'

တစ်ဖက်က သူ့ရဲ့စိတ်ကုထုံးကို အတော်လေးစိတ်ဆိုးသွား ပုံရပါသည်။

'ခွေးမသား…၊ ငါ မင်းကိုရှေ့မှာပြောခဲ့ပြီးပြီ ငါက စိတ်ပညာကို ဘွဲ့လွန်တက်နေတဲ့အကောင်။ အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



နှိုးရှင်းတဲ့ကုထုံးလောက်ကတော့ ငါတောင် သူများကိုပြန်ကုပေးနိုင်သေးတယ်။ ငါ့လခွေး…'

ဟမ်…။

ဘယ့်နှယ့်ဟာကြီးပါလိမ့်…။

အကြံဉာဏ်လည်းတောင်းသေးတယ် လူကိုများရုပ်တည်ကြီးနဲ့ဆဲသွားတာ ခွေးမသား…တဲ့၊ ငါ့လခွေး…တဲ့။

အခြေအနေက ပြန်တောင်သုံးသပ်ရမလို ဖြစ်နေပြီ။

သူပြောသလိုသူဟာတကယ်ပဲ စိတ်ပညာဘွဲ့လွန်ကျောင်းသားတစ်ယောက်များ ဖြစ်နေမလား…။

ဒီလိုဆို လူကခြင်ကိုသွေးစုပ်နည်း ပြန်သင်ပေးနေရသလို၊ ငါတော့ ကားပြီနဲ့တူတယ်၊ အိုကေ… နောက်တစ်မျိုးစမ်းကြည့် ဦးမယ်…။

'စိတ်မဆိုးပါနဲ့ဗျာ…စိတ်ကိုစိတ်နဲ့ကုနေတဲ့ စိတ်ကုဆရာ ပါ…အဟဲ…ဟဲ'

'စိတ်ကုန်တယ်'

'စိတ်ကိုပြန်ပြီးစုစည်းကြည့်ပါဦး… မေးတာလေးတော့ စိတ်ရှည်ရှည်ဖြေနော်… နော်လို့…'

'ကဲ…မေး…မေး…'

အံမယ်…သူကပဲစိတ်မရှည်ဘူး ရှိရသေးတယ်။

'မခိုးရရင် မနေနိုင်ဘူးလို့ကို စိတ်ကိုဒုံးဒုံးချပြီး ယုံကြည် တယ်ပေါ့'

'ခွပ်ခနဲကို ယုံကြည်တယ်…'



'ဘာ…ဘာအဓိပ္ပာယ်လဲဟင်…'

'ဒုံးခနဲ ဒုံးခနဲ ချမှတော့ ကွဲပြီပေါ့၊ ငါ့စိတ်က သိပ်ဆတ်တယ်လေ…'

'ဩော်'

ရှိစေတော့…။ သူတံတွေးကို 'ဂလု'ခနဲ မြိုချလိုက်ရသည်။

'ဒါဆို…အဲဒါ စိတ်ရောဂါအနေစားဖြစ်တာပဲဗျ…'

'တယ်ဟုတ်ပါလား… ဘယ်လိုစိတ်ရောဂါအမျိုးအစားလဲ…'

'Kleptomania(ကလက်(ပ်)တိုမေးနီးယား) လို့ခေါ်တယ်'

'ရောဂါက နာမည်တပ်ပြီးတော့တောင် ဖြစ်နေပြီဆိုတော့ ငါ့ရောဂါတော်တော်ရင့်နေပြီနဲ့တူတယ်'

'နုတဲ့အဆင့်မှာပဲရှိပါသေးတယ်၊ ကုလို့ရတယ်ဗျ…'

'တယ်ဟုတ်ပါလား… ငါတောင်မသိဘူး။ ဘယ်လိုကုမှာလဲ…'

'ကုထုံးကိုပြောရမှာ နည်းနည်းရှည်တယ်၊ ခင်ဗျားဖုန်းဖိုး တွေသိပ်ကုန်သွားလိမ့်မယ်၊ ဒီလိုလုပ်ပါလား…အပြင်မှာတွေ့ပြီး ပြောရအောင်…'

www.burmeseclassic.com

www.burmeseclassic.com



'ငါမင်းကို ရှေ့ပိုင်းမှာပြောခဲ့ပြီးပြီ…လာတွေ့ရမှာရှက်တယ်လို့…ငါက မင်းထက်စီနီယာပိုကျတဲ့ ကျောင်းသားလေ'

'အင်း… ဒါလည်းဟုတ်တာပဲ၊ ကျွန်တော်က ခင်ဗျား ဗိုက်ဆံတွေသိပ်ကုန်နေမှာစိုးလို့ပါ…'

'ဒါလည်းမင်းကို ရှေ့မှာပြောခဲ့ပြီးပြီ… ငါပိုက်ဆံ တတ်နိုင်ပါတယ်လို့…'

'ခင်ဗျားကလည်း စိတ်ချည်း…ပဲ'

'ဒါ့ကြောင့် စိတ်ကုဆရာဆီ လာခဲ့တာပေါ့…'

ဟိန်းဇေယျ ရယ်လိုက်မိပါသည်။ အင်း… ဘယ်လိုလူပါလိမ့်… အချဉ်ထဲကတော့ ဟုတ်ပုံမပေါ်…။

'ကဲ…ဒီလိုလုပ်ဗျာ။ ဖြည်းဖြည်းချင်းတော့ ကျင့်ယူရလိမ့်မယ်။ ခင်ဗျားတကယ်အဲ့ဒီစိတ်ရောဂါကို ပျောက်ချင်တယ်ဆိုရင်တော့ လုပ်နိုင်ရမှာပေါ့…။ ဒီလို…ဒီလို…'

သူက စိတ်၏ကျင့်စဉ်အဆင့်ဆင့်၊ ရှုမြင်သုံးသပ်ပုံအဆင့် ဆင့်ကို တစ်ကန့်ချင်းတစ်လွှာချင်းရှင်းပြသည်။

တစ်ဖက်ကလည်း စပြောတုန်းက ဘုတောသလောက်တုထိုးကိုသေသေချာချာနားထောင်ပါသည်။

အချိန်တွေ တော်တော်ကြာသွားလိမ့်မည် ထင်ပါသည်။ သူ့နားမှာကပ်ထားတဲ့ ဟမ်းဖုန်းတောင် အတော်ပူနေလေပြီ…။



သူကနားချင်ပြီ၊ တစ်ဖက်လူက စိတ်ဝင်တစား ဆွေးနွေးဆဲ။ ပြန်ပြီး ခြုံငုံသုံးသပ်ရမည်ဆိုပါလျှင် တစ်ဖက်လူသည် ဘွဲ့လွန်တက်နေသည့် စိတ်ပညာကျောင်းသားဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

သို့နှင့်…။

'ကဲ…ဒီလောက်ဆို ပြည့်စုံလုံလောက်ပြီ ထင်ပါရဲ့ဗျာ၊ အပြောတွေခဏထားပြီး ကျင့်ကြည့်ပါဦး… နောက်ရက်အခြေအနေတွေကိုလည်း ကျွန်တော်သိချင်ပါသေးတယ်။ ကျွန်တော့်ဆီဖုန်း ဆက်ပါဦး…'

တစ်ဖက်မှ သူ့ဖုန်းချလိုကြောင်းရိပ်မိသွားသည် ထင်ပါသည်။နောက်တော့အခံရခက်သည့်ရယ်သံဖြင့် ရယ်သွမ်းလိုက်ပြီး…

'မင်းတကယ် အတဲ့၊ နုံတဲ့ စိတ်ကုဆရာပဲ…'

'အမ်…ဘာဖြစ်လို့တုံး…'

'မင်း…စောစောကပြောသွားတဲ့ စိတ်ကုထုံးတွေအားလုံး ကောင်းပါတယ်၊ ငါအသိအမှတ်ပြုပါတယ်။ဒါပေမဲ့ ငါကစိတ်ပညာ ဘွဲ့လွန်ကျောင်းသားလေ၊ မင်းထက်နားလည်တယ်။ မင်းနည်းလမ်းတွေက ငါ့အတွက်မထိရောက်ပါဘူး၊ ငါကသူခိုးပါ တကယ်တော့ မင်းဆီဖုန်းဆက်တာ မင်းရဲ့အချိန်

www.burmeseclassic.com

www.burmeseclassic.com



တော်တော်များများကို ငါနိုးလိုက်တာပဲ…’

သူနည်းနည်းတင်းသွားသည်။ ဒေါသလည်းထွက်သွားသည်။ ဒါကြောင့် စိတ်ကို ပြန်လည်မွမ်းမံပြင်ဆင်လိုက်ပြီး…

‘ကိစ္စမရှိပါဘူး ကျွန်တော့်ကျေနပ်ပါတယ်၊ ခင်ဗျားရဲ့ ဖုန်းဖိုးတော်တော်များများကိုလည်း MPT (မြန်မာ့ဆက်သွယ်ရေး)က ပြန်ခိုးသွားပြီပဲ…။ တကယ်တမ်းကတုံးပေါ်ကို ထိပ်အကွက်ခံလိုက်ရတာက ခင်ဗျားပါ…ဟုတ်ပြီနော်… ကိုရွှေသူခိုးကြီး…’

တစ်ဖက်က ဝွပ်ခနဲဖုန်းချသွားသဖြင့် စိတ်ဆိုးသွားလောက်သည်ဟု သူယူဆမိပါသည်။ ပထမဦးဆုံးကုထုံးက ဘာမှကိုမကုလိုက်ရ။ ပညာအစမ်းခံလိုက်ရတာနှင့် တိုးသွားသည်။ နောက်တော့ သူ့ထံ မက်ဆေ့ချ်တစ်စောင်ဝင်လာသည်။

သူ ဖတ်ကြည့်လိုက်တော့…။

❁ ❁ ❁



ဟိန်းဇေယျ…

စောစောက ဖုန်းဆက်သွားတာ ဆရာပါ… ဒီနေ့ကျောင်းထဲမှာ ထူးထူးခြားခြား pumphlet ကလေးရလို့ ဆရာ မင်းကို စိတ်ဝင်စားသွားပြီး မင်းရဲ့စိတ်ကုထုံးကို မြည်းစမ်းကြည့်လိုက်တာပါ…

တော်တယ်သား…ကုထုံးတွေလည်း ကောင်းပါတယ်။ ဖုန်းချခါနီးပြော သွားတဲ့စကားကိုတော့ အကြိုက်ဆုံးပဲ :)

မင်းဟာ ဆရာမျှော်လင့်ထားတဲ့ လက်တွေ့အသုံးချစိတ်ပညာရှင်တစ်ယောက် ဖြစ်လာမှာပါ။ ကြိုးစားပါ…

လိုအပ်ရင် ဆရာ့ရဲ့ စိတ်နယ်လွန်သုတေသနလုပ်ငန်းမှာ volenteer (စေတနာ့ဝန်ထမ်း)လုပ်ပေးပါလား…။ လင်းစစ်ကိုပါ ဆရာမျှော်လင့်ထားတယ်‧ ‥သူကတော့ အိပ်မွေ့ချတဲ့ဘက်မှာ ပိုထူးချွန်ပါတယ်…။ ဂွတ်နိုက်…သား… အောင်မြင်ပါစေ…။

ထင်ကရ

မက်ဆေ့ချ်ကိုဖတ်ပြီး သူ မျက်လုံးလေး ပေကလက်ပေကလက် ဖြစ်သွားရပါသည်။

ဟူး…။ ငါ့ဇာတ်ငါ နိုင်ပါ့မလား…။

ပါမောက္ခကိုယ်တိုင် ငါ့ကိုဆိုက်ကိုတက်(စ်) လုပ်နေပြီ…။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

အဲဒီနောက်ပိုင်းမှာတော့ သူ့ဆီအီးမေးလ်တွေ ရောက်လာခဲ့ပါသည်။ နည်းနည်းထူးခြားပြီး ပြုံးချင်စရာကောင်းတဲ့အီးမေးလ်တွေကို ဖောက်သည်ချပြရမယ်ဆိုရင်တော့..

သို့ Heinzzz @gmail.com
အကြောင်းအရာ- စိတ်ကြီးတယ် ။
ဟိန်းဇေယျ..

အသံကြားရင် မှတ်မိသွားမှာစိုးလို့ အီးမေးလ်နဲ့ပဲအကြံတောင်းလိုက်ပါတယ်။ :P (အဟီး!)

ငါကစပြီး ကောင်လေးတစ်ယောက်ကို ချစ်ခဲ့မိတယ်။ နောက်တော့ ရည်းစားဖြစ်သွားကြတယ်။ ရည်းစားဦးဘဝမှာ သူက ငါ့ကို သိပ်နိုင်တာပဲ၊ ငါဘယ်တော့မှ မမေ့နိုင်တဲ့ကိစ္စလေးတစ်ခုရှိတယ်။ တစ်ခါက ဘာမဟုတ်တဲ့ကိစ္စလေးတစ်ခုနဲ့ သူငါ့ကိုလည်ပင်းညှစ်တယ်။ (တကယ်တော့ သူငါ့ကို မသတ်ရဲ



ပါဘူး။ သက်သက်ကြောက်အောင်ခြောက်တာ)

ငါက ကြောက်တဲ့အပြင် စိတ်ပါကုန်သွားပြီး ဖြတ်လိုက်တယ်။ ဒါပေမဲ့သူကမပြတ်ဘူး၊ အဲဒီအချိန်မှာ ငါ့ကိုတကယ်ချစ်သွားတယ်ထင်ပါတယ်။ ငါလည်း အီလည်လည်နဲ့ ရည်းစားမကျ ဘာမကျကြီးဖြစ်နေရတယ်။

အဲဒီမှာတင် ငါစိတ်ဒဏ်ရာတစ်ခုရခဲ့တယ်။ ငါ့ရဲ့မသိစိတ်ထဲမှာ သူ့ကိုအမြဲတမ်းနာကျင်နေစေချင်တော့တာပဲ၊ ငါ့လက်က အမြဲတမ်းယားနေတတ်တယ်။ ပွင့်ပွင့်လင်းလင်းပဲပြောမယ်ဟာ ငါသူ့ကို့အမြဲတမ်း ပါးရိုက်ချင်နေတာ။ အခါအခွင့်သင့်တိုင်းလည်း ခဏခဏဆော်ခဲ့တာချည်းပဲ(မရယ်နဲ့နော်)

ဘယ်လောက်ရိုက်ရိုက် ငါ့စိတ်ကကျေကို မကျေနပ်နိုင်ဘူး ငါရူးနေပြီလားဟင်? စိတ်ရောဂါဖြစ်တဲ့အဆင့်ထိရောက်ပြီလား? ဒီကိစ္စကို ဘယ်လိုဆိုက်ကိုသုံးပြီး ဖြေရှင်းသင့်လဲ?အကြံပေးပါဦး...

ပါးချချင်သူမသဲဖြူ...

● ● ●

သို့ Heinzzz @gmail.com
အကြောင်းအရာ- ငါ... တဏှာရူးဖြစ်နေပြီလား?
ဟိတ်ကောင်ရေ...

ငါ့အဖြစ်ကပြောရမှာ နည်းနည်းတော့ ရှက်ဖို့ကောင်းပါတယ်ကွာ...။ ဖုန်းဆက်ရင် အသံမှတ်မိနေမှာစိုးလို့ ခိုးတိုးခိုးစ်နဲ့ပဲစာရေးလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ အဖြစ်ကဒီလို…။

ယောက်ျားတွေဟာ မိန်းမတွေကို စွဲလန်းကြပါတယ်… စိတ်ကူးယဉ်မှု၊ နူးညံ့သိမ်မွေ့မှုတွေနဲ့ကော လိင်ဆွဲဆောင်မှုနဲ့ပါ လက်တွေ့ကျကျ သဘောကျတတ်ကြတာပါ…။

ဒီအထိ မင်းသဘောတူတယ် မဟုတ်လား…

ငါလည်းဒီအတိုင်းပဲ။ ခက်တာက ငါဂနာမငြိမ်ဖြစ်တာတာ နည်းနည်းများပိုဆိုးနေမလား… လို့။ ငါ့ရှေ့မှာ မိန်းမလှလှဖြတ် လျှောက်သွားရင်ကွာ …ငါ့စိတ်တွေ ဂနာမငြိမ်ဘူး၊ နှပ်ချေးကလော်မိတာတို့၊ မုတ်ဆိတ်မွေးဆွဲနှုတ်မိတာတို့၊ ပေါင်ကြားလက်လျှိုမိတာတို့၊ ထိန်းထားရင်းနဲ့ ကိုပါးစပ်က သွားရည်ထွက်ကျလာတာတို့ဖြစ်တယ်။

ငါလည်း သိက္ခာကျလို့ ထိန်းတာပဲ၊ ထိန်းလေပိုဆိုးလေပဲ၊ တချို့ကလည်း ငါအဲလိုဖြစ်နေတာကို ရိပ်မိကြတယ်၊ ရယ်ကြတယ်။

ပြောပါဦး…ငါ့အဖြစ်က တဏှာရူးစစ်စစ်ဖြစ်ပြီလား? စိတ်ရောဂါအဆင့်ထိရောက်သွားပြီလား? ကုလို့ရနိုင်ပါ့ဦးမလား?

ဟိတ်ကောင်…သောက်ဆေး စားဆေးတွေတော့ ငါ မသောက်ချင်ဘူးကွာ..နော်…နော်။ မင်းကစိတ်ကိုစိတ်နဲ့ ကုပေးနေ တယ်ဆိုလို့ ငါအားကိုးတကြီး ဆက်သွယ်လိုက်တာ။ သယ်ရင်း… စာပြန်ဦးနော်…အဟီး။(:p)

Volt 11000

⊕ ⊕ ⊕



သို့ Heinzzz @gmail.com

အကြောင်းအရာ- ငှက်ပျောသီးရွံတတ်သူ တစ်ယောက်ဟာ လင်ယူလို့ရော ရပါရဲ့လား?

ကိုဟိန်းဇေယျ…

ကျွန်မကျတော့ တစ်မျိုးရှင့်…

ကျွန်မက ဝင်းမှည့်နေတဲ့သစ်သီးတွေမြင်ရင် အင်မတန်ရွံတတ်တာ…စိတ်ကရွံ့ရုံတင်မကဘူး၊ လူတစ်ကိုယ်လုံးပါ အလက်ဂျစ် (အဖုအပိန့်)တွေထွက်လာရော…။

ဝင်းမှည့်နေတဲ့ သြဇာသီး၊သရက်သီး၊ ပိန္နဲသီး၊ ငှက်ပျောသီးတွေမြင်ရင် ကျွန်မစိတ်တွေလေးလံတင်းကျပ်နေတတ်တယ်။

ဟိုတစ်နေ့ကကျွန်မရှေ့မှာ ဖေဖေကငှက်ပျောသီးစားတယ်၊ ငှက်ပျောခွံကို ဘတ်ခနဲ ကျွန်မနားမှာပစ်ချလိုက်တယ်။ ကျွန်မလေ.. ဘယ်လိုကြီးဖြစ်သွားမှန်းကိုမသိဘူး…ရှိန်ရှိန်ရှိန်ရှိန်နဲ့…ဖျားပါယူတယ်။ အမှည့်လွန်လို့ အရည်ထွက်နေတဲ့ ငှက်ပျောသီးတွေမြင်ရင် ကျွန်မ သိပ်အော်ဂလီဆန်တာပဲ။ ကျွန်မက အရွံအရှာကြီးတယ်၊ ဘာမဆိုရွံနေတော့တာပဲ။

ဟိုလေ…။ဟို…ဟို…ကျွန်မက တစ်ဦးတည်းသော သမီးဆိုတော့ အဟင်း…ဘယ်လိုခေါ်မလဲ. ..မျိုးဆက်ထိန်းသိမ်းဖို့ လင်လေးဘာလေးတော့ ယူရမှာပေါ့နော်.. .ကျွန်မပခုံးပေါ်မှာ အဲဒီတာဝန်က ရှိနေပြန်တယ်လေ။

အဲဒါ….ဒီလောက်ငှက်ပျောသီးကြောက်တတ်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



ထင် ယူလို့ကောရနိုင်ပါ့မလား? ကျွန်မရူးနေပြီလား? စိတ်ရောဂါဖြစ်နေပြီ လား? ကုလို့ရောရနိုင်ပါဦးမလား?

ကုထုံးလေးများရှိရင် ညွှန်ကြားပါဦးရှင်… စိတ်တွေ ဝင်ဝန်းရလွန်းလို့ပါ…

ငှက်ပျောသီးကြောက်တဲ့မိပေါက်

● ● ●

ဝင်လာတဲ့အီးမေးလ်တွေကတော့ အဲဒီလိုအလန်းတွေချည်း ပါပဲ…

စာတစ်စောင်ဖတ်ပြီးတာနဲ့ ဒါ…ဆရာသန်းထူး လတ်ချက်လား? ဒါ…ဆရာတင်နိုင် ပညာစမ်းလိုက်တာလား? ဒါ…ဆရာမ ရင်ငြိမ်းသူခေါ်လိုက်တာလား၊ အဲဒီလို Counter ဖြစ်ပြီးစဉ်းစား ရသေးသည်။

လက်ကမ်းကြော်ငြာဝေပြီးတာနဲ့ ပါမောက္ခကိုယ်တိုင်သူ့ကို psycho test လုပ်ထားတာမဟုတ်လား…။

ကြီးဒေါ်နွားကတော့ ကျောင်းမိလျှက်သား ဖြစ်နေပြီလေ…

● ● ●

## အခန်း ( ၃ )

ယဉ်ပိုမြဒီက လှပါသည်။ Physics မှာကွင်းမချိတ်သော်ငြား top-10 စာရင်းဝင်သူပီပီ အဝတ်အစား ကခေတ်နှင့်အညီ၊ ခန္ဓာကိုယ်ကလဲ ပြေပြေပြစ်ပြစ်…

ဒါပေမဲ့ အခုတော့ သူမငိုနေရပြီ… သူမနားမှာလည်း နေမင်းအောင် ကြောင်စီစီဖြစ်နေရသည်။

‘ဒီ…ဒီ ဓာတ်လုံးလက်စွပ်ကို ဘယ်လိုချွတ်ကြမလဲ…’

ဟုတ်၏…။ မှန်၏…။

ဟိုးတစ်ရက်က နေမင်းအောင်ယူလာသော ဓာတ်လုံးလက်စွပ်ကို စပ်စပ်ဆော့ဆော့ ယူစွပ်ကြည့်လိုက်သည်။

အခြေအနေက သဘာဝလွန်ဖြစ်ရပ်ဆန်းတစ်ခု ဖြစ်ခဲ့သည်။ ဘယ်လိုချွတ်ချွတ် ဘယ်သူချွတ်ချွတ် လုံးဝမှကို ချွတ်လို့မရတော့။ သူမလက်ချောင်းမှာ သိပ်ကြပ်နေလို့လား ဆိုတော့

www.burmeseclassic.com



လည်း မဟုတ်ပြန်…။

ဓာတ်လုံးလက်စွပ်ကလေးက သူမလက်ချောင်းပေါ်မှာ သတ်တောင့်သက်သာနှင့်ရှိနေသည်။

'အဲဒါ…နင့်ကြောင့်။ နင့်ကြောင့် ငါအခုလိုဖြစ်ရတာသိလား။ အဟင့်…အဟင့်…'

ပြောပြီး ဆက်ငိုပြန်သည်။

ထိုစဉ် သူမတို့ထိုင်နေသောကန်တင်းထဲသို့ ကျောင်းသားတစ်စု ရောက်လာကြသည်။ ယောကျ်ားလေးများမို့ မိန်းကလေးသုံးယောက် ထိုင်နေသော သူမတို့ဘက်လှည့်အကြည့် ယဉ်ပို့မဒီက အိုဗာတင်းဖျော်လေပြီ။

'တွေ့လား…တွေ့လား… ငါ့ကိုကြည့်နေကြပြီ၊ မကြာခင် ငါ့ကိုလိုက်ကြတော့မယ်… ငါ့ကိုရည်းစားစကား ပြောကြတော့မယ်။ ငါသိပ်စိတ်ကုန်တာပဲ ကြောက်လည်း ကြောက်တယ်။ အဟင့်…ဝိုင်းပြီး အချစ်ခံနေရတဲ့ဘဝကြီးကနေ ဘယ်တော့မှလွတ်မှာလဲဟယ် …ရှုတ်…အဟင့်'

ဝေမာက ဖျောင်းဖျောင်းဖျဖျနှင့်…

'အေးပါ… အေးပါဟယ်… နင့်ကို သူတို့ မမြင်စေရပါဘူး။ ငါကွယ်ထားလိုက်ပါ့မယ်'

ဆိုပြီး သူမပခုံးပေါ် ယဉ်ပို့မဒီကိုခေါင်းမှီစေရင်း ဖက်ထားလိုက်ရသည်။

ဆုမြတ်မွန်ကတော့ သိပ်ကြည့်မရချင်တော့…။

ဓာတ်လုံးလက်စွပ်က ယဉ်ပို့မဒီလက်ကနေ လုံးဝချွတ်



လို့ မရတော့သည်ကိုတော့ ထူးဆန်းတဲ့သတင်းတစ်ပုဒ်အဖြစ် သူမ လက်ခံပါသည်။

ဒီကိစ္စက Physics မှာလည်း တော်တော်ပြန့်သွားတဲ့သတင်းပဲ…။ နီးနီးဝေးဝေးက ကျောင်းသူကျောင်းသားတွေကလည်း ယဉ်ပို့မဒီကိုလာကြည့်ကြပါတယ်။ တချို့ကလည်း ကြက်မကြီးဖင်က ဝက်ပေါက်စလေးမွေးလို့တဲ့… ဆိုတဲ့သတင်းမျိုးလို ထူးထူးဆန်းဆန်း လာကြည့်ကြတဲ့ သဘောပါ…။

ဒါကို ယဉ်ပို့မဒီက (လှလည်းလှသောကြောင့်) သူမကို မြင်လိုက်တာနဲ့ ကျောင်းသားတွေချစ်ရေးဝိုင်းဆိုကြပြီး နေစရာ နေရာကိုမရှိတော့ဟု ပြောင်းလဲသဘောပေါက်ပစ်လိုက်သည်။

ဖြစ်ပုံက ဒီလိုပါ…။

တစ်ရက်ကပေါ့…။

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

နေမင်းအောင်က ကျောင်းမှာသူများနဲ့တူတာမဟုတ်ဘူး၊ တခြားကျောင်းသားတွေက ဟာစ်ဟော့(ပ်)တို့၊ မော်ဒန်စာပေတို့၊ အဲလို ရေစီးကြောင်းထဲမျောနေတုန်း သူကျတော့ ဂမ္ဘီရလိုင်းထဲ ရောက်နေတဲ့သူ။

သူနဲ့သူ့ဘကြီးနဲ့က အားတာနဲ့ ဖားဖိုကြီးတည်ပြီး အဂ္ဂိရတ် ထိုးကြသတဲ့။ ဒါကြောင့် သူ့စကားတွေကလည်း တခြားကျောင်းသားတွေနဲ့ မတူဘူး။ ဆန်းတော့ နားထောင်လို့ ကောင်းတယ်။

'ငါနဲ့ငါ့ဘကြီးနဲ့က အရင်ကတော့ လုံကျင်းလိုင်းလိုက်ကြ တယ်လေ'

'ဩော်...အလုံက သဘော်ကျင်းလား...ဘာနဲ့



လိုက်လဲ? အမိပတိတွေ (ဘတ်(စ်)ကား)တော့ပြေးတယ် ကြားတယ်။ ဘုရင့် နောင်မှာ နင်တို့အမျိုးတွေရှိကြလို့လားဟင်'

'ခွီး... နင်တို့နဲ့ပြောရတာလေ ဖီလင်ကိုမရှိဘူး တကယ်'

'နို့...နင်ပဲလုံကျင်း လိုင်းလိုက်နေတာဆို...'

'လုံကျင်းဆိုတာ အဂ္ဂိရတ်ပညာရဲ့ အဆင့်မြင့်အပေါ် လိုင်းတွေ...'

'ဩော်'

ဝေမာ ဇက်ကလေးပုသွားရသည်။

'လိုချင်လို့ ထိုးနေကြတဲ့လူပုဂ္ဂိုလ်တွေ၊ ဘုန်းတော်ကြီး တွေဆိုတာ အများကြီးပဲ ရသွားတယ်လို့တော့ မကြားဖူး ဘူး...ငါတို့လည်း အဲဒီလိုနဲ့မီးသွေးဖိုးတွေကုန်ပြီး ခရီးမပေါက် ဘူး'

'ဟုတ်တယ် ... ဟုတ်တယ် ငါလည်း ကြားမိတယ်၊ အဂ္ဂိရတ်သမားဆိုတာ မီးမှုတ်ဖင်ချပြီး မွဲဆေးဖော်ကြ တာတဲ့...နင် တောင်မီးဖိုနားကပ်နေတာများလို့လား မသိဘူး၊ အသားတွေမည်း လာတယ်'

'ကဲ...နေကြစမ်းပါဦးဟာ... ငါပြောတာဆုံး အောင်နား ထောင်ကြပါဦး၊ အခုငါတို့....'

နေမင်းအောင်က စကားကိုခဏဖြတ်လိုက်ပြီး ဟိုဟိုဒီဒီ အကြည့်ဝဲလိုက်သည်။ ဆိုလိုတာကတော့ သူ့စကားဘယ်သူမှ မကြား စေချင်တဲ့သဘော... နောက်တော့ လေသံနှိမ့်နှင့်...

www.burmeseclassic.com



'ဓာတ်အောင်လာခဲ့တယ်…'

ဆိုမြတ်မွန်ကသူ့စကားကြောင့် ဝမ်းသာအားရ ထခုန်လိုက်ပြီး…

'ဒါဆို နင်ဘိုးတော်ဖြစ်ပြီပေါ့နော်…ဝမ်းသာလိုက်တာ။ ငါ့ခွေးဂထန်းက ရှစ်ပဲ…အဲဒါဘယ်တော့လောက် ထိုးရမလဲ'

'ကျွတ်…သေတော့မှာပဲ ငါတို့က စိပ်ပုတီးလိုင်း မဟုတ်ဘူး၊ အဆောင်လက်ဖွဲ့လိုင်းတွေ။လုံကျင်းလိုင်း မအောင်ခြင်ကတည်းက စပ်တူလမ်း၊ အဆောင်လမ်း၊ ဓာတ်လုံးလမ်းဘက် ပြောင်းလိုက်တာ…ဟောဒီမှာကြည့်…။

နေမင်းအောင်က သူ့လက်ဖဝါးပေါ်က ဓာတ်လုံး လက်စွပ်ကလေးကို ထုတ်ပြလိုက်သည်။

'ဟယ်…'

'ဟင်…'

'အို…'

မိန်းကလေးတွေဆိုတော့ ဒီလိုပါပဲ… ဟိုက နည်းနည်းပါးပါး ဂမ္ဘီရအကြောင်းလေးဘာလေး ပြောလိုက်တာနဲ့တင် ဒီလက်စွပ်ဝတ်လိုက်တာနဲ့ နတ်သမီးပဲ ဖြစ်တော့မှာလိုလို၊ နတ်ကတော်ပဲဖြစ်တော့မှာလိုလို အထင်ရောက်သွား ကြသည်။

'ဒါ…ဒါ ဘာလက်စွပ်လေးတုံး…'

'မှော်ဓာတ်လုံး လက်စွပ်ကလေးလေ…'

'တကယ်?…နင်ဘယ်လိုလုပ်လာတာတုံး'

'ပြောတော့ သိမှာမို့လို့လား။ ကဲပါ…ငပိန်းတွေဆို



တော့ နည်းနည်းပါးပါး ရှင်းပြရမှာပေါ့။ ပြဒါးရယ်၊ နာရယ်၊ ကန့်ကျည် ထောက်ရယ်၊ ရွှေရယ်၊ သွပ်ရယ် ကိုထိုးပြီး လုံနဲ့ဖော်မံ၊ ပြီးတော့ အရှင်မီးနှပ်…'

'နင့်ဟာတွေကလည်း အထူးအဆန်းတွေချည်းပဲ…'

'ပြီးတော့မှ ဖိုတိုက်သွင်းပြီး အာပေါ၊ တေဇော၊ ဝါယော မီးကို မီးရှုန်၊ ခါးတိုက်၊ ဖင်တိုက် ထိုးထားတာ…'

'မြတ်စွာဘုရား…ဖင်တိုက်တောင် ထိုးထားရတာ လား'

'ဒါတင်ဘယ်ကမလဲ ချော်တစ်နဲ့လုံတစ်ခိုင် လေဖိုမှာ နှပ်တင်ပြီး ရေနံကြီးအစိမ်း(၇)ခါလောင်းချရသေးတာ…'

'သြော်…နောက်ဘာတွေ လောင်းချရသေးတုံး'

'ရှောက်ရည်၊ သံပုရာရည်၊ နာနတ်ရည်၊ ထောပတ်ရည်၊ ပျားရည်၊ နံ့သာငါးပါးရည်တွေ(၇)ခါလောင်းပြီးမှ သိဒ္ဓိပြီးတဲ့ အဆင့် ရောက်တာ…'

'ဒါဆို ဒီဓာတ်လုံးလက်စွပ်က သိဒ္ဓိပြီးပြီပေါ့နော်…'

'ပြီးပြီ'

'ဘာသိဒ္ဓိလဲဟင်…'

'ဝိယ သိဒ္ဓိ…'

'ဟင်'

ဓာတ်လုံးလက်စွပ်ကလေးက သူမတို့ကြားထူးဆန်း သည့် ပယောဂိလို မင်းမူလာသည်။

'ငါမယုံဘူး… စမ်းကြည့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ပျို့မဒီက ဖြတ်ပြောလိုက်၏။

'ဖြစ်ပါ့မလား…နင်ကအစောကတည်းက လှတယ် နော်။ တော်ကြာဝိုင်းဝိုင်းတွေလည်ပြီး ဘုန်းကြီးအမှူးရှာပတ် နေဦးမယ်…'

'အဲလို စိန်ခေါ်ရင် ငါကအင်မတန်လုပ်ကြည့်ချင်တာ။ ပေး…'

ယဉ်ပျို့မဒီက ဓာတ်လုံးလက်စွပ်ကလေးကို ဖိုးဖိုးဇော် ဇော်နဲ့ ကောက်စွပ်လိုက်သည်။ ဒီအထိမထူးခြားသေး။ ထူးခြား တာက ပိုင်ရှင် နေမင်းအောင်ကိုပြန်ပေးကာနီး ရောက်တော့မှ …

'ဟဲ့…လုပ်…လုပ်ကြပါဦး၊ ချွတ်လို့မရတော့ဘူး…'

ဟုတ်၏။ မှန်၏။ ယဉ်ပျို့မဒီ တစ်ယောက် လက်စွပ်ချွတ်ရင်း ချွေးပြန်လာသည်။

'လာပါဟာ…ငါချွတ်ပေးပါ့မယ်…'

ဒီလိုနဲ့ တစ်ယောက်တစ်လှည့်ဝိုင်းချွတ်ကြသည်။ မအောင်မြင်…။

'နင့်လက်နာလား? သိပ်များကျပ်နေလို့လား…'

'မကျပ်ဘူး၊ ဟောဒီမှာချောင်တောင် နေသေးတယ်'

ဟုတ်ပါ၏။ သူမလက်ချောင်းပေါ်မှာ ခပ်ချောင်ချောင် ကလေးရှိနေတဲ့ ဓာတ်လုံးလက်စွပ်ကလေးဟာ ဘာလို့များချွတ် လို့ မရပါလိမ့်။

ဖြစ်သွားပုံက ထူးတော့ထူးဆန်းသည်။



'တော်သေးတယ် မော်လက်စွပ်မို့လို့။ မော်လက်ထိပ် ခတ်ပြီးများ ချွတ်မရလို့ကတော့ နင်တော့ ဒုက္ခ…'

'အရေးထဲဟယ် … လက်ထိပ်ကတော့ ငါဝတ်ရဖို့ မမြင်ဘူး၊ နင့်ရည်းစား ကျော်ဇေလွင်ပဲ ဝတ်ရမှာ…။ ၃၇မြနဲ့…၊ နင့်ကို …ပိုလေ…'

'ခွီ…'

ဒါကတော့ ထူးဆန်းသည့် လက်စွပ်ချွတ်မရသည့် ဖြစ်ရပ်ဆန်း…

ဒါကိုအခြေခံပြီး Physics မှာ ယဉ်ပျို့မဒီက နာမည် တွေကြီးလာသည်။ အိုဗာတင်းကလည်း အဖျော်ကောင်းသူမို့ ဆိုက်ကိုတစ်ခု ပါဝင်သွားသည်။ သူမကိုတွေ့သမျှ ပုရိသတွေက ဝိုင်းကြိုက်ကုန်ပြီ လို့အထင်ရောက်သွားသည်…။

ယုတ်စွအဆုံး… သစ်ပင်ပေါ်မှာ ကျီးကန်းက 'အား… အား…'အော်ရင်တောင်…

'တွေ့တယ်မဟုတ်လား…ငါ့အချစ်မရလို့ ကျီးကန်း အသဲ တွေကွဲနေတာ အား··အားနဲ့' ဆိုတဲ့အဆင့်အထိဖြစ် လာသည်။

ဆုမြတ်မွန်က သိပ်ကြည့်မရချင်တော့…။ လက်ဆွဲပြီး ဟိန်းဇေယျဆီခေါ်သွားချင်နေသည်။ ထို့ကြောင့်…

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

'နင်တကယ်ပဲ နင့်ကိုပိုင်းချစ်နေတဲ့ဒုက္ခက လွတ်ချင်သလား ယဉ်ဖို'

'အို…ဘယ့်နှယ့်ပြောလိုက်ပါလိမ့် ဒီဒုက္ခကို နင်တို့ကိုယ်ချင်းမစာနာတတ်ဘူးနော်၊ ရိုးရိုးသားသားလိုက်တဲ့ကျောင်းသားဆို ကိစ္စမရှိဘူး၊ လက်ရဲဇက်ရဲကျောင်းသားနဲ့တွေ့မှ ဖက်တာတွေ၊ နမ်းတာတွေ၊ ခိုးပြေးခံရတာတွေအလုပ်ခံရမှာ ငါကြောက်တယ် … အဟင့်…ရှုတ်'

'သိပ်လည်းစိတ်ပူမနေပါနဲ့ဟာ…နင့်ကိုဆိုက်ကိုက ဟိန်းဇေယျဆီ ငါခေါ်သွားပေးမယ်'

'အင်…သူက အရူးတွေကုတာမဟုတ်ဘူးလား၊ သူကိုယ်တိုင်ကလည်း ဆိုက်ကိုကဆိုတော့ နည်းနည်းကြောင်တယ်လေ'

'ဘယ့်နှယ့်…ငါတို့ကျောင်းမှာ သူ့ရဲ့စိတ်ကုထုံးတွေက



အရမ်းကိုအောင်မြင်နေပြီ ငါတို့ကျောင်းမှာလေ… ဟို…စာသင်ခန်း အဟောင်းတွေ သိတယ်မဟုတ်လား၊ 703 လေ…အေး…အဲဒီမှာ လက်ချာလွတ်ရင် သူကထိုင်တယ်။ အတိုင်ပင်ခံတယ်'

'ဟဲ့…ဆရာ၊ ဆရာမတွေက ခွင့်ပြုလို့လား…'

'အဲဒါသူတို့ ဆိုက်ကိုအခန်းတွေပဲ၊ နောက်ပြီးတော့ သူက စိတ်ပညာကို လက်တွေ့အသုံးချနေတာ။ စောင့်ကြည့်တဲ့ ပုံစံနဲ့ခွင့်ပြုထားတာပေါ့၊ သူ့ကုထုံးတွေက အရမ်းကောင်းတယ်ပြောတယ်။ ရည်းစားရှာနည်း၊ ရည်းစားကွာနည်း၊ အလွယ်ကူဆုံးစာကျက်နည်း၊ အသည်းကွဲဝေဒနာကုသနည်း၊ မျက်နှာဝက်ခြံပျောက်နည်းစိတ်ကုထုံး၊ လေရှူကုထုံး၊ ရန့်ရှူကုထုံး…အစုံဆိုပဲ…။ နင်သူနဲ့တိုင်ပင်ကြည့်ပါ လား…။ နင့်ကိစ္စက အရမ်းကိုထူးဆန်းနေတော့ သူစိတ်ဝင်တစား အတိုင်ပင်ခံမှာပါ…'

'သူ… သူပါ ငါ့ကြိုက်နေရင် ငါဘယ်လိုလုပ်ရမလဲ ဟင်…'

'ဩော်…ဒုက္ခ'

လို့စိတ်ထဲမှ တိုးတိတ်စွာရေရွတ်ရင်း ဖျောင်းဖျောင်းဖျဖျနှင့် ဟိန်းဇေယျထံ ခေါ်လာခဲ့ရတော့သည်…။

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

မိန်းကလေးကိုမြင်ကတည်းက သူရင်မခုန်မိပါ… အချစ်စိတ်လည်း မဖြစ်မိ။ လှပတဲ့ဆန့်ကျင်ဘက်လိင်တစ်ယောက်ကိုမြင် လိုက်ရတဲ့အတွက်ကြောင့် အနည်းငယ်ဝပ်ဆင်းသွားရသလိုတော့ ခံစားရသည်။ သို့သော် ခပ်ပါးပါးပါ။

မိန်းကလေးက အဟင့်…ရှုတ်နှင့် သူ့အကြောင်းကိုပြောပါသည်။ ဖြစ်ရပ်က နည်းနည်းဆန်းကြယ်သည်။ ယုတ္တိလွန်ကီစွတစ်ခုလည်းပါလာသည်။ ဒါကတော့ လက်စွပ်ကိစ္စ။ မဖြစ်နိုင်ဟု တပ်အပ်စွပ်စွဲ၍တော့မရ။

ကမ္ဘာပေါ်မှာ သိပ္ပံရှုထောင့်နဲ့ ဖြေရှင်းလို့မရသေးတဲ့ ပုစ္ဆာတွေအများကြီး ရှိပါသည်။ မိန်းကလေးရဲ့မသိစိတ်က ထိုပုစ္ဆာကိုမှီခို ရင်းဆိုက်ကိုတစ်ခုရသွားသည်။ မဂလိုမနီးယား (ဘဝင်လေဟပ်) ရောဂါဟု သူအကြမ်းဖျင်းသတ်မှတ်လိုက်သည်။



ဒီထက်မက ခွဲခြမ်းစိပ်ဖြာကြည့်လိုက်မည်ဆိုလျှင်တော့ ရောဂါခေါင်းစဉ်တွေ တမျိုးပြီးတမျိုးတပ်နိုင်ပါလိမ့်မည်။

ကဲ…ဒါကတစ်ပိုင်း…။

အခုလုပ်ပေးရမှာက သူ့လက်ကလက်စွပ်ကို ချွတ်ပေးဖို့။ ပြီးမှ သူ့ရဲ့စိတ်အစွဲကိုချွတ်မည်။

သူဒီလက်စွပ်ကို အောင်အောင်မြင်မြင်ချွတ်နိုင်မှာတဲ့လား။ အခြေအနေမဟန်ရင် လင်းစစ်ကို ခေါ်ချင်ခေါ်ရမည်။ လင်းစစ်က စိတ်စွမ်းအင်သမား…။

‘ကဲ…လက်စွပ်ချွတ်ပေးမယ်…’

မိန်းကလေးက ရင်ခုန်နေသည်။ သူလည်းရင်ခုန်ပါသည်။

စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားပြီး မျက်ခုံးနှစ်ခု၏ အလယ် Third-eye ဆီသို့ပို့လိုက်သည်။ ချွတ်ကိုချွတ်နိုင်ရမည်ဆိုတဲ့ စိတ်စွမ်းအင်တစ်ခုကို သူ့တစ်ကိုယ်လုံးဆီသို့ ယုံယုံကြည်ကြည်လွှမ်းမိုးခွင့် ပေးလိုက်သည်။

သမာဓိကိုအားပြုနေရသဖြင့် သူ့နဖူးပြင်မှာ ချွေးစက်တို့ စို့သီးလာ၏။ စိတ်ကိုပေါ့ပါးသည်ဟု ယုံကြည် လိုက်သည်။ သို့သော် လေးလံတင်းကျပ်နေမှန်း မသိစိတ်က လက်ခံထားသည်။

ယုံယုံကြည်ကြည်နှင့် သူမလက်ချောင်းကလေးကို သူဖြေး ညင်းစွာကိုင်လိုက်သည်။ တစ်ခုခုတော့ထူးခြားပါသည်။ ရင်ထဲသိမ့်ခနဲ…ငါးမိနစ်လောက်ကြာတော့…

www.burmeseclassic.com

www.burmeseclassic.com



'ဟယ်...ရွှေ...ရွှေ...ရွှေလာပြီတော့်'

'ထူး...ထူးဆန်းတယ်၊ ဟိန်းဇေယျက မော့်ပါ အောင်နေပြီနဲ့တူတယ်'

လက်စွပ်ကလေးက သူ့လက်မနှင့်လက်ညှိုးကြား ညင်သာစွာပါလာသည်။ သူမလက်အဆစ်နားရောက်တော့ ခဏထစ်နေပြီး လျှောခနဲ ထွက်ချလာသည်။

'ဟယ်...တော်လိုက်တာ၊ ရှင်ဘယ်လိုချွတ်လိုက်တာလဲ'

'သမာဓိနဲ့ပါ...'

'ရှင်...ပင်ပန်းသွားပြီနဲ့တူတယ်...နည်းနည်း ချွေးပြန်နေတယ်'

'ဟုတ်တယ်'

သူကဆက်ပြောသင့် မပြောသင့်ကို ချင့်ချိန်ပြီးတော့မှ...

'မင်းနဲ့ငါခဏလောက်ဖြစ်ဖြစ် လမ်းအတူထွက် လျှောက်ရအောင်'

ယဉ်ပို့မဒီက မခို့တရို့ပြုံးပါသည်။ ဘယ်လိုလဲ?နင်ပါ ငါ့စက်ကွင်းအောက်က မလွတ်ဘူးမဟုတ်လားဆိုတဲ့ အဓိပ္ပာယ်...။

'ဘာအဓိပ္ပာယ်လဲ? ဟို...ရှင် ကျွန်မ...ကျွန်မကို...'

'အဲဒီအစွဲကို ခဏဖျောက်ထားလိုက်...ရင်မခုန်ပါဘူး...'



'ဟွန်း...ဒါကတော့ ကျွန်မကဖြစ်ရပ်မှန်ကို ဖွင့်ပြောလိုက်တာကိုး'

ဖွတ်...။ သူက ဘာမှမပြောတော့ဘဲ လေတစ်ချက်ချွန်လိုက်ရင်း...

'လာ...နည်းနည်းပါးပါး လမ်းထွက်လျှောက်ရအောင်' ဟုဆိုလိုက်သည်။

သို့နှင့် သူတို့စာသင်ခန်းထဲက ထွက်လာခဲ့ကြသည်။ တစ်ချို့ကောင်လေးတွေကလည်း ကွက်ကြည့်ကွက်ကြည့်၊ တစ်ချို့ လည်းသူနဲ့ယှဉ်ပြီး လမ်းလျှောက်နေတာကိုကြည့်ပြီး ပြုံးစိစိ...။

'တွေ့လား...ဟိုမှာ...'

'တွေ့ပါတယ်...'

ယဉ်ပို့မဒီက သူမအလုကိုငေးနေသည့် ကျောင်းသားတစ်ယောက်ကို မေးဆတ်ပြသဖြင့် သူလည်းထောက်ခံလိုက်ရသည်။

ရေသန့်ဗူးများတင်ဆောင်လာသည့် ထရက်ကားတစ်စီး ကင်တန်းရှေ့မှာ ရပ်ထားသည်။ ရေသန့်ဗူးပို့တဲ့ အလုပ်သမားငါးယောက်လောက် စားပိုင်းတစ်ခုမှာ ဝိုင်းဖွဲ့ထမင်းစားသောက်နေကြသည်။

'လာ...ငါတို့ ဒီဆိုင်မှာတစ်ခုခုစားရအောင်'

သူက ထိုအလုပ်သမားစားဝိုင်း၏ ရှေ့တည့်တည့်ခုံးမှာ ထိုင်လိုက်သည်။ နောက်တော့ မှာစရာရှိတာမှာပြီး 'ခဏ'

www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုတာ စားပွဲဝိုင်းမှလစ်ထွက်ခဲ့သည်။

ယဉ်ပျိုမဒီကတော့ အဲဒီဝိုင်းမှာတစ်ယောက်တည်း…

သူလည်း ဟိုလိုလိုဒီလိုလိုနှင့် ငါးမိနစ် ဆယ်မိနစ်လောက် အချိန်ဖြုန်းနေလိုက်ပြီးမှ ယဉ်ပျိုမဒီဆီ ပြန်ရောက်သွားသည်။

'မင်းမှာ ညို့မှာတတ်မရှိတော့ပါဘူး၊ ငါ့စမ်းသပ်ချက်အောင်မြင်ပါတယ်'

'ရှင်…ရှင်ဘယ်လို စမ်းသပ်လိုက်တာလဲဟင်'

'စိတ်မရှိနဲ့နော်… အဲဒီ အလုပ်သမားငါးယောက်နဲ့စမ်းသပ်လိုက်တာ။ သူတို့တွေ မင်းအပေါ်လှုပ်လှုပ်ရှားရှား သိပ်မရှိပါဘူး…'

'ဘာ…'

ယဉ်ပျိုမဒီ အတော်လေး ဒေါသထွက်သွားဟန်တူသည်။ တစ်ကိုယ်လုံးဆတ်ဆတ်ခါသွားသည်။

''ရှင် မိုက်ရိုင်းလှချည်လား၊ သူတို့နဲ့ ကျွန်မနဲ့ တူသလား တန်သလား'

'ဒေါသမကြီးနဲ့လေ။ စောစောက မင်းလက်စွပ်ကို ချွတ်ပေးခဲ့ပြီးပြီ။ သမာဓိနဲ့ချွတ်တာမှန်တယ် ဒါပေမဲ့ သစ္စာတိုင်တည်ရတယ်။ ငါ့ရဲ့မဖောက်ပြန်သော သစ္စာပါ… ခုနှစ်ရက်သားသမီးများကိုစိတ်ရင်း ဖြူစင်စွာ ကူညီကယ်တင်နေပါသည်ဆိုတဲ့သစ္စာ။ အဲဒီတန်ခိုး ဘယ်လောက်ကြီးလဲ မင်းလက်တွေ့ပဲမဟုတ်လား။ ဒီလက်စွပ်ဟာ ဘာကြောင့် မင်းဆီမှာ



ချွတ်မရဖြစ်နေတယ်၊ ဘာကြောင့်ငါချွတ်မှကျွတ်လဲ ဆိုတာ ငါသိပ္ပံနည်းကျကျ ရှင်းမပြတတ်ဘူး။ စိတ်စွမ်းအင် တစ်ခုနဲ့ ငါချွတ်လိုက်တာပဲ သစ္စာနဲ့သမာဓိရှိဖို့တော့လိုတယ်… ငါမင်းကို ကူညီနေတာပါ။ မိုက်ရိုင်းနေတာမဟုတ်ဘူး'

ယဉ်ပျိုမဒီ ဘာမှကိုမပြောနိုင် ငြိမ်ကျသွားသည်။

'ဒီစမ်းသပ်မှုဟာ သူတို့မသိပါဘူး၊ မင်းနဲ့ငါ နှစ်ယောက်ပဲသိတယ်။ မင်းဦးနှောက်က လက်ခံလို့မရတဲ့ သူတွေကို မင်းရဲ့ သိစိတ်ကရော မသိစိတ်ကပါ ထည့်ပြီးမစဉ်းစားဘူး။ ဒီအချက်ကတော့ သေချာသွားပြီ၊ Face book မှာမင်းအကောင့်ရှိလား?'

'ရှိတယ်'

'ရင်ခုန်စရာဓာတ်လမ်းလေး ငါတို့စကြည့်လိုက်ရအောင် မင်းမှာပါဝါဘယ်လောက်ကျန်သေးသလဲဆိုတာငါတို့စမ်းသပ်ကြည့်မယ်။ ဖေ့(စ်)ဘုတ်ကိုမင်းဝင်ကြည့်ပါ ဥရောပကအိမ်ရှေ့မင်းသားက အစ၊ ဂျပ်စတင်ဘီဘာအလယ်၊ တို့မြန်မာနိုင်ငံက စိုင်းစိုင်း၊ ရဲလေး၊ အဆုံးပေါ့ကွာ ဒိတ်ဒိတ်ကျဲတွေရှိပါတယ်။ မင်းရဲ့အကောင့်မှာ မင်းဓာတ်ပုံလှလှတွေ များများတင်လိုက်ပါ…ပြီးတော့ သူတို့ဆီမိတ်ဆက်ပါ။ ဘယ်လိုတုံ့ပြန်သလဲ ဆိုတာ စောင့်ကြည့်'

'ကျွန်မ Celebrity တွေ စိတ်မဝင်စားဘူး..'

'စိတ်မဝင်စားလည်း ကစားကြည့်ပေါ့။ မင်းကိုအစားထွက်ရွှေ့နိုင်းတာပါ။ ဆိုပါစို့ကွာ ဥပမာ…စိုင်းစိုင်းက မင်း

www.burmeseclassic.com

www.burmeseclassic.com



ခတ်ရုံ တွေ့သွားပြီး မင်းရဲ့ကိုယ်ရေးရာဇဝင်ထဲကအတိုင်း တွေ့ချင်းကိုလိုက်လာမယ်။ ဒီရောက်တော့ ရဲလေးကသူ့ထက် အရင်စောရောက်နေလို့ စိုင်းစိုင်းနဲ့ပြဿနာဖြစ်ပြီး ထိုးကြတာ ရဲလေးဆေးရုံတက်လိုက်ရတယ်။ အဲဒီရန်ဖြစ်နေတဲ့အချိန်မှာပဲ အောင်လက မင်းကိုနှင်းဆီပန်း တစ်ပွင့်ပေးလိုက်တယ်။ မင်းက စိတ်ဆိုးပြီး နှင်းဆီပန်းကိုလွှင့်ပစ်လိုက်တော့ 'မှားတာရှိရင် တောင်းပန်ပါတယ်' လို့ပြောပြီးအောင်လ လက်လျော့သွားမယ်...'

သူ့စကားမဆုံးသေး။ ယဉ်ပို့ုမဒီရယ်ချင်ချင်ဖြစ်နေလေပြီ။

'အဲဒီအချိန်မှာပဲ ဘန်နီးဖြိုးက မင်းဆီဖုန်းကောက်ဆက်လိုက်တယ်။ မင်းကလည်း ဘယ်သူမှန်းမသိတော့ကိုင်လိုက်တာပေါ့၊ အဲ့တော့ ဟိုကဖုန်းလေးထဲကလွမ်းပြီး အနမ်းတွေပေးတယ် မင်းက မယူပါဘူး၊ ဒါနဲ့ဖုန်းပိတ်ပစ်လိုက်တယ်။ ရှက်ပြီးငိုတာ ပါးပေါ်က မျက်ရည်တစ်စက်ကျသွားတော့ ဝိုင်ဝိုင်းက မဆုံတဲ့ ဖူးစာ မေ့ပစ်လိုက်ပါနော်ဆိုပြီး သူ့ကိုချစ်ဖို့...'

'တော်... တော်ပါတော့ရှင်... ဘယ်လိုမှမဖြစ်နိုင်တာတွေ'

'ဖြစ်နိုင်ပါတယ်... မင်းကိုယ်မင်း ပီယမော်အောင်နေတယ်လို့ ယူဆရင်ဖြစ်ကိုဖြစ်နိုင်တယ်'

ယဉ်ပို့ုမဒီ မသိမသာသက်ပြင်းချလိုက်သည်။

ဆိုက်ကိုသမား ဆိုက်ကိုသုံးသွားတာ ကြောက်စရာကြီးပါလား... ယောက်ျားတိုင်း မင်းကို စိတ်မဝင်စားပါဘူးဆိုတာ ပညာသားပါပါနဲ့ပြောသွားတာ။

ဟုတ်တယ်...ကိုယ့်မှာပါဝါရှိသေးကြောင်း သက်သေပြဖို့ဆိုရင် အလုပ်သမားကအစ နိုင်ငံကျော်တွေအဆုံး ထိတွေ့ဆက်ဆံဖူး သူအားလုံးနဲ့သက်သေပြရမလိုဖြစ်နေပြီ။

ငါ...ငါတော့ အရှက်ကွဲပြီ၊ နည်းနည်းတော့ ဖာဖာထေးထေးပြောတော့မှ။

'အင်း...ကျွန်မစိတ်ထဲမှာလဲ တစ်မျိုးပဲ၊ ပါဝါလျော့သွားသလို ခံစားလိုက်ရတယ်။ အင်းလေ...ခတ်လုံးလက်စွပ်ကလည်း ကျွတ်သွားတာကိုး...'

'အင်း...အဲဒါကြောင့် အဓိကဖြစ်မှာပါ...'

နောက်ဆုံးမှာတော့ စိတ်ကုဆရာက လူမှာရဲ့သဘောထားကို နှစ်သိမ့်သဘောတူလိုက်ခြင်းဖြင့် နိဂုံးချုပ်လိုက်ရတော့သည်။

အဲဒီနောက်ပိုင်းမှာတော့ ယဉ်ပို့ုမဒီ အိုဗာတင်းမဖျော်ရဲတော့...။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၇ )

သူက သိပ်စွမ်းတယ်…တဲ့။ မှော်ခတ်လုံးကို တောင်ချုတ်ပစ်နိုင်စွမ်းရှိတယ်…တဲ့။ ကျွန်မရဲ့ခွဲလန်းမှုကို ရောချုတ်ပေးနိုင်မှာလား။ ကျွန်မသွားကြည့်ချင်တယ်။ 703 ကိုတစ်နေ့မဟုတ် တစ်နေ့ကျွန်မ ရောက်သွားမှာပါ။

ကျွန်မအခု အဆိပ်သင့်နေတယ်။ အချိန်နည်းနည်းကြာလာတော့ ကျိန်စာသင့်နေတယ်လို့ပဲ ယူဆမိတယ်။

ပုံပြင်တွေထဲမှာ မင်းသမီးလေးဟာ မင်းသားလေး အနမ်းနဲ့တွေ့တော့မှ အချိန်အကြာကြီး အဆိပ်သင့်မေ့မျော နေရာကနေ နိုးထလာခဲ့ရသတဲ့။ ပုံပြင်တွေကို ကျွန်မ မယုံကြည်ဘူး။ ဒါပေမဲ့ ကိုယ်တိုင်ကြုံလိုက်ရတော့မှ သဘော ပေါက်မိတယ်။ အနမ်းတစ်ခုရဲ့ကျိန်စာကိုပါ…။

ကျွန်မရဲ့ပုံပြင်မှာတော့ ကျွန်မရဲ့မင်းသားလေးဟာ ကျွန်မရဲ့ ဘဝကိုအနမ်းတစ်ပွင့်ပေးပြီး အဆိပ်ငွေ့တွေမှုတ်သွင်း



သွားခဲ့တာပေါ့။ ဒီအဆိပ်တွေ ဘယ်တော့ပြယ်မလဲ?

ကဲ…ကျွန်မရဲ့ ပုံပြင်ကိုနားထောင်ဖို့ ရှင်တို့စိတ်ဝင်စားကြ ပါရဲ့လား…ကျွန်မပြောပါရစေ။ ကျွန်မသူနဲ့ဆုံခဲ့ရတဲ့နေ့ကို အတိ အကျမှတ်မိပါတယ်။ ၂၀၀၆ခုနှစ်၊ မတ်လ(၁၂)ရက်နေ့ နေ့လည် ဆယ့်နှစ်နာရီဝန်းကျင်ပါ။

အဲဒီနေ့ကရန်ကုန်မှာပထမဆုံး ပီတောက်ပန်းတွေ ပွင့်တဲ့နေ့ (ဒါကိုသင်မယုံဘူးဆိုရင် တိကျတဲ့အတိတ်က မှတ်တမ်းမှတ်ရာတစ် ခုခုနဲ့တိုက်ကြည့်စစ်ဆေးနိုင်ပါတယ်) အဲဒီနေ့က ရန်ကုန်မှာပီတောက်ပန်းတွေ ပထမဆုံးပွင့်တဲ့နေ့။

ညီမလေးအတွက် အင်္ဂလန်က ပညာရေးဝန်ဆောင်မှု ကုမ္ပဏီတွေကို အင်တာနက်ကနေကြည့်ရှုပေးနေတုန်း၊ ပညာရေး ဝန်ဆောင်မှုတစ်ခုက သူတို့ရဲ့အတော်ဆုံး ထူးချွန်ကျောင်းသား တစ်ယောက်ကို ဓာတ်ပုံနဲ့တကွဖော်ပြထားပါတယ်။

Best Industrial Project Award ဆုရှင်…တဲ့။

ကျွန်မသတိထားမိသွားတာက အဲဒီထူးချွန်ကျောင်းသား ရဲ့မျက်နှာကိုပါ။ သူ့အသားအရည်က ယောကျ်ားနဲ့ မလိုက်ဖက်လောက် အောင်ဖြူပါတယ်။ မျက်ခုံးကောင်းကောင်း၊ မျက်လုံးက အညိုဖျော့၊ အင်း…မျက်နှာကတော့ အနည်းငယ် ဝိုင်းစက်ပါတယ်။ သူ့ရဲ့ညာ ဘက်ပါးမှာ မှဲ့တစ်လုံးရှိတယ်…။ ခေါင်းစွပ်အကျီအမည်းကို သူ ဝတ်ထားတယ်။ သူရယ်နေ တဲ့ပုံပဲ…။

သူ့မျက်နှာဟာ ကျွန်မမျက်လုံးထဲမှာ အဲဒီလို[illegible]ပုံရိုက်

www.burmeseclassic.com



သလိုတို့ စွဲထင်ကျန်ရစ်ခဲ့ပါတယ်။ လူတော်တစ်ယောက်ရဲ့ စိတ်ထဲ မှာစွဲထင်ကျန်ရစ်ခဲ့တာလည်း ဖြစ်ကောင်းဖြစ်နိုင်တာပေါ့။ ကျွန်မက တော့ခပ်ညှံ့ညှံ့မိန်းမတစ်ယောက်ပါ။

ကျွန်မသူ့ဓာတ်ပုံကိုကြည့်နေတုန်း ကျွန်မရဲ့မေးလ်ထဲကို လူမှုကွန်ယက်ဝက်ဆိုက်တစ်ခု invite အဖြစ်ရောက်ရှိလာခဲ့တယ်။ (အဲဒီအချိန်တုန်းက ကျွန်မဟာလာသမျှ invite မေးလ်တွေကို Register လုပ်တတ်တဲ့ခပ်ညှံ့ညှံ့ မိန်းမတစ် ယောက်ပါ)

ကျွန်မ Sign-up လုပ်ပြီး Search မှာဘော်ဒါရှာတုန်း ဓာတ်ပုံလေးတစ်ပုံ အမှတ်မထင်တွေ့ခဲ့ရတယ်။

အဲဒီတုန်းက ကျွန်မတို့နှစ်ယောက်ကိုကံကြမ္မာက သဘောကောင်းစွာ အလွယ်တကူပဲတွေ့ခွင့်ပေးခဲ့ပါတယ်။

အဲဒီလူကတော့ စောစောကကျွန်မမှင်တက် အံ့သြစွာ ကြည့်နေတဲ့ ဓာတ်ပုံပိုင်ရှင် Project Award ဆုရှင်ကျောင်းသား ပေါ့။ သူကအဲဒီဝက်(ဘ်)ဆိုဒ်ရဲ့ မန်ဘာဝင်လေ။

ပိုပြီး အံ့သြဖို့ကောင်းတာက သူ့ဓာတ်ပုံရဲ့ အောက်မှာ Online ဆိုတဲ့မီးနီလေး မှိတ်တုတ်မှိတ်တုတ် လင်းနေတယ်။ ဒါဆို သူအခု Online မှာရှိတယ်ပေါ့။ ကျွန်မ သူ့ကို မိတ်ဖွဲ့လိုက်ရမလား။ ရင်တွေခုန်နေမိတာတော့ အမှန်ပါပဲ…။

ဒီလိုနဲ့ ကျွန်မတို့ G-talk မှာဆုံဖြစ်ကြတယ်။ ကျွန်မက Burglish မကျွမ်းပါဘူး၊ အင်္ဂလိပ်လိုပဲ မတောက် တခေါက်ချက်တတ်တယ်။ သူ့ရဲ့ အင်္ဂလိပ်စာအရေးအသား ကတော့ အပျံစားပဲ။ နှစ်တွေဘယ်လောက်ကြာကြာ သူကျွန်မကို



ပထမဦးဆုံးပြောခဲ့တဲ့ စကားကိုတော့ အခုအထိသတိရတုန်းပါပဲ။

'ကဲ…ငါ့ဓာတ်ပုံ မင်းမြင်ပြီးပြီ မင်းဓာတ်ပုံထုတ်ပြ တော့'တဲ့…။

ကျွန်မမှာ ချက်အတွေ့အကြုံမရှိတော့ အဲဒီတုန်းက သူ့ဘက်က ဘာပြောပြောရယ်ချင်နေတော့တာပဲ၊ ဟုတ်ပါတယ် အဲဒီတုန်းက Avator မှာ ကျွန်မဓာတ်ပုံတင်မထားဘူး။ သူနဲ့ကျွန်မစကား ပြောကြတာတွေဟာ အင်မတန် စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ယောကျ်ားနဲ့မိန်းမစကားပြော ကြတာဆိုတော့ ရင်ခုန်စရာလေးတွေ လည်းပါတာပေါ့။

ဒီလိုနဲ့တစ်နာရီစွန်းစွန်းကြာလာတော့ ကျွန်မဗိုက် အတော်ဆာလာတယ်။ Log out လည်းထွက်ချင်လာတယ်။ သူ့ကိုထားခဲ့ရမှာလည်း နှမြောတယ်။

'ရှင်နဲ့စကားပြောရတာ သိပ်ကောင်းပါတယ်။ ကျွန်မနည်း နည်းဗိုက်ဆာလာပြီ။ Log out ထွက်လိုက်တော့ မယ်နော်'

'နေဦးလေ…ကိုယ်တို့တစ်ခုလောက် သဘောတူညီမှု ယူရအောင်'

'အင်း…ပြော'

'ကိုယ်တို့အခုလိုပဲ တစ်ပတ်ကိုတစ်ရက် စကားပြောရ အောင်၊ ကြားရက်တွေမှာ အားရင်အားသလို အီးမေးလ် ရေးကြမယ်လေ။ ကိုယ့်ရဲ့တစ်နေ့တာလုပ်ဆောင်ချက်တွေ တစ်ယောက်နဲ့တစ်ယောက်မျှဝေကြမယ်…ဘယ်လိုလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဒီတမ်းလှမ်းမှုကို လူတော်တစ်ယောက်ဆီကရတာလေ။ ကျွန်မရောက်ခုံးတွန်.သွားတာပေါ့။ ကျွန်မတို.နှစ်ယောက်ဟာ တကယ်ပဲ တစ်နှစ်ကျော်ကာလအတွင်း တစ်ပတ်ကိုတစ်ရက် စကားပြောဖြစ်ကြ သလို ကြားရက်တွေမှာလည်း အီးမေးလ်တွေ ပို.ဖြစ်ခဲ့ကြတယ်။

ဩော်… ကျွန်မပြောဖို. တစ်ခုကျန်သွားတာရှိသေး တယ်။ စောစောတုန်းက သူနဲ.စကားပြောတုန်းက ကျွန်မသူ.ရဲ. တန်ဖိုးတစ်ခု ကိုသိခဲ့ရသေးတယ်။

သူဟာ (……) ပညာသင်နှစ်တုန်းက အ·ထ·က(၅)၊ ဗိုလ်တစ်ထောင်ရဲ. ခြောက်ဘာသာဂုဏ်ထူးရှင်…ပါတဲ့။

ကဲ…ရှင်ရော…ဒီလိုကျောင်းသားမျိုးနဲ. ဆုံဆည်းခွင့် ရခဲ့ရင် ကျွန်မလိုရင်မခုန်ပါဘူးလို. ပြောနိုင်မှာလား…

?????

❁ ❁ ❁

ကျွန်မရဲ.ပို.ပြင်မှာ ကျွန်မနဲ.သူ အပြန်အလှန်ရေးခဲ့ကြတဲ့ မေးလ်တွေဟာလည်း (ပြဇာတ်တစ်ပုဒ်အဖြစ်သာ ဖန်တီးခွင့် ရခဲ့ရင်) တန်ပို (tempo)အနိမ့်အမြင့်လေးတွေ လှခဲ့ပါတယ်။ နည်းနည်း ငြီးငွေ.နေမယ်ဆိုရင်တောင် တဆိတ်လောက်ကျေးဇူး ပြုပြီး ဖတ်ကြည့်ပေးပါလား။

ကြယ်စင်မိုး…

ကိုယ်အိပ်တော့မယ်၊ မအိပ်ခင်သတိရလို. စာရေးလိုက်



တယ်။ သတိရတယ်ဆိုတဲ့နေရာမှာ လွမ်းတယ်လို. သုံးမယ်ဆိုရင် အိုကေမလား? ကိုယ်မင်းကိုလွမ်းနေတယ်။ ဂွဒ်နိုက်နော်…။

မင်းရဲ.သူငယ်ချင်း

ခန်.ပိုင်ထက်

ခန်.ပိုင်ထက်…

သတိပေးစရာတစ်ခုရှိလို.…။ တို.ဆီမှာ ကြက်တုတ် ကွေး တွေဖြစ်နေတယ်။ယူတို.ဆီမှာရောဟင်?ဖြစ်နိုင်ရင် ကြက်သားမစားနဲ.ဦးနော်…ယူက ခြေလေးချောင်းရှောင်ထားတဲ့ သူမို.လို. စိုးရိမ်လို. သတိပေးလိုက်တာ…တို.လည်း ယူ.ကို… ဟို…အင်း…လွမ်းပါတယ် :P (အဟီး!)

မင်းရဲ.သူငယ်ချင်း

ကြယ်စင်မိုး

ကြယ်စင်မိုး…

ကိုယ် ကောင်းကောင်းမအိပ်ရတာ တစ်ပတ်ပြည့်တော့ မယ်။ ကိုယ်ဆယ်တန်းတုန်းက တစ်ပတ်တိတိမအိပ်ဘဲ စာကျက်ဖူးတယ်ဆို မင်းယုံမလား? ကိုယ်အခုစာမေးပွဲတစ်ခု ဝင်ဖြေရဦးမယ်ကွာ။ Grade-5 လိုချင်တယ်။ ကိုယ့်ကို ဆုတောင်းပေးစမ်းပါ၊ ကိုယ်အရင် စာမေးပွဲတုန်းက Grade-4 ပဲရလို. ပြိုင်ဘက်က သရော်သလိုကြည့် တာခံလိုက်ရတယ်။ ဒီတစ်ခါတော့ သူ.ကိုကိုယ် အဲ့လိုအကြည့်နဲ. ပြန်ကြည့်ပစ်ချင် တယ်။ မင်းက ကိုယ့်ရဲ.ဗီတာမင်ပါ…

P.S ကိုယ်လည်း ကြက်တုပ်ကွေးသတင်းကြား တယ်။

www.burmeseclassic.com



စောဝါဘူး။ စိုးရိမ်ပေးတဲ့အတွက် ကျေးဇူးပါ…။

မင်းရဲ့သူငယ်ချင်း

ခန့်ပိုင်ထက်

ခန့်ပိုင်ထက်…

ယူ Grade-5 ရလိမ့်မယ်။ ကျွန်မဆုတောင်းရင် လွဲခဲ့တယ်။ ပို့စ်စကတ်ကလေးပို့လိုက်တယ်နော်…Exam good luck ကတ်ကလေးပါ…

မင်းရဲ့သူငယ်ချင်း

ကြယ်စင်မိုး

ကြယ်စင်…

အဲလိုခေါ်ရင်ခွင့်ပြုမှာလား၊ :P (အဟီး! )ကိုယ် Grade-5 ရခဲ့ပါတယ်။ မင်းကိုသိပ်ကျေးဇူးတင်တယ်။ ကိုယ်နည်းနည်းဖျား နေတယ်ကွာ။ နားဦးမယ်နော်…

မင်းရဲ့

ခန့်ပိုင်ထက်

ခန့်ပိုင်ထက်

ကျွန်မရှင့်အတွက် ကြက်ဆွပ်ပြုတ်ကောင်းကောင်းပြုတ်ပေး လိုက်ပါတယ်။

မင်းရဲ့

ကြယ်စင်…

မိုး…

အဲလိုခေါ်ရတာ ပိုကောင်းသလိုပဲ…။ မင်းရဲ့ကြက်ဆွပ်



ပြုတ်က အရမ်းကောင်းတယ်။ ကိုယ်အခု နလန်ထလာပါပြီ၊ မိုးကို လွမ်းတယ်ကွာ၊ ပြန်ရောက်ရင်မိုးနဲ့တွေ့ချင်တယ်။ တစ်နှစ်ခွဲလောက် ကိုယ့်ကိုစောင့်ပေးမလား။ လှပတဲ့ အနာဂတ်တွေ သယ်လာပါ့မယ်။ ဘယ်လိုလဲ…?

P.S ဒီနေ့စက်တင်ဘာ–၁၂ရက်၊ ကိုယ်တို့သိကျွမ်းခင်မင်လာတာ ခြောက်လပြည့်ပြီ…

မင်းရဲ့

ကိုယ်…

ကို…

:P (အဟီး! ) အဲလိုခေါ်မယ်နော်။ တစ်နှစ်ခွဲတောင်ကြာမှာလား? ဖြစ်နိုင်ရင်အခုတောင်တွေ့ချင်တာ :P (အဟီး! ) မိုးလည်းလေ ကို့ကိုလွမ်းတယ်…ဒါပဲ…ဒါပဲ :P

ကို့ရဲ့

မိုး…

❀ ❀ ❀

မိုးရဲ့ကို….. ကိုရဲ့မိုး……. မိုးရဲ့ကို….. ကိုရဲ့မိုး ……. မိုးရဲ့ကို…..ကိုရဲ့မိုး…….မိုးရဲ့ကို….. ကိုရဲ့မိုး……. မိုးရဲ့ကို…..ကိုရဲ့မိုး……. မိုးရဲ့ကို…..

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

ပုံပြင်ရဲ့အစဟာ ရင်ခုန်ဖို့ကောင်းခဲ့တယ်ဆိုတာ ရှင်တို့လည်း သဘောတူမှာပါ။ ပုံပြင်ရဲ့အလယ်ကတော့ နည်းနည်းငြီးငွေ့ ဖို့ကောင်းတယ်။

အဲဒီအချိန် ကျွန်မတို့နှစ်ယောက်ကြားမှာ ဆပ်ပြာပူဖောင်းလို တကယ့်ကို ပါးလွှာတဲ့နံရံလေးတစ်ချပ်ပဲ ရှိတော့တယ်။

ဒါပေမဲ့…

ကျွန်မရဲ့ စိတ်တွေအားလုံးကို ဖတ်သွားနိုင်တဲ့ ကိုကတော့ ပုံပြင်ကို ညီတူညီမျှဖန်တီးခွင့် မပေးတော့ဘဲ၊ သူတစ်ယောက်တည်း ချုပ်ပစ်လိုက်တယ်။

ဒီပုံပြင်မှာ တဖြည်းဖြည်းနဲ့သူက လုံးဝအကွာရာဖြစ်သွားတယ်။ ကင်းဘာတ်(စ်)ပေါ်မှာ သူနှစ်သက်ရာအရောင်တစ်မျိုးနဲ့ ဆေးစက်ချပေးလိုက်တယ်ဆိုရင်ပဲ ကျွန်မဟာသူ့အလိုကျ



အရုပ်အမျိုး မျိုးဖြစ်နေရပြီ။

ဆိုပါစို့…သူက(ဘယ်အစဉ်အလာက သတ်မှတ်ထားမှန်း မသိတဲ့) စည်းတစ်ခုကို ဖောက်ပြီး၊ကို မိုးကိုလွမ်းတယ်လို့ ပြောမှ၊ ကျွန်မကလည်း ‘လွမ်းတယ်’ဆိုတဲ့စကားကို တရားဝင်သုံးဖို့၊ ကို မိုးကို နမ်းလိုက်ပြီ Kiss နော်လို့ပြောမှ ကျွန်မဘက်ကလည်းKiss မိုးလည်း ကို့ကိုနမ်းလိုက်ပြီလို့ တရားဝင်သုံးနှုန်းခွင့် ရှိလာတဲ့ဘဝ။

ကဲ…သင်သာ မိန်းကလေးဖြစ်ခဲ့ရင် ဒီလိုအနေအထားမျိုး ကိုကျေနပ်နိုင်ပါရဲ့လား?

ကျွန်မပြောခဲ့ပြီးပြီ…ကျွန်မတို့နှစ်ယောက်ကြားမှာ ဆပ်ပြာပူဖောင်းနံရံတစ်ချပ်ပဲ ရှိပါတယ်လို့။ ဒါပေမဲ့ သူက သိပ်သွေးကြီးသူပီပီ သူ့ရင်ဘတ်ကို ကာကွယ်တဲ့တံတိုင်းတစ်ချပ်ခတ်ပစ်လိုက်တယ်။ ကျွန်မ အလွယ်တကူ ဝင်မလာနိုင်အောင် ကာကွယ်ပစ်လိုက်တဲ့သဘောပေါ့ (ဩော်…ပညာတတ်တွေများနော်!)

ဒါပေမဲ့ အဲဒီတံတိုင်းရှေ့မှာ ရပ်စောင့်နေချင်အောင်လည်း ကျွန်မကို မက်လုံးချိုချိုတွေပေးခဲ့တယ်။

ကဲ…ပြောပါ… ရှင်ဒီနေ့ ဘယ်အရောင်ဆေးစက်ချမှာလဲ ကို…?

❁ ❁ ❁

၂၀၀၇၊မေ…။

ကျွန်မရဲ့ပုံပြင်ထဲကို အဆုံးသတ်ခါနီးမှာ ရောက်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com



သူကတော့ အနက်ရောင်ဝတ်ရုံနဲ့ နားလည်မှုလွဲမှားခြင်းဆိုတဲ့ ရုန်းတစ်ကောင်ပါ…။

ကျွန်မတို့နှစ်ယောက် အကြီးအကျယ်ကိုနားလည်မှုတွေ လွဲမှားခဲ့ကြတယ်။ ကျွန်မက အချစ်ကိုစောင့်မျှော်နေရတဲ့သူ၊ သူကတော့ အချစ်ကိုပေးသင့် မပေးသင့်စဉ်းစားရင် တွန့်တို နေတဲ့သူ…(သြော် …ကံကြမ္မာရယ်)

နောက်တော့ ကျွန်မတို့နှစ်ယောက်တကယ်ပဲ ဝေးကွာခဲ့ကြတယ်။ ကျွန်မက သူ့ဆီစာရေးပြီး အမျိုးမျိုးချော့ ပါသေးတယ်။ ဒါပေမဲ့…ဒါပေမဲ့ပေါ့လေ….

တစ်ပတ်တစ်ရက် မပျက်မကွက်တွေ့ကြတဲ့ အစဉ် အလာရယ်…တစ်ယောက်အကြောင်း တစ်ယောက်အီးမေးလ် တွေရေးပို့ တဲ့အစဉ်အလာကတော့ သူ့ဖက်က တိခနဲ ပြတ်သွား ခဲ့တယ်။

အဲဒီအချိန်မှာ သူအရင်ကပြောခဲ့တဲ့ စကားတစ်ခွန်းကို ကျွန်မ ပြန်ကြားယောင်လိုက်မိပါတယ်။

'ကိုယ်နိုင်ငံခြားထွက်လာတော့ စိတ်စနောင့်စနင်း မဖြစ်ချင်လို့ ထားတဲ့ရည်းစားကို ဖြတ်လိုက်တယ်။ ကိုယ်လည်း ဖြတ်စာကို ဘယ်လိုရေးလို့ရေးရမှန်းမသိဘူး :P (အဟီး!) ဒါနဲ့ သူငယ်ချင်းတစ်ယောက်ကို ရေးခိုင်းပြီး ဖြတ်လိုက်တာ…''

❀ ❀ ❀

၂၀၀၇၊ မေ…။

ပုံပြင်ရဲ့အဆုံးသတ်ဟာ ပရိတ်သတ်ရဲ့မျက်ရည်တွေကို



ခွေယူသွားတဲ့ ရိုတ်စပီးယားပြဇာတ်ဆန်ဆန်ပါပဲ…။ ဒါပေမဲ့ ကျွန်မ ရဲ့ပုံပြင်အဆုံးသတ်ကတော့ ဂျူလီးယက်က သေသွား တယ်။ ရိုမီယိုကတော့ မာနနဲ့ခေါင်းခိုက်နေဆဲ။

အပြင်မှာ မိုးတွေရွာနေတယ်…။ကျွန်မ ကို့ကိုစကား ပြော ဖို့စောင့်နေတယ်။ ကွန်နက်ရှင်က ကောင်းလိုက် ဖောက် လိုက်…ကို ကတော့ တင်းမာခက်ထန်စွာ offline ဆဲ။

ကျွန်မ ကို့ကို MPTကနေ ဖုန်းခေါ်လိုက်တယ်။ အဲဒီတုန်းကဖုန်းခေါ်ခက တစ်မိနစ်ကိုငါးထောင်ပါ…။ ကျွန်မက သိပ်ပိုက်ဆံချမ်းသာတဲ့သူမဟုတ်ဘူး။ ကျွန်မ တစ်မိနစ်ပဲ ဖုန်း ခေါ်နိုင်ခဲ့ပါတယ်။ (တစ်မိနစ်လောက်တော့ စကားပြောနိုင် ကောင်းပါရဲ့ …) နောက်တော့အရူးတစ်ယောက်လို ခွင့်လွှတ်ဖို့ အကြိမ်ကြိမ် တောင်းပန်ခဲ့တယ်။

'ကို… မိုးကိုခွင့်လွှတ်ပါ။ နောက်ဆို ကို့ကို စိတ် အနှောက်အယှက်မပေးတော့ပါဘူး။ မိုးကို စိတ်ဆိုးတုန်း ပဲလား…။ ကို မိုးဆီကို ပြန်လာခဲ့ပါကွာ…ပလိ(စ်)…'

'မဟုတ်ဘူး…မဟုတ်ဘူး…။ ဘာမှမဖြစ်ဘူး…ဘာမှ မဖြစ်ပါဘူးဆိုကွာ…ကျွတ်'

ကျွန်မဖုန်းကြောင့် သူစိတ်ကသိကအောင့်ဖြစ်သွားတဲ့ အနေအထားတွေ၊ ခပ်စိမ်းစိမ်းလေသံတွေ၊ အတင်းအကြပ် ငြင်းဆန်နေတဲ့ စကားသံတွေ…ဒီနေ့အထိပြန်တွေးရင်း ကြားယောင်နေဆဲပါပဲ…။ အိမ်မက်ဆိုးလို ခြောက်လှန့် နေတုန်းပါပဲ…။ ရှက်ရွံ့ နာကျင်နေတုန်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



'အခုလာခဲ့ပါ... Gtalk မှာ မိုးရှိနေတယ်...'

'မလာဘူး...ဘာမှမဖြစ်ပါဘူး...ဘာမှ...'

ဖုန်းကတစ်မိနစ်ပြည့်သွားလို့ ပြတ်တောက်သွားခဲ့ပါတယ်။

ဗားကရာလမ်းပေါ်ကိုလိမ့်ဆင်းသွားတဲ့ ကျွန်မရဲ့ပါး ထက် ကမျက်ရည်ကျရာနေရာကို သင်စိတ်ဝင်စားတယ်ဆိုရင် ကျွန်မဒီနေ့ ထက်ထိလိုက်ပြနိုင်တယ်။

❁ ❁ ❁

ကျွန်မရှင့်ရဲ့အထွာကိုသိတယ်။ ကျွန်မရှင့်ရဲ့ဗာနကို သိတယ်။ ကျွန်မရှင့်ရဲ့ အောင်မြင်မှုတွေကိုသိတယ်။ ကျွန်မရှင့်ရဲ့ ကျဆုံးခြင်း တွေကိုလည်း သိပါတယ်။

ကျွန်မရှင့်ရဲ့ပြိုင်ဘက်တွေ၊ စိတ်ဓာတ်တွေ၊ အတိတ်ပေါင်းတွေ၊ အနိုင်ယူမှုတွေ၊ မိတ်တွေ၊ ရန်ဘက်တွေ၊ ဒေါသတွေ၊ ရင့်ကျော ကျော်နိုင်မှုတွေ၊ ဖြေဖြန်သိမ်မွေ့မှုတွေ၊ အေးတိအေးစက်နိုင်မှုတွေ၊ ပညာတတ်ခံနက်တဲ့ အတွေးအခေါ်တွေ အားလုံး.... အားလုံးကိုသိပါတယ်။

ဒါပေမဲ့...ကျွန်မ...ရှင့်ရင်ခွင်ရဲ့ နွေးထွေးမှုကိုတော့ မသိခဲ့ပါဘူး...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

နှစ်တွေတောင်ကြာခဲ့ပြီပဲ… ပိတောက်တွေလည်း တစ်နှစ်ပြီးတစ်နှစ် မပြတ်မကွက်ပွင့်ခဲ့ပါတယ်။

ကိုမရှိတဲ့ Happy Anniversary (ပျော်ရွှင်ဖွယ်ရာ နှစ်ပတ်လည်နေ့)တွေလည်း မတ်လ-၁၂ရက်ကို ရောက်တိုင်း သတိတရ ပြုလုပ်ဆဲပါ…။

အရင်လောက်ရှူးရှူးသွပ်သွပ်မဟုတ်တော့တာ ဝန်ခံပေမယ့် တခါတရံတော့လည်း Gtalk မှာရောက်လာဦးမလားလို့ စောင့်နေဆဲ…

သုံးနှစ်နဲ့တစ်လအကြာ…

ရက်ရက်စက်စက်ပစ်ထားခဲ့တာ သုံးနှစ်နဲ့တစ်လအကြာမှာတော့…။ အဲ့ဒီနေ့က ၂၀၁၀၊ ဧန်-၂၉ရက်နေ့ပါ…

အဲဒီနေ့မှာ ကျွန်မရဲ့သေဆုံးခဲ့တဲ့ ပုံပြင်လေးဟာလူးလူးလွန့်လွန့်နဲ့အသက်ငွေ့ငွေ့လေး စရှူလာပါတော့တယ်…

ကျွန်မ ကို့ဆီက စာတစ်စောင်ရခဲ့တယ်…။

ဧန်လ-၂ရက်နေ့က ရေးလိုက်တဲ့ စာပါ…။

မိုး…

ကိုပြန်ရောက်နေတယ်…

မိုးကို တွေ့လို့ရမလားဟင်…၊

ကို

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

'ကျွန်တော်ကြားဖူးသမျှ အဖြစ်အပျက်တွေထဲမှာတော့ ဒီပုံပြင်ဟာ နားထောင်လို့အကောင်းဆုံးနဲ့ လွမ်းမောဖွယ်ရာ အကောင်းဆုံး ပုံပြင်တစ်ပုဒ်ပါပဲ…။ အသက်ရှူဖို့တောင် မေ့နေမိတယ်'

ဟိန်းဇေယျက ထိုသို့ပြောတော့ သူမသက်ပြင်းခပ်ဖွဖွချ လိုက်ပါသည်။

'ထားပါတော့… ကျွန်မသူနဲ့တွေ့ခဲ့ပါတယ်။ စက်တင် ဘာလ-၉ရက်နေ့မှာပါ…'ခြေလှမ်းများ…၉'ဆိုတဲ့ ကော်ဖီဆိုင် မှာ ပါ…'

'မင်းတို့စကားတွေအများကြီး ပြောခဲ့ကြမှာပေါ့…နည်း နည်းတော့ အငေါ်တူးလိုက်တယ်မဟုတ်လား။ မင်းခံထားရတဲ့ အချိန်တွေက များပြီလေ။ ဒီအချိန်ဟာ မင်းအတွက်ဈေးကိုင်လို့ အကောင်းဆုံး အချိန်ပေါ့…'



'ကျွန်မသူ့ကို ဈေးကိုင်နေဖို့အချိန်မရှိပါဘူး။ သူက တစ်လနေပြီးပြန်မယ့်သူလေ…။ ကျွန်မတို့ အနေအထား ကလည်း တရားခံနဲ့ အဲဒီတရားခံကို ကြိုးမိန့်ပေးဖူးတဲ့ တရားသူကြီးလိုပါပဲ… သူ့ကို ကျွန်မ မသိစိတ်ရဲ့တစ်နေရာမှာ နက်နက်ရှိုင်းရှိုင်းနဲ့ကို ဖိန့်ဖိန့်တုန်အောင်ကြောက်နေမိတယ်လေ'

'ဖြစ်နိုင်ပါတယ်…အချစ်ကြီးတဲ့သူကအရှုံးပါပဲ။ ရုပ်ကြမ်းဝါဒီတွေက ပြောကြတယ်။အချစ်ဆိုတာ အတွဲသူတွေ အလုပ်တဲ့…'

'ဖြစ်နိုင်ပါတယ် ရှင်စကားပြောတာ သိပ်တော်တယ်။ သူက ကျွန်မကိုဆင်ခြေတွေပေးတယ်။ ကျွန်မနဲ့သူပဋိပက္ခ တွေဖြစ်တဲ့အချိန်တုန်းက သူဟိုမှာ အဆင့်မြင့်ရာထူးတွေ အတွက် စာမေးပွဲတွေ တစ်ခုပြီးတစ်ခုဖြေနေရတဲ့ အချိန်မို့ပါတဲ့။ အားလုံး ပြီးသွားတဲ့အချိန် ကအတိုင်းအတာတစ်ခု အထိရောက် နေပြီ… တဲ့။ အဲ့ဒီအချိန်ကျတော့မှ ဆက်သွယ်ရင် သွေးအေး မှပြန်ရောက် လာတယ်ဆိုပြီး ကျွန်မစိတ်ဆိုးသွားမှာစိုးလို့ပါတဲ့။ ဆင်ခြေတွေ က ယုတ္တိမရှိလှပေမယ့် ကျွန်မထပ်ပြီးသူနဲ့ပြဿနာ မဖြစ်ရဲ ဘူး…'

'ဒါပေါ့…မင်းက နှလုံးသားနုတဲ့သူပဲ'

'အင်း…ထားပါတော့ ဟိုလေ…အင်း'

သူမကစကားကိုဆက်ပြောသင့် မပြောသင့်ချင့်ချိန်ပြီး တော့မှ အရဲစွန့်လိုက်ကာ…

'အဲဒီနေ့က သူကျွန်မကိုပြောတယ်။ ဟို…မိုးကို ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



အရမ်းချစ်တယ်··တဲ့’

ဟိန်းဇေယျက နှစ်လိုစွာပြုံးလိုက်ပြီး···

‘တကယ့် ဂန္ထဝင်ပါပဲ··· တွေ့ပြီး လေးနှစ်နဲ့ခြောက်လ အကြာရောက်တော့မှပေါ့နော်··· နောက်ပြီးတော့ကော’

‘ဟို ပြန်ရောက်ရင် အီးမေးလ်ရေးပါမယ်ပေါ့။ ကျွန်မတို့ နှစ်ယောက်တကယ်ပဲ နွေးနွေးထွေးထွေးပြန်ဖြစ်သွားကြတယ်။ သူက ပြောတယ် သူကျွန်မကို လက်ထပ်မှာပါတဲ့’

ဟိန်းဇေယျက ပြုံးရင်းခေါင်းညိတ်ပြလိုက်သည်။ ဒီအထိ ···သူမဘာ့ကြောင့်သူ့ဆီရောက်လာရတယ်ဆိုတာ မသိရသေး···

‘နောက်တော့ရော···’

‘သူပြန်သွားတယ်လေ··· အီးမေးလ်ရပါတယ်။ နောက်တော့···’

‘နောက်တော့ ဘာဖြစ်သလဲ···’

‘ကျွန်မ သူ့သတင်းဘာမှ မကြားတော့ဘူး၊ အီးမေးလ်လည်း မလာတော့ဘူး’

‘ဟင်···’

မိန်းကလေးက တအံ့တသြဖြစ်သွားတဲ့သူ့ကို ကြည့်ပြီးပြုံးပါသည်။ မဲ့ပြုံးဆန်ဆန်ပေါ့။

‘မအံ့သြပါနဲ့···။ ထားလိုက်ပါ···။ ကျွန်မခံနိုင်ရည်ရှိပါတယ်။ မခံစားရဘူးလို့ ပြောတာမဟုတ်ဘူးနော်···ခံနိုင်ရည်ရှိတယ်လို့ပဲပြောတာ···သူကျွန်မကို အရင်ကလဲ



ဒီလိုပဲပစ်ထားခဲ့တာပဲ။ ကျွန်မက သူ့အတွက် အမှိုက်ပါ···’

ဟိန်းဇေယျ သက်ပြင်းခပ်ဖွဖွသာ ချလိုက်မိပါသည်။

‘ကျွန်မပြောချင်တာက···’

‘···· ····’

‘ဟိုလေ···’

‘ပြောပါ···ပွင့်ပွင့်လင်းလင်းပြောလို့ရပါတယ်။ ကျွန်တော် ကစိတ်အတိုင်ပင်ခံပါ···’

‘ကျွန်မ ရှင့်သတင်းကိုကြားပါတယ်။ ရှင်က မှော်အောင် နေတဲ့လက်စွပ်ကိုတောင် ချွတ်ပစ်နိုင်စွမ်းရှိတယ်···တဲ့။ ကျွန်မရှင့်ကို မှော်ဆရာလို့ပဲ သတ်မှတ်တယ်။ ကျွန်မစိတ်ထဲမှာ ရှင်ကစိတ်အတိုင် ပင်ခံအဆင့်ထက် ကျော်ပါတယ်···ရှင်က မှော်ဆရာပါ’

သူကကြယ်စင်မိုးကို ပြုံးရင်းသာခေါင်းညိတ်လိုက်သည်။

‘ကျွန်မလေ··· သူနဲ့တွေ့တုန်းက···သူ့ဆီက··· အနမ်း တစ်ပွင့်ရခဲ့တယ်···’

‘အင်း···’

‘ကော်ဖီဆိုင်ထဲမှာပါပဲ···လူလစ်တုန်း သူကျွန်မကို ခိုးနမ်းလိုက်တာ···ဟိုလေ ပွင့်ပွင့်လင်းလင်းပြောရရင်···အင်း···ဟို··· deep kiss တော့မဟုတ်ပါဘူး။ light kiss လောက်ပါ···နွေးသွား ရုံလောက်ပေါ့’

‘အင်း···’

www.burmeseclassic.com

သူထပ်ပြီးပြုံးလိုက်မိသည် ထင်ပါသည်။ကောင်မလေး က အလာကြီးပဲ။

'အဲဒီအနမ်းကိုရခဲ့တာ တစ်နှစ်ပြည့်ဖို့ တစ်လပဲလိုတော့တယ်နော်။ သူနဲ့ ကျွန်မကလည်း ထပ်ပြီးဝေးသွားကြပြန်တယ်။ တကယ်ဆို အဲဒီအနမ်းကို ကျွန်မအခုအချိန်မေ့သင့်ပြီလေ။ ကျွန်မ မေ့နိုင်ဘူး။ ကျွန်မအဲဒီအနမ်းကိုပဲ ပြန်ပြီးမြင်ယောင်နေမိတယ်'

'ဖြစ်တတ်ပါတယ် သိပ်ချစ်ရတဲ့သူဆီက တွန့်တွန့်တိုတို ရလာခဲ့တဲ့ အနမ်းမို့ပါ...'

'မဟုတ်ဘူး၊ အဲဒီအနမ်းက ကျွန်မကို တစ္ဆေလိုကိုခြောက်လှန့်နေတယ်...'

'ဟင်...'

'ကျွန်မပြောရင်ယုံမလား မော်ဆရာ။ ကျွန်မ အိပ်ရေး ဝဝ မအိပ်ရတဲ့ညတွေ တစ်နှစ်ပြည့်တော့မယ်'

'ဩော်...'

(ထိုအချိန်တွင် သူမခေါ်လိုက်တဲ့ မော်ဆရာဆိုတဲ့ အခေါ်အဝေါ်လေးကြောင့် သူနည်းနည်းကြည်နူးခဲ့ရပါသည်။)

'ရည်းစားထားကြည့်ပါလား...။ နွေးရုံလောက် အနမ်းကို အန္တရာယ်မများဘဲပေးနိုင်မယ့် လူယဉ်ကျေးထဲကရှာလိုက်ပေါ့။ မင်းအတွက် အစားထိုးအနမ်းတစ်ပွင့် လိုအပ်နေတာပါ...'

'မချစ်ဘဲ ရည်းစားထားတယ်ဆိုတာ စစ်တုရင်ပြိုင်ပွဲမှာ ကိုယ့်ဘုရင်မကို ရက်ရက်ရောရောချကျွေးလိုက်တဲ့ ကစားနည်း



တစ်ခုပဲ။ ကျွန်မရဲ့ဘုရင်မက ခန့်ပိုင်ထက်နဲ့တင် သေခဲ့ပြီလေ။ သူများကိုပေးဖို့ မရှိဘူး'

'စကားပြောသိပ်ကောင်းတဲ့ ကောင်မလေးပဲ' လို့ စိတ်ထဲက မှတ်ချက်ချလိုက်ရင်း...

'ကောင်းပြီလေ...စောစောက မင်းပြောခဲ့သလို ...၊ အဲဒီ အနမ်းကို စွဲလန်းတယ်၊ ဒါကိုပဲမြင်ယောင်တယ်၊ တစ္ဆေတစ်ကောင်လို အခြောက်အလှန့်ခံနေရတယ်၊ အိပ်ရေးဝဝ မအိပ်ရဘူး...ဒါဟာ Normal ထဲမှာပဲ ရှိပါသေးတယ်။ ဒီအနမ်းကြောင့် တခြားဘာတွေ ဖြစ်သေးလဲ'

'ကျွန်မဟိုတစ်နေ့က Junction မော်တင်ကိုရောက်တယ်လေ...'

'အင်း...'

'ဈေးဝယ်ပြီးလို့ အပေါ်ထပ်ကနေ အောက်ထပ်ကို ဆင်းလာခဲ့တာ အပြင်မှာမိုးတွေရွာနေတာကို တွေ့လိုက်တယ်။ တကယ်ဆို အပြင်ရောက်တော့မှ ထီးဖွင့်ဆောင်းရမှာလေ...။ ကျွန်မမိုးရွာတာ တွေ့တာနဲ့စက်လှေကားနားမှာတင် ထီးဖွင့်ဆောင်းလိုက်တယ်။ ကျွန်မအဖြစ်က ဘယ်လောက်ရယ်ဖို့ကောင်းလဲ...စူပါမားကတ်ကြီးထဲမှာ ထီးဖွင့်ပြီး လျှောက်သွားနေမိတယ်...ဒါ...ဦးနှောက်တုံ့ပြန်မှုပုံမှန် မဟုတ်တော့တဲ့ သဘောကိုပြတာပါ...'

'ဟင်း...ဟုတ်တယ် ဒါကတော့ Normal Range ကိုကျော်သွားပြီ'

www.burmeseclassic.com



'သူနဲ့ထပ်ဆုံဆည်းဖို့ မှော်ဆရာလုပ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ကျွန်မလည်းသူ့ကို စိတ်ဒဏ်ရာတွေ အများကြီးပေးသွားခဲ့တဲ့အတွက် ကြောက်နေမိပြီ။ ကျွန်မ မှော်ဆရာဆီကို လာတာက လေ..'

'အင်း...'

'ကျိန်စာလို ကျွန်မနှုတ်ခမ်းမှာကျန်နေခဲ့တဲ့အနမ်းကို မှော်အစွမ်းနဲ့ ဖျောက်ပေးနိုင်မလားလို့ပါ'

'ဒါက ဒီလိုရှိတယ် ကြယ်စင်မိုးရဲ့'

'ပြောပါဦး...'

'သူများမစွမ်းတဲ့ကိစ္စတွေကို ကိုယ်လုပ်ပေးလိုက်လို့ အောင်မြင်သွားတာတွေရှိတယ်။ ဥပမာ-ဓာတ်လုံးလက်စွပ်လို ကိစ္စမျိုးပေါ့'

'ဟုတ်ပါတယ်'

'ယဉ်ပို့မဒီရဲ့လက်ကိုကိုင်ပြီး အချိန်အကြာကြီး ခဲရခဲဆစ် ချွတ်မေးခဲ့ရပါတယ်။ ဒါက ရှော့(ခ်)မရှိဘူး၊ အခုဟာက ကြယ်စင်မိုးကိစ္စကျတော့ ကျွန်တော့်အတွက် ဘေးကြပ်နံကြပ်ကြီး'

'ဘယ်လို ဘေးကြပ်နံကြပ်တာလဲ'

'ကျွန်တော်က ခန့်ပိုင်ထက်နမ်းသွားတဲ့နှုတ်ခမ်းကို ကျွန်တော့်နည်းကျွန်တော့်ဟန်နဲ့ နမ်းပြီးအဆိပ်ဖြေပေးချင်လို့ မရဘူးလေ။ နောက်ပြီး...ဒီကိစ္စကို ကျွန်တော်သိပ်စိတ်ဝင်စားပါတယ်။ ဒီနှုတ်ခမ်းဟာ တကယ်ပဲအဆိပ်သင့်နေတာ ဟုတ်



မဟုတ်ပေါ့။ ဒါပေမဲ့ ကြယ်စင်မိုးနှုတ်ခမ်းက ကျွန်တော့်အတွက် LAB အခန်းမှမဟုတ်တာ...ပိုင်ရှင်ကလည်းခွင့်ပြုမှာ မဟုတ်ဘူးလေ...။ ဘယ်လိုမှလည်း မဖြစ်နိုင်ဘူး'

ကောင်မလေးကသူ့စကားကြောင့် အနည်းငယ်စိတ်ကသိကအောက်ဖြစ်သွားကာ ရှက်သွားလိုက်သေးသည်။ နောက်တော့...

'ကျွန်... ကျွန်မ ရူးများရူးနေပြီလားဟင်...'

'လူတိုင်းအရူးတွေပါ ကြယ်စင်မိုးရယ်၊ ဘယ်သူကမှ ဘယ်သူ့ကို တစ်မူးမသာပါဘူး။ တချို့ကျတော့ ဖုံးဖုံးဖိဖိရူးတတ်ကြတယ်လေ...ဒါကြောင့် လူတော်စာရင်းဝင်နေကြတာပါ။ ထားလိုက်ပါ... အဲဒီကိစ္စက။ အခု ကျွန်တော်တို့ ကုထုံးအကြောင်းဆွေးနွေးရအောင်'

'ဟုတ်ကဲ့... ပြောပါ'

'စောစောက ကြယ်စင်မိုးပြောသွားတဲ့ ကျိန်စာဆိုတဲ့စကားကို ကျွန်တော်အလေးအနက်ထားပါတယ်။ ကျွန်တော့်အတွက် သက်သေတစ်ခုလိုသေးတယ်ဗျ'

'ဘယ်လိုသက်သေလဲ...'

'သူ ဘယ်အချိန်လောက် နမ်းလိုက်သလဲ...'

'မနက်ခင်းပိုင်းပါပဲ...'

'အချိန်အတိအကျ မသိနိုင်ဘူးလား...'

'ကျွန်မ ထင်မှတ်မထားတုန်း ဖျတ်ခနဲနမ်းလိုက်တာပါ...အချိန်တော့ ကျွန်မဘယ်သိမလဲ'

www.burmeseclassic.com

www.burmeseclassic.com



'တစ်ယောက်ယောက်က သိရင်သိပ်ကောင်းမယ်'

သူက ထိုသို့ညည်းညည်းညူညူပြောတော့…

'အဲဒီကိစ္စက သိပ်များအရေးကြီးနေလို့လား'

'အတိုင်းအတာတစ်ခုအထိ အရေးပါနေတယ်.. မင်းလည်း စဉ်းစားကြည့်ပါဦး'

'နေဦး..ရှင့်…သူ နမ်းတုန်းက… သူနမ်းတုန်းက…အင်း ကျွန်မဆီဖုန်းဝင်လာတယ်ရှင့်၊ ကျွန်မလည်းမှင်တက်နေတဲ့အချိန်ဆိုတော့ မကိုင်လိုက်မိဘူး။ Miss called ဖြစ်သွားတယ်။ နေဦး… တစ်နှစ်လောက်တောင်ကြာခဲ့ပြီဆိုတော့ အဲဒီ Miss called ကဖုန်း ထဲမှာရှိပါဦးမလားမသိဘူး။ ကျွန်မဆီမှာ Miss called ဝင်တာက နည်းတော့ ကျန်ရင်ကျန်ဦးမှာ…ခဏ…'

သူမက အိတ်ထဲကဟာမ်းဖုန်းကိုရှာပါသည်။ ဟိန်းဇေယျကတော့ ထင်ထားသလို မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေမိသည်။

'ဟော…ရှိသေးတယ်..ရှိသေးတယ်၊ ဟောဒီမှာ စက်တင် ဘာ–၉ရက်နေ့က Miss called ကြည့်ကြည့်…'

သူမလက်ထဲက ဟာမ်းဖုန်းကို သူလှမ်းယူလိုက်သည်။ Miss called နေရာကိုကြည့်လိုက်ချိန်မှာတော့……

'ဟင်'

သူ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရပါသည်။

❋ ❋ ❋

## အခန်း ( ၁၁ )

နက္ခတ်နဲ့ မြန်မာ့နဝင်းစီး အပျော်တမ်းပညာရှင် တဖြစ်လဲ အငြိမ်းစားသုတေသနအရာရှိဟောင်း အန်ကယ်ဦးလွန်းအံ့နှင့်သူ ထိုကိစ္စကို အချိန်အတော်ကြာ ဆွေးနွေးခဲ့ရသည်။ အဖြစ်အပျက်က ထင်ထားတာထက်တောင် ပို၍အံ့သြဖို့ကောင်းနေသေး၏။

'ဟုတ်တယ်…မောင်ရင်ရ ကောင်မလေးက မတော်တဆ ကျိန်စာမိသွားတာ… ဟိုကောင်လေးက မရည်ရွယ်ပါဘူး…သိတောင်သိလိုက်မယ့်ပုံမပေါ်ဘူး…'

'ဟုတ်တယ် ကျွန်တော်လည်း Miss called လာတဲ့ အချိန်ကိုကြည့်လိုက်တော့ တော်တော့ကိုအံ့သြသွားတာ … ကိုးနာရီ၊ ကိုးမိနစ်ဖြစ်နေတာကိုး…'

'မရည်ရွယ်ဘဲ နဝင်းကိုက်သွားတဲ့ အနမ်းပါပဲ၊ ဖြစ်တောင့်ဖြစ်ခဲကိစ္စကြီးတစ်ခုကွ'

'သူစပြီး ကျွန်တော့်ကိုပြောကတည်းက ကိုးဂဏန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကြီးစိုးနေမှန်း ကျွန်တော်သတိထားမိတယ် အန်ကယ်… စက်တင်ဘာ …ဒါလည်းကိုးလပိုင်း၊ ပြီးတော့ ကိုးရက်နေ့… တွေ့တဲ့နေရာက Step…9 ကော်ဖီဆိုင်၊ နမ်းတဲ့အချိန်က ကိုးနာရီ ကိုးမိနစ်။ ပြောလို့ မရဘူး…ခန့်ပိုင်ထက်နာမည်ကိုတောင် ဗေဒင်ပညာတနည်းနည်းနဲ့ တွက်ကြည့်ရင် ကိုးကြွင်းချင်ကြွင်း နေမယ်’

‘အဟား ဟား…မင်းဒီထက်အံ့သြအောင် အန်ကယ် ပြောလိုက်ရဦးမလား…’

‘ဟင်…ဘာအံ့သြစရာရှိသေးသလဲ အန်ကယ်…’

‘အဲဒီအချိန်မှာ ဖြစ်နေတဲ့ရာသီခွင်ပေါ့ကွာ… ကောင်းကင်မှာ ဗီးနပ်(စ်)နဲ့ မား(စ်)ဂြိုဟ်တို့ကြီးစိုးနေတယ်…’

‘ဘာအဓိပ္ပာယ်လဲ အန်ကယ်…’

‘ခေါမနတ်သမိုင်းတွေ ပြောမှတောင် ဖြစ်တော့မယ်နဲ့တူ တယ်။သိပ်ရှုပ်လွန်းပါတယ်ကွာ။ တိုတိုပဲပြောကြတာပေါ့။ ဇုး(ထ်) နတ်မင်းကြီးရဲ့အနွယ်တော်တွေပါပဲ…။ ဗီးနပ်(စ်)ကို အများ ကတော့အချစ် နတ်သမီးလို့ တင်စားကြတယ်။ မီးကုန်ယမ်းကုန် တဓောက်ကန်းချစ်တတ်တဲ့ ရမ္မက်နတ်ဒေဝီတစ်ပါးပါ… နောက်ပြီး ထရိုဂျင်စစ်ပွဲ ကိုမင်းသိတယ်မဟုတ်လား…’

‘ငါးတန်းတုန်းက သင်ဖူးတယ်ထင်တယ် အန်ကယ်…’

‘အေး…ထရိုဂျင်စစ်ပွဲမှာ ထရွိုင်းမြို့ကြီး ပျက်စီးခဲ့ရတာ အဲရီး(စ်)ဆိုတဲ့တန်ခိုးရှင်နတ်တစ်ပါးကြောင့်လို့ တချို့က ဆိုကြတယ်။ အဲရီး(စ်)ဆိုတဲ့ အဓိပ္ပာယ်ကိုက ပဋိပက္ခလို့



ဆိုကြတယ်။ ခေါမလို အဲရီး(စ်)ရဲ့အဓိပ္ပာယ်ဟာ ရောမလိုကျ တော့ မားစ်(Mars) ဖြစ်သွားတယ်။ သူက ရက်စက်တတ်တဲ့ စစ်နတ်…’

‘ဟုတ်ကဲ့…’

‘စစ်နတ်နဲ့အချစ်နတ်သမီးတို့ဟာ ရာဇဝင်မှာကျော်မ ကောင်းကြားမကောင်းတဲ့ အချစ်ဇာတ်လမ်းတစ်ပုဒ်ကို ဖန်တီးခဲ့ကြတယ်။ ဗီးနပ်(စ်)မှာက ဟီဖီစတက်(စ်)ဆိုတဲ့ လင်ယောကျ်ားကရှိ ပြီးသားလေ။

ရမ္မက်နတ်သမီးနဲ့ ထင်ရာစိုင်းတဲ့ တဓောက်ကန်း စစ်နတ်တို့ဟာ မဖွယ်ရာမသင့်တော်လှတဲ့ အချစ်ကိစ္စကို ဖန်တီးခဲ့ကြလို့ ဇုး(ထ်) နတ်မင်းကြီးကိုယ်တိုင် အဲဒီကိစ္စကို တရားစီရင်ခဲ့ရသေးတယ်။ ဒါကတော့ သမိုင်းကဏ္ဍတစ်ခု ပေါ့ကွာ…

အဲ…ဟိုကောင်လေး…ဘယ်သူတဲ့… ခြောက်ဘာသာ ဂုဏ်ထူးရှင်…’

‘ခန့်ပိုင်ထက်ပါအန်ကယ်…’

‘အေး…သူက ကြယ်စင်မိုးကို နမ်းလိုက်တဲ့အချိန်မှာက လည်း ကောင်းကင်မှာအဲဒီနက္ခတ်နှစ်ခုက ယှဉ်တွဲကြီးစိုးနေ တယ်။ ကြယ်စင်မိုးကလည်း အဲဒီအနမ်းကြောင့်ဥပါဒ်ဒဏ်သင့် နေတယ်ဆိုတော့ အဲဒီနက္ခတ်နှစ်ခုရဲ့ အရှိန်အဝါကလည်း ထည့် မတွက်လို့မရတော့ပြန်ဘူး။ မြန်မာနည်းနဲ့ကြည့်ပြန်တော့လည်း နဝင်းကိုက်နေတဲ့ အနမ်း၊ အန်ကယ်လည်း တစ်ခါမှမကြားဖူးလောက်

www.burmeseclassic.com

www.burmeseclassic.com



ရှောခ်ရှိတဲ့အနမ်းမျိုး တစ်ခါမှ မကြားဖူးဘူး…အဟား ဟား'

အန်ကယ်ဦးလွန်းအုံက နည်းနည်းလှုငယ်ဆန်တတ်သူမို့ ထိုသို့ဘန်းစကားလေးတွေ ညှပ်ညှပ်သုံးတတ်သည်။

'ကျွန်တော်က ကျောင်းမှာ Mental Consultant (စိတ်အတိုင်ပင်ခံ) ဆိုပြီးစတန့်ထွင်ထားတော့ တချို့ဆရာ ပေါက်စတွေက ကျွန်တော်ဘယ်အချိန်'ကား'သွားမလဲဆိုတာ စောင့်ကြည့်နေကြတယ်…ဆရာရဲ့။ ကျွန်တော်လည်း စိတ်ပညာကိုလက်တွေ့ အသုံးချနေတယ်ဆိုပေမယ့် ခုနစ်ရက် သားသမီးတွေကို ကယ်တင်နေတာပါ… ဒီတစ်ချီတော့ ကျွန်တော်ဝိုးပြီနဲ့တူပါတယ်'

'မဝိုးပါဘူး မောင်ရင်ရယ်… အစီအရင်လုပ်လို့ရပါ သေးတယ်'

'ဘယ်လိုလုပ်သင့်သလဲ ဆရာ'

'စိတ်ပညာပိုင်းမှာကတော့ မင်းကပိုကျွမ်းမှာပါ။ ဒီရက်ပိုင်း သူ့ကို အဲဒီစိတ်ဓာတ်ရာကနေ သက်သာအောင်ကတော့ မင်း တာဝန်ယူဖြေရှင်းပေးရလိမ့်မယ်။ ကုထုံးရဲ့ အဆုံးသတ် နေ့ကတော့ အခုလာတော့မယ့် စက်တင်ဘာလ ကိုးရက် မနက် ကိုးနာရီ ကိုးမိနစ် ကိုးစက္ကန့်တိတိမှာ..'

'ဟုတ်ကဲ့…ဆရာ'

'ဟိုကွာ…'

ဆရာက ပြောသင့်မပြောသင့် ချင့်ချိန်ပြီးကာမှ သူ့အား စီရင်ပုံတစ်ခုကို အနီးစပ်ဆုံးလမ်းညွှန်ပေးအပြီးမှာတော့…



'ဟင်…'

သူ့ နည်းနည်းကယောင်ကတမ်း ဖြစ်သွားမိလေတော့ သည်။ ဖြစ်ပါ့မလား… ကြယ်စင်မိုးက ခွင့်ပြုမှာတဲ့လား…

မြတ်စွာဘုရား…

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၂ )

ဟောလီးဒေးမို့ ကျောင်းတတ်စရာမလိုပေမယ့် စိတ်တွေ ရှုပ်ထွေးနေမိသည်။ ကြယ်စင်မိုးရဲ့ကိစ္စက တကယ့်ကို အကျပ် အတည်းတစ်ခုပါပဲ။ ဘယ်လိုကိုင်တွယ်ဖြေရှင်းပေးသင့်ပါသလဲ။

အန်ကယ်ပြောသလိုလည်း မလုပ်ချင်။ သို့သော် နဝင်းစီးပညာရှင်တွေမို့ ညွှန်ကြားချက်ကိုလည်း လျှော့မတွက်ရဲ။ မနက်ဖြန် ကျောင်းဖွင့်လျှင် ကြယ်စင်မိုးနှင့်ဆွေးနွေးကြည့်ချင်သည်။

နဝင်းရော နက္ခတ်ပါပိတ်မိနေတဲ့ ကောင်မလေးမို့ သနား လည်းသနားသည်။ ဟော…ပြောရင်းဆိုရင်း ဖုန်းကမြည်လာသည်။

'မှော်…မှော်ဆရာလား…'



'ကြယ်စင်မိုး…ပြော'

'သြော်… ဟိုလေ… ကျွန်မကိစ္စ ဘယ်လိုအခြေအနေ ရှိ သလဲလို့။ ရှင်က နက္ခတ္တပညာရှင်တစ်ယောက်နဲ့ သွား ဆွေးနွေးမယ် ဆိုလို့…'

'အခြေအနေက ထင်ထားတာထက်ကို ပိုရှုပ်ထွေး တယ်'

'ရှင်…'

'ကုထုံးကိစ္စကတော့ မနက်ဖြန်ကျမှပြောမယ်။ ကိုယ် ရိုးရိုးလေးစားသောက်ဆိုင်မှာရှိမယ်'

မရည်ရွယ်ပါဘဲ ကျွန်တော်လို့သုံးနေရာကနေ ကိုယ်လို့ ပြောင်းလဲသုံးနှုန်းလိုက်မိပါသည်။ သူမအကြောင်းတွေ သိပ် စဉ်းစားပေးလွန်းလို့ စိတ်ကရင်းနှီးသွားတာပဲလားတော့ မပြော တတ်။

'အင်းပါ…ကြယ်စင်လာခဲ့ပါ့မယ်…'

ပြောပြီး ဖုန်းချသွားသည်။ သူ့စိတ်တွေ ရှုပ်ထွေးဆဲ… ကဲ…အဲဒါခဏအသာထားလိုက်ပါဦးမယ်။ အီးမေးလ်မစစ် ဖြစ်တာတောင်ကြာပြီ။ အီးမေးလ်စစ်လိုက်ပါဦးမယ်…။

သူကအိမ်မှာhome connection ယူထားသဖြင့် အင်တာ နက်ဆိုင် တကူးတကသွားစရာမလို… အိမ်မှာဝင် ကွန်နက်ရှင်ကို အလွယ်တကူချိတ်ဆက်လိုက်ကာ အီးမေးလ်ဖွင့်

www.burmeseclassic.com

www.burmeseclassic.com



ပြီးစာများကိုကြည့်ရှုနေစဉ်…

'အဟား…ဟား…anil ငါ့ဆီ စာရေးထားတာပဲ…'

Anil နဲ့သူ့ရဲ့ခင်မင်မှုသက်တမ်းက မနည်းတော့ပါ။ သုံးနှစ်ကျော်ကျော်လောက်ရှိပေရော့မည်…။ ကမ္ဘာပေါ်မှာ ကွန်ပြူတာနဲ့ ပတ်သက်လျှင် ဘီးလ်ဂိတ်တောင် အိန္ဒိယကို လျော့မတွက်ရဲ။ Anil ကလည်း အိန္ဒိယမွမ်ဘိုင်းမြို့က ကွန်ပျူတာကျွမ်းကျင်ပညာရှင် ကောင်လေးတစ်ယောက်ပါ။ ဟိန်း…

မင်းနေကောင်းရဲ့လား…။ ကျောင်းရောပြီးတော့မှာလား… ဟိုတလောက ငါတို့တာဝန်ယူပြီးလုပ်ပေးထားတဲ့ ရေပေးဝေရေး အဝေးထိန်းစနစ်တွေကို ရှုရှားကဟက်ကာတွေ ဖျက်ဆီးပစ်လို့ ငါတို့ တော်တော်လေး အလုပ်ရှုပ်ခဲ့သေးတယ်။ ဒီသတင်းကို မင်းကြားချင်လည်းကြားမှာပါ။

မင်းဟာ တကယ်နေနိုင်တဲ့သူပဲ…။ Muzကိုမလွှမ်းဖူးလား မင်းနဲ့ငါနဲ့က ရိုးရိုးပဲခင်လို့ရပါတယ်။ အလုပ်အတူတွဲလုပ်လို့တော့ မရပါဘူးကွာ…။ ဟား…ဟား…။

အခု burbe အချစ်သစ်တွေ့နေပြီ။ ငါရှာပေးလိုက်တာပဲ၊ သူ့မှာကလေးနှစ်ကောင်ရှိတယ်ကွ။ ငါလည်း နေ့တိုင်းအစာမကျွေးနိုင်ဘူး။ အလုပ်တစ်ဖက်နဲ့ဆိုတော့ သိပ်ရှုပ်တယ်။ အဲ့ဒါနဲ့အွန်လိုင်း ပါတနာနှစ်ယောက်ကို လွှဲပေးလိုက်တယ်။

မင်းကို အွန်လိုင်းမှာမတွေ့တာကြာ ပြီ…အလုပ်ရှုပ်နေလို့လား…။ အားရင် ငါ့ဆီစာပြန်နိုင်း ဟိန်း…

မင်းရဲ့…

anil …

စာကတော့ ဒီလောက်ပါပဲ…

သူ့ခေါင်းထဲမှာတော့ အသိဉာဏ်အလင်းပွင့်များ တဖျတ် ဖျတ်တောက်ပသွားရလေတော့သည်။

Anilဟာကြယ်စင်အတွက်ကုထုံးကို တဖက်လှည့်နဲ့ပြောပြပေးသွားနိုင်တဲ့ ပညာရှင်တစ်ယောက်ပါပဲ။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

'ဒါဆိုကြယ်စင်က မတော်တဆကျိန်စာမိသွားတာပေါ့နော် ထင်တော့ထင်ပါတယ်'

သူမက ကော်ဖီခွက်ထဲဇွန်းမွှေရင်း အေးတိအေးစက်ပြောပါသည်။

'အင်း… ကျိန်စာတော့ ကျိန်စာပါပဲ…ဒါပေမဲ့ မတော်တဆကျိန်စာပါ'

'ကြယ်စင့်ကို ဘယ်လိုကုပေးမလဲဟင်…မော်ဆရာ..'

အဲဒီမေးခွန်းကိုမေးလိုက်မှာ သူ့အကြောက်ဆုံး…ဖြေဖို့လည်းအဆင်သင့်မဖြစ်သေးဟု ခံစားရသည်။

'ဂမ္ဘီရကိစ္စလို သဘာဝလွန်ဖြစ်ရပ်တစ်ခုကပါ ပါလာတော့ အချိန်အတိအကျနဲ့ကိုစီရင်ရမယ့် အစီအရင်တစ်ခုပါ လုပ်ရလိမ့်မယ်။ ဖြစ်နိုင်ရင် အဲဒီကိစ္စကို ကိုယ်နည်းနည်း လက်ရှောင်ချင်တယ်'



'အချိန်အတိအကျ ဟုတ်လား…ဘယ်နေ့လဲ…'

'လာမယ့် စက်တင်ဘာလ ကိုးရက်နေ့၊ ကိုးနာရီ၊ ကိုးမိနစ်၊ ကိုးစက္ကန့်တိတိ ကောင်းကင်မှာ ဗီးနပ်(စ်)နဲ့မား(စ်) နက္ခတ်မြူးတဲ့ အချိန်…'

'ဟင်…ဟုတ်လား..အဲဒီအချိန် ဘယ်လိုလုပ်ရမှာလဲ…'

'မင်းကို Light Kiss လောက်နမ်းပေးနိုင်မယ့် volunteer (စေတနာ့ဝန်ထမ်း)တစ်ယောက်သာရှာထားလိုက်ပါ။ ညို့ဓာတ်ရှိတဲ့ ကောင်လေးတော့ ဖြစ်ပစေ…'

'ရှင်…'

'မင်းရဲ့အဆိပ်တွေအားလုံးကို အဲဒီအချိန်မှာ အဲဒီကောင်လေးက လုံးဝဥဿုံနှုတ်သိမ်းပေးသွားလိမ့်မယ်။ အချိန်တော့ တိကျရမယ်'

သူမ အကြီးအကျယ်တုန်လှုပ်သွားရသည်။ လက်ထဲမှာကိုင်ထားတဲ့ကော်ဖီဇွန်းလေးတောင် ဒေါက်ခနဲပြုတ်ကျ သွားရသည်။

'ဒါ…ဒါတော်တော် အန္တရာယ်များတယ်နော် မော်ဆရာ…'

'ကိုယ်လည်းရိပ်မိပါတယ်၊ အားလည်းမပေးချင်ပါဘူး။ အဆိပ်ကိုနှုတ်သိမ်းပစ်နိုင်တဲ့ နောက်ဆုံးကုထုံးလို့ အန်ကယ်ဦးလွန်းအံ့က ယုံကြည်နေတယ်။ တို့အနေနဲ့အဲဒီကုထုံးကို မကြိုက်ရင်တခြား ကုထုံးနဲ့ရှောင်ကွင်းသွားလို့ရပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကတော့ အမိကပေါ့ နော်…အချိန်ရှိပါသေးတယ်'

'အင်း…ပြောပါဦး…ဘယ်လို ရှောင်ကွင်းသွားလို့ရနိုင်သလဲဆိုတာ'

'အဲဒါတွေမပြောခင်…မင်းရဲ့စိတ်ကို အရင်စုစည်းကြည့်ပါဦး။ ကိုယ်သိရသလောက် မင်းရဲ့စိတ်တွေ အရမ်းကို မွစာကြဲစုတ်ပြတ်နေတယ်၊ အနှုတ်လက္ခဏာတွေ ဆောင်နေတယ်။ Level ကို ဓီးရိုးရောက်အောင် လုပ်ရဦးမယ်..'

'ဟုတ်တယ်…'

'လူနဲ့စိတ်ရဲ့ အပြန်အလှန်ရှိသေမှု၊ ယုံကြည်မှု၊ နားလည်မှုတစ်ခုကို မင်းတည်ဆောက်ရလိမ့်မယ်။ ကျင့်စဉ်နဲ့ကျင့်ယူကြတဲ့ စိတ်တန်ခိုးရှင်တွေရဲ့ ခရီးအစဟာ ဘယ်အဆင့်မှ မရောက်သေးတဲ့ သူတို့ရဲ့စိတ်ကို ယုံကြည်မှုနဲ့စတင်ကြတယ်ကြယ်စင်'

'ဪ…'

'ကဲပါ… အဲဒီအကြောင်းတွေသိပ်ပြောရင် မင်းအိပ်ပျော်သွားလိမ့်မယ်။ ကိုယ်လွန်ခဲ့တဲ့ သုံးနှစ်လောက်တုန်းက အင်တာနက် မှာအရူးထလိုက်တဲ့ ကိစ္စလေးအကြောင်းပြောပြမယ်'

'အင်း…ပြော'

'ဝက်(ဘ်)ဆိုက်က ခပ်ကြောင်ကြောင်ဝက်(ဘ်)ဆိုက်တစ်ခုပါပဲ။ အစကတော့ အဲဒီလိုထင်ခဲ့တာပေါ့လေ…။ နောက်တော့ ကိုယ့်ရင်ထဲကသံယောဇဉ်တွေအားလုံးကို



အဲဒီဝက်(ဘ်)ဆိုက်ကနှုတ် သိမ်းသွားနိုင်ခဲ့တယ်…'

'ချက်တင်ဝင်လို့ရတဲ့ လူမှုကွန်ယက်တွေလား…?'

'နိုး…အိမ်မွေးတိရိစ္ဆာန်မွေးလို့ရတဲ့ ဝက်(ဘ်)ဆိုက်တစ်ခုပါ။ ကိုယ် သူတို့ဝက်(ဘ်)ဆိုက်ကနေ ခွေးလေးတစ်ကောင်အွန်လိုင်းပေါ်မှာမွေးဖူးတယ်။ Avator(ကိုယ်ပွားလိုတဲ့ ခွေးရဲ့ပုံတူ)ကို အမွေးစုတ်ဖွား ခွေးလေးအနေနဲ့ယူခဲ့တယ်။ ခွေးထီးလေးနာမည်က muz တဲ့'

'အင်း…'

'တစ်နေ့ကိုတစ်ခါတော့ အဲဒီဝက်(ဘ်)ဆိုက်ကို ပုံမှန်ဝင်ရတယ်။ အဲဒီ muz လေးကို အစာကျွေးရတယ်။ ကစားပေးရတယ်။ သန့်ရှင်းရေးလုပ်ပေးရတယ်ပေါ့ကွာ။ ကိုယ်ပြုစုရင်ပြုစုသလို အဲဒီ ခွေးကလေးက ကျန်းမာသန်စွမ်းပြီး ထွားလာတယ်'

'ဪ…'

'အချိန်တန်အရွယ်ရောက်တော့ muz နဲ့လိုက်ဖက်တဲ့ ခွေးမလေးရှာပေးရတယ်။ ကိုယ်ကမ်းလှမ်းခဲ့တဲ့ခွေးမလေးက burbe တဲ့။ သူ့ပိုင်ရှင်ကတော့ အိန္ဒိယမွမ်ဘိုင်းမြို့က ကွန်ပျူတာပညာရှင် လူငယ်လေးပါ…'

'ဪ… အတည်ပေါက်ကိုစိတ်ကူးယဉ်ပြီး ရူးကြတာပဲနော်'

'အင်း…ထားပါတော့ muz နဲ့ပတ်သက်ပြီး bu[illegible]ရဲ့ပိုင်ရှင် anil ကတော့ ကိုယ်နဲ့ပက္ခိလ်ရေးရာပါခင်သွားပြီတာ ဒီနေ့

www.burmeseclassic.com

www.burmeseclassic.com



အထိပဲ။ တစ်ရက်တော့ ကိုယ်ပဲခူးကိုကိစ္စရှိလို့ တစ်ပတ်ခရီးသွားရတာ၊ ဟိုမှာအွန်လိုင်းမဝင်နိုင်ဘူးလေ။ အဲဒီမှာတင် ကိုယ့်ရဲ့ muzက ကိုယ့်ကိုလွမ်းပြီး သေသွားရှာတာပဲ၊ burbe လည်း အတော်နေမကောင်းဖြစ်သွားတယ်။ သူ့ပိုင်ရှင်anil လည်း Pet clinic တွေမှာ ဆေးကုပေးလိုက်ရသလို ကိုယ်အွန်လိုင်း ပြန်ဝင်ဖြစ်တော့ anil နဲ့ပါ စကားတွေများကြရတယ်'

'ဟီး…မော်ဆရာ့အဖြစ်ကလည်း ရယ်စရာကြီး…'

'တကယ်တော့ သံယောဇဉ်ကို ပညာပါပါနဲ့ယူသွားပြီး အဖွဲ့ဝင်တွေကိုတစ်ယောက်နဲ့တစ်ယောက် ခင်မင်ရင်းနှီးအောင် လှည့် ကွက်သုံးသွားတဲ့ gameတစ်ခုပါ။ကိုယ့်ရဲ့ muzကတော့ သေသွား တယ်။ anil နဲ့ကတော့ ကိုယ်အဆက်အသွယ် ဒီနေ့ အထိမပြတ်ရှိတယ်'

'အင်း…'

'အဲဒီ game ကိုအခြေခံပြီး၊ မင်းနဲ့ကိုယ် game လေးတစ်ခုလောက် ကစားကြည့်ရအောင် ကြယ်စင်'

'ရှင်…ဘယ်လို game မျိုးလဲ…'

'မင်း Avator (မင်းရဲ့ပုံတူ)လေးတစ်ခုကို စိတ်ကူးနဲ့ ဖန်တီး လိုက်ပါ'

'အင်း…'

'နာမည်ကို မိုးလို့ပေးလိုက်…'

'အင်း…'

'မိုးကို ကျောင်းမှာလက်ချာချိန် မစခင် ကိုယ့်ဆီ



ခေါ်လာခဲ့ပါ…'

'အင်း…'

'မိုးကို နမ်းခွင့်ပေးပါ…ကိုယ် မိုးကိုနမ်းပါရစေ'

'ရှင်…'

ကောင်မလေး အကြီးအကျယ်တုန်လှုပ်သွားရသည်။ မျက်လုံးတွေလည်းပြူးလို့…

'ဘယ်…ဘယ်…ဘယ်လိုနမ်းမှာလဲ…'

'မကြောက်ပါနဲ့ Light kiss မဟုတ်ပါဘူး၊Flying kiss ပါ…။ လေထဲကအနမ်းပေါ့။ မင်းနဲ့ကိုယ်နဲ့က မျက်နှာချင်းဆိုင်ထိုင်နေမှာဆိုတော့ အနည်းဆုံးသုံးပေတော့ခြားမှာပဲလေ။ ဟုတ်တယ် မဟုတ်လား…'

'ဟုတ်လောက်ပါတယ်…'

'ကိုယ် မိုးကိုkissလို့ ရင်ထဲကလှိုက်လှိုက်လှဲလှဲ ပြောလိုက်မယ်။ အဲဒီနေ့အတွက် မိုးဟာတကယ်ပဲ အနမ်း တစ်ပွင့်ကို နှစ်လိုဖွယ်ရရှိသွားပြီလို့ စိတ်ကမှတ်ယူရမယ်။ မှတ်ကိုမှတ်ယူရလိမ့်မယ်။ အဲဒါနဲ့ကိုယ်တို့ကုထုံးကို အစရင်စဖွင့် လိုက်ကြရအောင်'

သူ့စကားဆုံးတော့ သူမက သက်ပြင်းချပါသည်။

'မော်ဆရာရဲ့ စိတ်လှည့်ကွက်ကလေးက သိပ်ကောင်း ပါတယ်။ ကျွန်မ…ဟို…အင်း… မိုးကိုနမ်းခွင့် ပေးပါမယ်…အဆိပ်တွေပျယ်လွင့်ပါစေလို့တော့ ဆုတောင်းရတယ်။ ဘယ်နေ့စမလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'မနက်ဖြန် စကြတာပေါ့၊ ဟောလီးဒေးတွေဆို ကိုယ့်ဆီ ဖုန်းဆက်ပါ၊ ကိုယ်ဖုန်းထဲကနေ မိုးကိုနမ်းမယ်'

သူမက အောင့်သီးအောင့်သက်ဆန်ဆန်ပြုံးရင်း ခေါင်းညိတ်ပါသည်။

'ရွေးချယ်စရာနည်းလမ်းမှ မရှိတော့ဘဲ၊ ဒီနည်းလမ်းပဲ ရွေးချယ်ကြတာပေါ့၊ ကဲ…ကျွန်မ အတန်းဝင်ရဦးမယ် မှော်ဆရာ'

'နေဦး …မိုး…အဲလေ ကြယ်စင်မိုး…'

သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်ဖြစ်သွားကြသည်။

(မိုး…တဲ့လား၊ ကိုယ် မင်းကိုခေါ်လိုက်တာ 'မိုး'တဲ့လား)

'မင်းရဲ့ခတ်ပုံလေး ကိုယ့်ကိုတစ်ပုံလောက် ပေးထားပါ လား'

'ရပါတယ် ဘာလုပ်ဖို့လဲဟင်'

'လိပ်ပြာကြိုးချည်ချင်လို့…'

● ● ●

## အခန်း ( ၁၄ )

'Kiss!…'

မချစ်သော်လည်း အောင့်ကာအနမ်းခံလိုက်ရတဲ့ ရုပ်တည်ကြီးနဲ့ကောင်မလေးက 'အင်း… အင်းရပြီ' ဟုဆိုကာ 703မှထွက်သွားသည်။

သူလည်း နည်းနည်းတော့ရယ်ချင်သည်။ ခန့်ပိုင်ထက်နဲ့ သူမအနေအထားကတော့ ဘယ်လိုနေမယ်မသိ။ သူနဲ့ ကောင်မလေး အနေအထားကြီးကလည်း ဘယ်လိုကြီးမှန်းကို မသိ။ ကြာရင်ကိုယ်ပါ နဝင်းပိတ်မိနေမှာ စိုးရိမ်ရသည်။

နောက်တော့ လက်ချာရှိသဖြင့် အတန်းသွားတက် နေလိုက်သည်။ လက်ချာလွှတ်တော့မှ 703 သို့တစ်ခေါက်ပြန် ရောက်လာခဲ့သည်။

ရောက်တော့ ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်းတွေမှာ ကဗျာ အတိုအစလေးများဝင်ရေးနေသည့် မောင်ဆွေခြေ (ကြို့ပင်ကောက်) ကသူ့အားစောင့်ကြိုနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိုဆွေးမြေ့ကြီးပါလား…ဘာကိတ်'

'ဆွေးမြေ့ကြေကွဲ ဝမ်းနည်းအသည်းကွဲပြီး မင်းဆီရောက်လာတာပေါ့ကွာ…ငါ့အဖြစ်က မော်ဒန်စာပေတွေထဲကလို ချစ်သူနဲ့တွေ့တာ ထိုင်ခွင့်မရှိတဲ့ မြို့မှာတို့၊ အဲဒီမြို့ကလေးရဲ့ စည်းကမ်းချက်အတိုင်း လူပျိုမှန်သမျှ အိမ်သာတက်ပြီးရင် လက်ဆေးခွင့်မရှိပဲ ကိုယ်ချစ်တဲ့အပျိုအိမ်ဝင်ခွင့်ရှိတယ်တို့ ..အဲလို.. အဲလို ထူးထူးဆန်းဆန်း စည်ကမ်းချက်တွေနဲ့ တွေခဲ့တာတော့ မဟုတ်ဘူးပေါ့နော်၊ ငါလေ… စိန်ကြည်ဌေး (အင်းတကော်)ဆိုတဲ့ ကောင်မလေးနဲ့ကျောင်းစာကြည့် တိုက်မှာ တွေ့ခဲ့တာပါ… သူလည်း ငါလိုကဗျာရေးတယ်လေ…

ချစ်မှာလားမောင်ရေဆိုတဲ့ ကဗျာတစ်ပုဒ်တည်းနဲ့တင် ငါ…သူ့ကို ရေလည်ကြွေခဲ့တာ..။ ငါတို့ နှစ်ယောက်က…

မောင်ဆွေးမြေ့(ကြို့ပင်ကောက်)နှင့် သူစိတ်အတိုင်ပင်ခံနေစဉ်…

'တူတူ… တူတူ… တူတူ…'

ကြယ်စင်မိုးဆီမှ ဖုန်းဝင်လာပြန်သည်။

'ပြော… မိုး…'

'ရှင်… ကျွန်မကို ဘယ်လိုခေါ်လိုက်တယ်'

'မိုးလို့ပဲ ခေါ်လိုက်တယ်'

တစ်ဖက်ကကောင်မလေး မချိုမချဉ်ဖြစ်နေမှာတော့ သေချာသည်။ ခြောက်ဘာသာဂုဏ်ထူးရှင်က နမ်းထားတဲ့ နှုတ်ခမ်းမို့သူ့မှာလည်း ကြောက်နေရသည်။



'ကောင်းပြီလေ… အဲဒီမိုးဆိုတဲ့ Avatorက မော်ဆရာဆီက အနမ်းတစ်ပွင့်ရလာခဲ့ပေမဲ့ သိပ်ဘဝင်မကျဘူးတဲ့'

'ဩော်… ဩော်…သူကဘာများထပ်လိုချင်သေးလို့လဲ'

'သူသီချင်းတစ်ပုဒ်ကို နားထောင်ချင်နေတယ်'

သိလိုက်ပြီ ကောင်မလေးရစ်တော့မယ်ဆိုတာ။ မနက်က kissဆိုပြီး သူ့မနှုတ်ခမ်းလေးဆီ လေနဲ့မှုတ်ထုတ်လိုက်တော့ ရုပ်ကခပ်မာမာ။

'သူက ဘာသီချင်းများ နားထောင်ချင်နေလို့ပါလိမ့်'

'သူက အဆိုတော်နာမည်ကို မေ့နေတယ်'

'ဩော်… ဩော်…'

'အဲဒီ အဆိုတော်က အခုတလော သိပ်'ဟစ်'(Hit)ဖြစ်နေတယ် သူကြည့်ရတာနည်းနည်းလည်း ဝမ်းချုပ်နေတဲ့ပုံပဲ၊ အဲဒီ အဆိုတော်ရဲ့သီချင်းလေးကို နားထောင်ချင်နေတယ်။

'အမ်…'

သေပြီဆရာပဲ …။ ကောင်မလေးက အောင့်သီးအောင့်သက် အနမ်းခံလိုက်ရတာမို့ သူ့အား ပြန်ကျပ်လာသည်။

'ဘယ်လို… ဘယ်လို… Hit ဖြစ်နေတဲ့အဆိုတော်ဟုတ်လား၊ သူကြည့်ရတာ ဝမ်းချုပ်နေတဲပုံစံဟုတ်လား…'

'ဟုတ်တယ်။ ရှင်ကမော်ဆရာဆိုတော့ မော်အတော်နဲ့များ သိနေမလားလို့ပါ။ ဒါပဲနော်…ကျမဖုန်းချလိုက်တော့မယ်၊ နေ့လည်ထမင်းစားရင် ကျွန်မရိုးရိုးလေးစားသောက်ဆိုင် မှာရှိ

www.burmeseclassic.com

www.burmeseclassic.com



မယ်။ အဲဒီကန်တင်းမှာ မိုးနားထောင်ချင်တဲ့သီချင်းလေးများ နေလည့်ဆယ်နှစ်နာရီ တိတိမှာ ကြားလိုက်ရမယ်ဆိုရင်တော့… မိုးလေ… သိပ်ဝမ်းသာရှာမှာ…'

သူမက ထိုသို့ပြောပြီး ဖုန်းကိုဥက်ခနဲ ချလိုက်သည်။

ဒုက္ခ… သူကပဟေဠိတွေ အဖြေညှိတတ်တဲ့သူမှ ဟုတ်။

ဒါကြောင့် သူတို့တိုင်ပင်နေတဲ့ မောင်ဆွေးမြေ့ (ကြို့ပင်ကောက်)ကိုပဲ သူက ပြန်တိုင်ပင်လိုက်ရလေတော့သည်။

'ကိုဆွေးမြေ့… ခင်ဗျားကိစ္စလေး ဆွေးနွေးတာ ခဏရပ်ရအောင်၊ တောင်းပန်ပါတယ်ဗျာ အရေးကြီးကိစ္စ ဝင်လာလို့ပါ။ ခင်ဗျားကို ကျွန်တော်နည်းနည်းလောက် ပြန် တိုင်ပင်ကြည့်ချင်လို့'

'အင်…စောစောကငါပြောနေတာ ဘယ်နားရောက်သွား ပြီလဲ…။ သြော်… စိန်ကြည်ဌေး(အင်းတကော်)ကို သူ့အိမ်ကပါ်စင်း ငုံ့ပွဲစားမောင်အေးဖေနဲ့ သဘောတူတဲ့နေရာ… ကဲ… ပြောပြော ဘာတိုင်ပင်မှာလဲ'

'အခု ဘယ်အဆိုတော်တွေ hit ဖြစ်နေလဲ…'

'ဗညားဟန်တို့၊ ပိုင်သက်ကျော်တို့၊ မုဒုံကိုကိုနိုင်တို့ (Hit) ဖြစ်နေတယ်ကွ။ အောင်အေးချစ်လည်း သူတို့ကိုမှီ လာပြီ…'

'အဲ… အဲဒီအဆိုတော်ထဲမှာ ဘယ်အဆိုတော်က ဝမ်းချုပ်တဲ့လေသံနဲ့ သီချင်းဆိုနိုင်လဲ…'



'ဟော… နေဦးကွ… ဝါဆိုဝဿန်မိုးသည်းနဲ့အတူ… အရောက်ပြန်လာခဲ့ပါ့မယ်…မိဝဿန်ရယ်… မင်းပြောခဲ့ တယ်လေ …အဲဒါဝမ်းချုပ်သံတော့မဟုတ်ဘူး။ဗညားဟန် ရင်ထဲက ဖီးလ်တက် ပြီးအီးထွက်တဲ့ moodနဲ့ဆိုထားတာ…၊ ပိုင်သက်ကျော်ကျတော့လည်း ရှိုက်သံလေးနဲ့ဆိုတာကွ၊ ဝမ်းချုပ် တဲ့အသံတော့ မဟုတ်ဘူး …။ ကိုကိုနိုင်… ကိုကိုနိုင်ကတော့ မွန်ပြည်နယ်ဆိုကရေတီး ကနေ …။

'နေ…နေ…နေတော့ ကိုဆွေးမြေ့ ရပြီ…ရပြီ'

'သူပဲ တိုင်ပင်မယ်ဆိုလို့ ပြောပြရသေးတယ် တော်ပြီ တော်ပြီ…။ ငါသွားပြီ…'

'နေဦးလေ…ဘယ်ကိုတုန်း…'

'စာကြည့်တိုက်ကို…'

'ဟင်…ဘယ်သူနဲ့ချိန်းထားလို့လဲ…'

'စိန်မေအေး(သံယောဇဉ်)နဲ့…'

'ဟောဗျာ…'

မောင်ဆွေးမြေ့(ကြို့ပင်ကောက်)က တကယ်ပင် စိတ်ဆိုးကာ ဆောင့်ဆောင့်အောင့်အောင့်နှင့် ဖင်လေးကောက် ကာ703မှ ထွက်သွားလေပြီ။

မိုး…။ မိုး…အတွက် ထည့်စဥ်းစားပေးရဦးမည်။ နာရီကြည့်တော့ ဆယ်တစ်နာရီဆယ်ငါးမိနစ် ဒုက္ခပါပဲ…။ မိုးဘို ဘာကြောင့်မှန်းတော့မသိ၊ လုပ်ပေးနိုင်တာမှန်သမျှကို ရင်ထဲ အသည်းထဲကနေ လုပ်ပေးလိုလှသည်။

www.burmeseclassic.com



ကြယ်စင်မိုး နားထောင်ချင်တဲ့အဆိုတော်က မောင်ချွေး မြေ့(ကြိုပြင်ကောက်)ကြိုက်တဲ့ လိုင်းမျိုးတော့မဖြစ်နိုင်။ ဟစ်ဟော့(ပ်) လား…။ R & B လား…။အခု ဘယ်သူတွေ ခေတ်စားနေကြ သလဲ…။

ဒုက္ခပါပဲ… အဆိုတော်တွေက အများကြီး။စဉ်းစား လိုက်တော့ ပိုတောင်ထွက်လာသေးသည်။တပည့်တော် မောင်ဟိန်းဇေယျကို မျက်နှာသာပေးတော်မူပါ ဘုရား…။

နေဦး…ယဉ်ပို့မဒီကို ဆိုက်ကိုသုံးခဲ့တုန်းက အဆိုတော် နာမည်တွေ အတွဲလိုက်ကြီးသုံးခဲ့တာ သူမှတ်မိသေးသည်။

စိုင်းစိုင်း၊ ရဲလေး၊ အောင်လ၊ ဘန်နီဖြိုး၊ ဝိုင်းဝိုင်း…။

အနောက်ကနေ စယူကြည့်မယ် ဝိုင်းဝိုင်းလား… မဖြစ်နိုင်၊ အခွေမထွက်တာတောင် အတော်ကြာနေပြီ။

ဒါဆို …ဘန်နီဖြိုး။ သူ့အခွေထွက်ထားတာ ဘာမှမကြာသေး။ တေးသံသွင်းဆိုင်တွေမှာ ဘုတ်ထောင်ထား တာတွေ့မိသည်။ ခက်တာက title သတိမထားမိ။

ဘယ်သူ့ကိုမေးရင် ကောင်းမလဲ…။ ဘန်နီဖြိုးက hit ဖြစ်တာတော့ သေချာတယ်။ သီချင်းဆိုတဲ့အသံက ဝမ်းချုပ်သံမှ မဟုတ်တာ။ ကဲပါ… အဲ့ဒါလှည့်ကွက်လည်း ဖြစ်နိုင်တယ်။ လင်းစစ်ကို ဖုန်းဆက်မေးမှ…။

သူ ကမန်းကတမ်း လင်းစစ်ဆီဖုန်းဆက်လိုက်သည်။

'ဩော်…အရေးထဲကွာ…'

အရေးထဲ 'လူကြီးမင်း'နဲ့တိုးနေသည်။ အချိန်တွေက



တရွေ့ရွေ့စီးဆင်းဆဲ။ ဟင်း…ဒုက္ခပါပဲ။ လင်းစစ်ကို ထိုင်စောင့် နေလိုက်တာ။ အချိန်အတော်လင့်သွားသည်။ ဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ် အလို…

မြတ်စွာဘုရား…ငါဘာ့ကြောင့် လင်းစစ်တစ်ယောက် ထဲကို ထိုင်စောင့်နေခဲ့မိပါလိမ့်။ တခြားသူတွေကို ဖုန်းဆက်မေး ကြည့်လည်းရတာပဲ။ ငါဟာ စိတ်ကိုဉာဏ်လွှာသုံးနိုင်တဲ့ စိတ်ပညာကျောင်းသားမှ ဟုတ်သေးရဲ့လား။

ဟုတ်ပြီ။ ယဉ်ပို့မဒီ…သူကလန်းသည်၊ အားလုံးကို သိနိုင်သည်။ ဖုန်းဆက်ပြီးမေးကြည့်မှ၊ သူ့ကိုရည်းစားစကားပြော မယ်ထင်နေလဲ ဒုက္ခ…။ ငါ့နှယ့်နော်။

'ကဲပါ…ဟာတ်ချလောင်း…'

သူ ယဉ်ပို့မဒီထံ ဖုန်းဆက်လိုက်သည်။

'ပြော…ဘာလဲ…ယူ့ အိုင့်ကိုသတိရလာပြီပေါ့လေ… ဟွန်း…'

ထင်တဲ့အတိုင်း အိုဗာတင်းမမက တစ်မျိုး…

'သတိရတယ်။ သတိရတာက…ဟို လေ… မေးစရာလေး တစ်ခုရှိလို့…အဟီး'

'ခတ်လုံးကိစ္စမဟုတ်လား…ပြန်ပေးလိုက်ပါပြီ ပိုင်ရှင် ကို ယဉ်ပို့မဒီတို့က ခတ်လုံးလက်စွပ်ဝတ်ဝတ်မဝတ်ဝတ် ဒီလိုပဲရှောင် ပုန်းနေရတာပဲ…အဟင်း ဟင်း'

ဩော်…အရေးထဲ…ငါ့နှယ်….

'ဟုတ်ပါပြီ…ဟုတ်ပါပြီ…ဟိုလေ…အခု ဘန်နီဖြိုး

www.burmeseclassic.com

www.burmeseclassic.com



စီးရီး ထွက်ထားတယ်မဟုတ်လား title ကဘာတဲ့လဲ'

'ဘာလုပ်ဖို့လဲ…'

'အသည်းအသန် လိုအပ်နေလို့ပါ…'

'ချစ်တယ်…ဟုတ်…ချစ်တယ်…ဟုတ်။ ကျေနပ်ပြီလား…ဟွန်း'

'ခ…ခင်ဗျား…ကျွန်…ကျွန်တော် ခင်ဗျားကို ရည်းစား စကားပြောနေတာ မဟုတ်ဘူး'

'အို…ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ရှင်ပဲမေးပြီး ဘန်နီဖြိုးအခွေနာမည်က ချစ်တယ်…ဟုတ် ဘယ်လိုလူမှန်းမသိဘူး…'

'ဩော်…ဂလိုလား…ဆောဒီး…ဆောဒီး… အပါး'

ဟိုဘက်က ဖုန်းကို ဂွက်ခနဲချသွားသည်။ သိဘူးလေ …ချစ်တယ် ဟုတ်ဆိုတော့ လန့်သွားတာပေါ့။ ရှော့(ခ်)မမ ဆိုတော့ ကြောက်ရတယ်။

ဟင်… အချိန်ကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးဖို့ သုံးမိနစ်။ 'ချစ်တယ်…ဟုတ်'ကတော့ ဟုတ်ပါပြီ၊ နောက်ပြီးဘာဆက်လုပ်ရမှာတုံး စဉ်းစားပါဦး…။ စဉ်းစားပါဦး အရပ်ကတို့ရေ…။

ချစ်တယ်..ဟုတ်ဆိုတော့… ချုပ်တယ်… ဟစ်များလား။

ဟမ်…။

အဲလိုယူရမှာလား…။ 'ချုပ်တယ်…ဟစ်'

'ဟစ်'ဆိုတာလည်းပါတယ်။ ချုပ်ဆိုတာလည်းပါ



တယ်။ အဲ…အဲ…အဲလိုပဲဖြစ်မယ် တူပါရဲ့။

'အခု ဟစ်ဖြစ်နေတဲ့ အဆိုတော်။ သူ့ကြည့်ရတာ ဝမ်းချုပ်နေသလိုပဲ'

ဟုတ်ပါတယ် သူမ ဘန်နီဖြိုးအခွေ နားထောင်ချင်တာ ကို လှည့်ကွက်သုံးပြီး မေးသွားတာပါ။

'ရီးရီးလေး' စားသောက်ဆိုင်။ဒါကကိစ္စမရှိ သူဖုန်းမကိုင် နိုင်ခင်တုန်းက အဲဒီဆိုင်ကောင်တာကနေ ဖုန်းဆက်ဖူးပါသည်။ ဖုန်းနံပါတ်ကလွယ်လွန်းလို့ အလွတ်မှတ် မိနေပါ၏။

အချိန်ကြည့်လိုက်တော့ ဆယ့်နှစ်နာရီအတိ။ ဟယ်… မယ်…လေး။ သူ့ရီးရီးလေးစားသောက်ဆိုင်ဆီ ဖုန်းကောက် ဆက်လိုက်သည်။

'လုပ်ပါဗျာ…အရေးကြီးလို့ပါ ဘန်နီဖြိုးရဲ့ ချစ်တယ် ဟုတ် အခွေလေးဖွင့်ပေးစမ်းပါ။ ခင်ဗျာ…ဩော်… ကျွန်တော် ဆိုက်ကိုက ဟိန်းဖေယျပါ။ အဲ့ဒီမှာ ဟိုနည်းနည်း သွပ် ချောင်ချောင်ဖြစ်နေတဲ့ ကောင်မလေးက အဲဒီအခွေနားထောင် ချင်နေလို့ ကျွန်တော့်ကိုဖုန်း ဆက်ကျပ်နေလို့ပါ…ဒါပဲနော်… အပါး'

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၅ )

ကျွန်မက မော်ဆရာကိုစိတ်မဆိုးပါဘူး၊ ဝမ်းပဲနည်းသွားတာ။ သူပြောသလိုပေါ့ ကျွန်မရဲ့စိတ်တွေဟာ မွစာကြဲစုတ်ပြဝ်နေတယ်ဆိုတာလေ မော်ဆရာဟာ စိတ်ကိုအကဲခတ်တဲ့နေရာမှာ သိပ်ကိုတော်ပါတယ်။

ကျွန်မစိတ်တွေဟာ အမြဲလိုလိုမွစာကြဲစုတ်ပြတ်နေတတ်တယ်…ဟိုး…လွန်ခဲ့တဲ့နှစ်များဆီက ကို့ဆီတစ်မိနစ်ဖုန်းခေါ်ပြီးတဲ့ နောက်ပိုင်းမှာပေါ့။

'မလာဘူး…မလာဘူး၊ ဘာမှမဖြစ်ဘူး' လို့ ကသိကအောင့်နဲ့ခါးခါးသီးသီးအပြောခံပြီးရတဲ့နောက်ပိုင်းမှာတော့ ကျွန်မဟာ Loss of identity (ကိုယ်ရည်ကိုယ်သွေး ပျောက်ဆုံးခြင်း) ဖြစ်ခဲ့ရတယ်။

သိက္ခာတစ်ပြားသားမှမရှိတဲ့ မိန်းကလေးတစ်ယောက်လို လောကကြီးထဲ ညှိုးညှိုးငယ်ငယ်အသက်ရှင်နေရတယ်။ Big



Big World သီချင်းထဲကလိုပါပဲ…။

မော်ဆရာက လေထဲကအနမ်းကုထုံးနဲ့ ကုသပေးပါတယ်။ အောင့်သီးအောင့်သက်ပါပဲ…တကယ်ဆို ကျွန်မကို နမ်းခွင့်ရှိတာကို တစ်ယောက်ပဲ မဖြစ်သင့်ဘူးလား။

ကျွန်မ မော်ဆရာဆီကရခဲ့တဲ့အနမ်းကို မကျေနပ်လို့ လျှော်ကြေးပြန်လိုချင်တဲ့အတွက် Puzzle တစ်ခုမေးပြီး ကျပ်လိုက်တာပါ။ တကယ်တော့ သူဟာအင်မတန်အလုပ်ရှုပ်တဲ့ ဆိုက်ကိုကျောင်းသားတစ်ယောက်ပါ။ ကျွန်မနားလည်ပါတယ်။

ကျွန်မ ရိုးရိုးလေးကို ရောက်နေတာကြာပြီ။ ကျွန်မကို အရေးတယူလုပ်မယ့်လူတစ်ယောက်ကို မသိစိတ်ကရှာဖွေနေတာလည်းဖြစ်ကောင်းဖြစ်မှာပေါ့။

ကျွန်မ ဘန်နီဖြိုးသီချင်းကို နားစွင့်နေမိတယ်။ အခုအချိန် အထိဖွင့်နေတဲ့သီချင်းတွေထဲမှာတော့ ဘန်နီဖြိုးရဲ့ သီချင်းတစ်ပုဒ်တလေတောင်မပါသေး။ ကျွန်မတဖြည်းဖြည်းနဲ့ သေးနုံ့နုံ့လေးဖြစ်သွားသလိုတောင် ခံစားရတယ်။

အင်းပါ။ ကျွန်မဟာ ဘယ်အချိန်မဆို သေးနုံ့နုံ့လေးဖြစ်နေရတဲ့သူပါ။ မော်ဆရာအုံးစားပြီး မစဉ်းစားပေးတာ မလွန်ပါဘူး။

'ရှင်းမယ်…ပိုက်ဆံ…'

ဆယ့်နှစ်နာရီထိုးပြီး ဆယ်မိနစ်…။

ဝမ်းနည်းအားငယ်စွာနဲ့ပဲ စားပွဲထိုးလေးကို လှမ်းခေါ်လိုက်စဉ်…

www.burmeseclassic.com

www.burmeseclassic.com



× × ×အမှတ်တမဲ့ဖြစ်လာရတဲ့ အဖြစ်အပျက်များရယ် ငါ့အတွက် × × ×အမှတ်ရဖြစ်လာလိမ့်မယ် × × ×ငါကိုယ်တိုင်တောင် မထင်မိခဲ့× × ×တစထက်တစ ပိုတိုးတယ်× × ×သံယောဇဉ်ကြိုး အရောင်ဆိုးတယ်× × ×အိမ်မက်များလည်း တစစီပြန်လည်ရိုက်ချိုးပြီး× × ×

ဟင်…။ ဒါ…ဘန်နီဖြိုးသီချင်း…။

အို…။

ကျွန်မတော်တော်လေး လှုပ်လှုပ်ရှားရှား ဖြစ်သွားခဲ့ရတယ်။ ဒီသီချင်းကို ဘယ်သူဖွင့်တာလဲ…

× × ×နှင်းစိတ်မဆိုးနဲ့နော်× × ×ငါလေဖွင့်ပြောမိလို့× × ×တော်ပြီ နောက်တစ်ခါ ငါ့ခံစားချက်များ မျိုသိပ်ကာ တစ်ယောက်တည်းပဲ× × ×နှင်းသိပ်မဆိုးနဲ့နော်× × ×ဟိုအဝေးရောက်ရင်× × ×ကမ္ဘာတွေခြားလို့ထားတောင်× × ×ငါ့ရဲ့အတွေးတွေ မင်းအနားရှိနေဆဲ× × ×အဝေးရောက်သွားခိုက်မှာ× × ×

စားပွဲထိုးလေးက သူမချိုတုံချတုံဖြစ်နေတုန်း အနားရောက်လာသည်။

'ရှင်းမှာလား အစ်မ…'

'ရှင်းမှာ…နေဦး… ဒီသီချင်း ဘယ်သူဖွင့်ခိုင်းတာလဲ…'

'အင်း…ကောင်တာကအစ်ကိုကြီးဖွင့်တာပဲ၊ သူအဲဒီအခွေရှာနေတာ စောစောကတည်းက ဆယ်မိနစ်လောက်တောင်ရှိပြီထင်တာပဲ'



'အိုကေ…အိုကေ…အစ်မကောင်တာမှာပဲ ပိုက်ဆံသွားရှင်းလိုက်မယ်နော်'

ဒီလိုနဲ့ကောင်တာကိုရောက်တော့…

'သီချင်းလေးက ကောင်းတယ်နော်၊ ဒီသီချင်းရှင်ဖွင့်ထားတာလား…'

'ကျွန်တော်တို့က ဘယ်လိုခေါ်မလဲ…အင်း… University F.M တွေပေါ့ဗျာ။ အဟီး… ဖုန်းဆက်ပြီးသီချင်းတောင်းရင် ဒီလိုပဲဖွင့်ပေးလိုက်ရတာပဲ။ ကျောင်းသားတစ်ယောက်ဖုန်းဆက်ပြီးသီချင်းတောင်းလို့ ဖွင့်ပေးလိုက်တာပါ။ ဘန်နီဖြိုးရဲ့ချစ်တယ်… ဟုတ်အခွေဖွင့်ပေးပါတဲ့'

'အဲဒီကျောင်းသား ရှင်သိလား…'

'သိပ့်…ဆိုက်ကိုက ဟိန်းဇေယျလေ။ ဟိုတစ်လောကတောင် ကျွန်တော့်မိန်းမနဲ့ရန်ဖြစ်လို့ သူ့ဆီသွားတိုင်ပင်ရသေးတယ်။ အဟီး…အခွေပျောက်နေလို့ဗျာ။ ရှာနေရတာဆယ်မိနစ်လောက်ကြာသွားတယ်'

'ဩော်…ဩော်'

'သံစဉ်ကုထုံး…တဲ့ဗျ။ သွပ်ချာချာကောင်မလေးတစ်ယောက် ဒီရောက်နေလို့ ဖွင့်ခိုင်းလိုက်တာတဲ့။ ကေနှ… ခင်ဗျားများလားမသိဘူး…'

'အို…မဟုတ်ပါဘူး တောက်တီးတောက်တဲ့'

နောက်ဆုံးတော့လည်း အရှုးဟာသူအရှုးမဟုတ်ကြောင်းပြောတတ်တဲ့ အကွက်နင်းပြီးသူမရှိုးရှိုးလေး စားသောက်ဆိုင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



ထနေ ရုပ်တည်ကြီးနှင့်ထွက်လာခဲ့ရသည်။

× × ×တစ်နေ့နေ့ တို့ပြန်တွေ့ရင်× × ×သိမ်းဆည်းထားတဲ့ အချစ်တွေ× × ×အားလုံးမင်းအတွက်ပဲလေ× × ×ယုံကြည်စွာယူလိုက်ပော့× × ×

ဘန်နီဖြိုးသီချင်းကတော့ သူမနားထဲမှာ ဆွတ်ပျံ့စွာကြား ယောင်ဆဲ...။

ဟော...။

ဖုန်းထဲကို မက်ဆေ့(ချ်)တစ်စောင် ဝင်နေပြီ။

ဘုရားရေ...မော်ဆရာဆီကပဲ။သူမဖွင့်ဖတ်လိုက်သည်။ စာကတိုတိုလေးပါ။

'အိုကေလား?...'တဲ့။ အပြုံးသင်္ကေတလေး :) လည်း နံဘေးမှာပါတယ်။

အိုကေတာပေါ့။ ကျွန်မသိပ်ကြည်နူးပါတယ်။ ကျွန်မ ဒီနေ့အတွက် သေးနုံနုံလေးမဖြစ်တော့ပါဘူး။ ရှင့်ကို ကျေးဇူးတင်ပါတယ် မော်ဆရာ။

သူမလည်း မော်ဆရာ့ဆီ short note ကလေး re-ply ပြန်လိုက်သည်။

'Thank you'

သိပ်မကြာ မော်ဆရာ့ဆီက ဒုတိယမက်ဆေ့(ချ်)ဝင်လာသည်။ သူမဖွင့်ဖတ်လိုက်တော့ အနည်းငယ်မျက်လုံးပြူး သွားရ၏။

':* for moe'တဲ့...။



:* ဆိုတာ အနမ်းရဲ့သင်္ကေတပါ...။ 'မိုးအတွက် အနမ်း'ဆိုတဲ့အဓိပ္ပာယ်ပေါ့နော်။ ဟင့်အင်း...ကျွန်မကို ရှင်နမ်းချင်တိုင်းနမ်း ပိုင်ခွင့်မရှိဘူး။ ဒါပေမဲ့ဘယ်လိုပဲဖြစ်ဖြစ် ကျေးဇူးပါ... မော်ဆရာ။

ကျွန်မလေ ၂၀၀၆၊ မတ်လ-၁၂ရက်နေ့က ရန်ကုန်မှာ ပထမဆုံးပွင့်ခဲ့တဲ့ ပိတောက်ပန်းရနံ့တွေ ထူးထူးခြားခြား ရနေမိတယ်။ အဲဒါ...ရှင့်ရဲ့မော်အစွမ်းကြောင့်များလား။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

'Kiss! …'

နှစ်ပေခွဲလောက်ပဲ အကွာအဝေးရှိတဲ့ သူမနှုတ်ခမ်းလေးဆီ kiss ဆိုပြီး အနမ်းတစ်ပွင့်လေးနဲ့ မှုတ်ထုတ်ပေးလိုက်သည်။

နှစ်ယောက်စလုံး ခပ်တည်တည်ကြီးတွေနဲ့။

ကောင်မလေးကတော့ ဘယ်ကျေနပ်ပါ့မလဲ … အဓိပ္ပာယ်ဖွင့်ဆိုဖို့ တစ်မျိုး သက်ရောက်တဲ့အပြုံးတစ်ပွင့်ကို မပီမပြင်ပြုံးရင်းသူမနှာခေါင်းကို လက်ညှိုးနှင့်ပွတ်လိုက်သည်။

ဒီလိုအမူအကျင့်မျိုးကို မိန်းမချောလေးများ အခံရခက်တဲ့အခါမှ လုပ်တတ်ကြောင်း ဟိန်းဇေယျာသတိထားမိပါ၏။

'အင်း…အင်း…ရပြီ'

'မိုးတကယ်ကျေနပ်ပါတယ်၊ ဒီနေ့သူပျော်ပါလိမ့်မယ်။ ဒီနေ့အတွက်လုပ်ဆောင်စရာရှိတဲ့ ကိစ္စတွေကို စိတ်နှစ်ပြီး လုပ်ကိုင်နိုင်ပါလိမ့်မယ်။ ကိုယ်ညက မိုးရဲ့ဓာတ်ပုံကိုကြည့်ပြီး



စကားတွေအများ ကြီးပြောထားတယ်'

'လက်ချာဝင်ရဦးမယ်…ကျွန်မသွားတော့မယ်…'

'take care …မိုး…'

သူမက ခေါင်းတစ်ချက်ဆတ်ရင်း 703 မှထွက်သွားလေပြီ။ ဒီတော့မှ သူ'ဟင်း'ချနိုင်တော့၏။

အမလေး…အဆင်ပြေပြေတော့ ပြီးသွားသား။ မနေ့က ဟာစ်ဖြစ်ပြီး ဝမ်းချုပ်နေတဲ့အဆိုတော်ကိစ္စ သူမလည်းမမေးသလို ကိုယ်လည်းမပြောဖြစ်။

အစပ်အဟပ်တည့်သွားလို့ပဲ ဖြစ်မှာပါ…။

ကဲ…ဒီနေ့ကော…။

ပေးလိုက်တဲ့ အနမ်းတစ်ပွင့်အတွက် လျှော်ကြေးတစ်ခုခုများ တောင်းဆိုဦးမှာလား၊ ဖုန်းပိတ်ထားရရင်ကောင်းမလား။

ဟင့်အင်း… မိုးကြိုက်သလောက် ကျပ်ပါစေ။ မိုးစိတ်မကောင်းဖြစ်သွားမှာကိုတော့စိုး၏။

ဟော…တွေးနေတုန်းပဲရှိသေးတယ် သူမ703 ထဲပြန်ဝင်လာပြန်ပြီ…။ နည်းနည်းတော့ မျက်ခုံးလှုပ်တယ်။

'ဘာ ကျန်ခဲ့လို့လဲ…မိုး'

'ကျန်ခဲ့လို့ မဟုတ်ဘူး၊မိုးကပြောတယ်… ဟို…သိပ်မ ကျေနပ်ဘူး…တဲ့'

'ဟင်…'

သူ့ရှေ့မှာ ဥာဏ်နီဥာဏ်နက်ကလေးထုတ်ပြီး ခပ်ညစ်ညစ် ပြောနေတဲ့ပုံစံကလေးက နည်းနည်းတော့

www.burmeseclassic.com

www.burmeseclassic.com



ချွန်စရာကောင်းနေသည်။

'ဘာကို မကျေနပ်တာလဲဟင်…'

'မိုးက… ဒီနေ့ကျောင်းဆင်းရင် ဆိုင်တစ်ဆိုင်ကို သွားချင်နေတယ်'

'ဟုတ်လား…ဘယ်ဆိုင်လဲ'

'မောင်ဆရာ လိုက်ပို့ပေးမှာလား…'

'ပို့ပေးမှာပေါ့… ဩော်… ကိုယ့်မှာတံမြက်စည်းတော့ ပါမလာဘူးနော်၊ ကားပဲပါလာတယ်။ တံမြက်စည်းစီးချင်တယ်လို့တော့မလုပ်နဲ့ အဲလောက်အစွမ်းမထက်ဘူး'

ကောင်မလေးက သူ့စကားကြောင့် ထိန်းထားရင်းက တစ်ချက်ရယ်လိုက်သေးသည်။

'အင်းပါ … ကောင်းကင်က သွားရမှ မဟုတ်ပါဘူး၊ ကတ္တရာလမ်းပေါ်ကသွားလည်း ဖြစ်ပါတယ်'

'ဟုတ်ပြီလေ… ကျောင်းဆင်းတော့ သွားကြတာပေါ့၊ ဘယ်ပို့ပေးရမလဲ'

'ဆိုင်တစ်ဆိုင်ကိုပါ…'

'ဘယ်ဆိုင်လဲ…'

'သိတယ်မဟုတ်လား မိုးစိတ်တွေက ဒဏ်ရာဒဏ်ချက်တွေနဲ့မွစာကျဲစုတ်ပြတ်နေတဲ့သူဆိုတော့ ဆိုင်နာမည်ကို မေ့နေတယ်လေ…'

'ဟင်…'

'သူသိတာ တစ်ခုတော့ရှိတယ်…'



'ပြော…ပြောကြည့်လေ…ဂလု…'

'အဆိုတော်တစ်ယောက် ဘဲမွေးတဲ့ဆိုင်'

'အမ်…'

သေဟာ…။ သေဟာ…။ သေဟာ…။

'မိုးက တော်တော်ရစ်တာပဲနော်'

'ဟုတ်တယ် မိုးက နည်းနည်းရစ်တယ် အဟဲ…'

'နည်းနည်းလောက်တော့ သဲလွန်စလေးပေးပါဦး မိုးရယ်…။ ကိုယ်ကျောင်းဆင်းရင် တကယ်လိုက်ပို့ပေးပါ့မယ်'

'မိုးက ဒီလောက်ပဲမှတ်မိတာရှင့်၊ ရှင်ကမောင်ဆရာဆိုတော့ မောင်အစွမ်းနဲ့သိချင်သိနေမှာပါ။ ဩော်… မိုးကသွားတော့မယ်တဲ့၊ ညနေသုံးနာရီ ကျောင်းထိပ်ကစောင့်နေမယ်တဲ့၊ သွားပြီနော် တာ့တာ…'

သွားပြီ… ပြောချင်ရာတွေပြောပြီး တကယ်ကိုထွက်သွားလေပြီ။ နမ်းချင်ဦး…။ နမ်းချင်ဦး…။ နမ်းချင်ဦး…။

လေထဲမှာအငွေ့နဲ့ နမ်းနေရပြီး အပီအပြင်ကို အကျပ်ခံနေရပြီ။ ကဲ…ဘယ်လိုလုပ်ကြမလဲ…Mental Consultant သမားတော်ကြီးရဲ့ ကြားလို့မှတော်ကြသေးရဲ့လား…။ ဟင်…။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၇ )

လက်ချာချိန်မှာ စာကိုစိတ်မဝင်စားပဲ ကကြီး၊ ခခွေးများ အတန်းလိုက်ချရေးနေသောသူ့ကို လင်းစစ်က မျက်နှာ ခပ်တည်တည်နှင့်…

'ဟိတ်ကောင်…ဟေ့ဟိန်း…ဘာလုပ်နေတာလဲ'

'ကကြီး၊ ခခွေးတွေချရေးနေတာလေ၊ မင်းမမြင်ဘူး လား အဟီး'

'ကုထုံးတွေက စွမ်းတယ်လို့တော့ကြားတယ်၊ လူ ကတော့ဂေါက်နေပြီ ထင်တာပဲ'

လင်းစစ်ကိုပြန်လည်ရန်တွေ့ရန် သူ့မှာအချိန်များများ စားစားမရှိ။ ဘယ်ကနေစပြီး ဘယ်လိုစဉ်းစားရမှာပါလိမ့် အရင် Puzzle လိုပဲပြောင်းပြန်ကောက်ရမှာလား။ အင်း… အရင် Puzzle တုန်းက လည်းလွယ်လွယ်ကူ ပြောင်းပြန်ကောက်လို့ ရခဲ့တာမဟုတ်။



သူပေးတဲ့ သဲလွန်စကို အဖြေတစ်ခုထုတ်ပြီးမှ ရထားတဲ့ အဖြေကို ပြောင်းပြန်ပြန်ကောက်ယူရတာ။ အခုဟာက Step-1 တောင် မကျော်နိုင်သေး…လူလည်း ချွေးပြန်နေပြီ။ အချိန်ကြည့်လိုက်တော့ အရှုံးရင့်တဲ့အချိန်…။

'အဆိုတော်တစ်ယောက်က ဘဲမွေးတဲ့ဆိုင်…'

ဒါကိုအတည်ယူပြီး စဉ်းစားမလား… ဟုတ်တယ်။ အခုခေတ်က သိပ်ပြောလို့ရတာမဟုတ်ဘူး။ ဇာတ်မင်းသားက ရုပ်ရှင်တက်ရိုက်တယ်။ ရုပ်ရှင်မင်းသားက ဒါရိုက်တာလုပ်တယ်။ မော်ဒယ်ဂဲလ်က နည်းနည်းနာမည်ရလာတာနဲ့ အဆိုတော် လုပ်တယ်။ အဆိုတော်က လူရွှင်တော်လုပ်တယ်။ စာရေးဆရာက ပါတီထောင်တယ်။ ကဗျာဆရာကစာကြည့်တိုက်ဖွင့်တယ်။ ရုပ်ရှင်မင်းသားက ပရဟိတလုပ်တယ်။ Hip Hop အဆိုတော်က အမတ်နေရာဝင်ပြိုင်တယ်။ ခေတ်ကိုက ချာလပတ်ရမ်းနေတဲ့ ခေတ်။

'အင်း…ဘယ်အဆိုတော်များ ဘဲတွေမွေးပြီး ရောင်း စားနေပါလိမ့်။ အလန်းထဲက စဉ်းစားကြည့်ဦးမယ်…။

ရောသမမွှေ သားစိုးများလား၊ သူကတော့ ပညာရေးဝန် ဆောင်မှုကုမ္ပဏီထောင်ထားတယ် ကြားတာပဲ၊ ပြောလို့ရတာ မဟုတ်ဘူး၊ နတ်ဒိုးလေးဆိုပြီး ဘဲကျောင်းချင်ကျောင်းနေမှာ။ အလန်တော့ အလန်တွေထဲက…

ကြက်ဖများလား…သူကလည်း မိန်းမရပြီး တောင်ဒဂုံမှာ နေနေတယ်ဆိုလား။ စတန့်ထွင်ပြီးဘဲ[illegible]ချင် မိန်းမ

www.burmeseclassic.com



ထရိုက်ချင်ရိုက်နေမှာ။ အိမ်ထောင်ဦးမှာတော့ ဒီလိုပေါက်တက်ကရတွေ လုပ်ဦးမယ် မထင်ပါဘူး။

မြှုမြှုကျော်သိန်းများလား။ ပြောလို့ရတာမဟုတ်ဘူး။ 'မြှု မြှုဒီနေ့ဘာသီချင်းဆိုပြရမလဲ' ဆိုပြီး ဘဲတွေကို မေးချင်မေးနေမှာ။ အို…မဟုတ်သေးပါဘူးလေ။

ချစ်သုဝေများလား သူကတော့နွဲ့ညှို့တယ်။ 'ထရီဇာ့ဘဝမှာ ဒီဘဲလေးကန့်ပါတ်တစ်ပါပဲ' ဆိုပြီးဘဲဆေးခန်းဖွင့်ချင်လို့ ဘဲမွေးရင်လည်း မွေးနေမှာပဲ။

ကဲ…ရှုပ်ပါတယ်အဆိုတော်တွေကို အုပ်စုဖွဲ့ကြည့်လိုက်ဦးမယ်… အုပ်စု(က)ကြိုးကြာ၊ ကြက်ဖ၊ ကျားပေါက်၊ ကောင်းမြတ်၊ ဂီတလုလင်မောင်ကိုကို၊ ကိုမင်းနောင်၊ ကိုမြကြီး၊ မောင်မောင်ကြီး၊ ဖြိုးကြီး၊ မျိုးကြီး။

စဉ်းစားရင်း သူခေါင်းနောက်လာသည်။ ထိုအချိန်တွင် လက်ချာကပြီးဆုံးသွားသဖြင့် သူစိတ်ညစ်ညူးစွာစာသင်ခန်းထဲမှ ထွက်လာခဲ့သည်။

ဘာလုပ်ရမလဲ…။ ဘာလုပ်ရမလဲ…။ ဘာလုပ်ရမလဲ… ဒုက္ခပါပဲ…။

'ဘာတွေစဉ်းစားနေတာလဲ သား…'

ပြုံးပြုံး ပြုံးပြုံးနဲ့အနားသို့ရောက်လာသော လူတစ်ယောက်။ သူကြည့်လိုက်တော့…

'ဟင်…ဆရာကြီး'

ပါမောက္ခ ဦးထင်ကရ။



'ဘာတွေစဉ်းစားနေတာလဲကွ။ ငါ့လည်းဝင်တိုက်မိပါဦးမယ်'

'ဆောရီးပါ…အဲ…ကန်တော့ပါဆရာကြီးရယ် အတွေးရကျပ်နေလို့ပါ…'

'ဟား…ဟား… ပြောကြည့်ပါသားရဲ့။ ဆရာလည်းဝင် ခွေးနွေးလို့ရတာပေါ့'

'စိတ်ပညာနဲ့တော့မဆိုင်ပါဘူး ဆရာကြီးရယ် စကားလိမ်တစ်ခုကိုဖြေနေတာ'

'ပြောပါ…ဆရာလည်း တွေးပေးနိုင်ပါတယ်'

သူလည်းပြောသင့်မပြောသင့်ချင့်ချိန်ပြီးမှ မသက်သာတဲ့အဆုံး ခပ်ရှက်ရှက်နှင့်ပင်…

'အဆိုတော်တစ်ယောက်က ဘဲမွေးလို့တဲ့ဆရာကြီးရေ၊ အဲဒီအဆိုတော်ဘဲမွေးတဲ့ဆိုင်တဲ့၊ ကျွန်တော်လည်း ခေါင်းမီးတောက်နေပြီ'

'အဟား…ဟား…ဟား…'

ပါမောက္ခကရယ်ပါသည်။ နောက်တော့ လက်ညှိုးကလေးကိုနှုတ်ခမ်းထိပ်မှာတို့ထိပြီး ဟိုစဉ်းစားဒီစဉ်းစား လုပ်ပါ၏။ နောက်တော့…

'ဒါများ…အလွယ်လေးပါသားရာ…'

'တ…တ…တကယ်လား…ဆရာကြီး၊ သိရင် အဖြေ့ကိုလည်းပြောပါဦး…ဟင့်'

သူ့အသံက တကယ့်ကို ငိုသံစွက်နေ၏။ ဆရာကြီးက

www.burmeseclassic.com



တော့ သူ့အဖြစ်ကိုပြုံးပြီးကြည့်ရင်း…

'မင်းကလည်းကွာ… တယ်လီဖုန်းဆက်ပြီး မေးကြည့်လိုက်ပေါ့၊ လွယ်လွယ်လေးကို…'

အမ်…ဗွပဲ…ဘယ်လိုကြီးပါလိမ့်…

ဆရာကြီးက အဲလိုပြောပြီး ထွက်သွားသည်။ သူဝင်ဖြေရှင်းပေးလိုက်တော့မှ ပိုရှုပ်သွားသလိုပဲ…။ တယ်လီဖုန်းဆက်ပြီး မေးကြည့်ရမယ်တဲ့၊ ဘယ်ကိုလဲ…။ ဒီစကားဟာ Puzzle ရဲ့အဖြေများလား…

သူလည်းတွေးရင်းတောရင်း ခပ်ကြောင်ကြောင်အကြံအစည်တစ်ခု ထပ်ရသွားလိုက်သေးသည်။

'ဟုတ်ပြီ…ဆရာကြီးက ကြက်၊ ဘဲဒိုင်ကို ဖုန်းဆက်ပြီး စုံစမ်းခိုင်းတာနေမှာ…'

သူ့ဟာမ်းဖုန်းထဲတွင် ရန်ကုန်လမ်းညွှန်ထည့်သွင်းထားတဲ့အတွက် ကြက်၊ ဘဲဈေးက လက်ကားဖြန့်ချိသည့် ကြက်၊ ဘဲဒိုင် ကြီးတစ်ခု၏ဖုန်းနံပါတ်ကို အလွယ်တကူရလိုက်သည်။

'ဘုရား…ဘုရား…ငါ့ကို အရူးလို့တော့ မထင်ပါစေနဲ့'

ဖုန်းကခေါ်နေလေပြီ။ ဟိုဘက်က သဘောကောင်းတဲ့လူ လာကိုင်ပါစေ။

'ဟဲလို…'

'ဟုတ်…ဟုတ်ကဲ့… မိဘကျေးဇူး ကြက်၊ ဘဲဒိုင်ကလား ဟင်'



'ဟုတ်တယ်။ အော်ဒါလား…ဘယ်နေ့အတွက်လဲ… ဘယ်နှစ်ကောင်လဲ…'

လေသံက အမျိုးသမီးကြီးတစ်ယောက်ရဲ့လေသံ။ နောက်ပြီးတော့ ခပ်မာမာ။

'ဟုတ်ဘူး…ဟုတ်ဘူး။ သားကလေ…စုံစမ်းစရာလေး တစ်ခုရှိလို့ပါ အန်တီရယ်'

'ပြောတော်…'

'ဟို လေ…အန်တီတို့ရဲ့ ကြက်လောကထဲကို အဆိုတော်တစ်ယောက် ခြေစုံပစ်ပြီးဝင်လာတယ်ဆိုတဲ့ သတင်းများကြားမိသလားလို့ပါ… အဟီး'

'ဟယ်…လူယုတ်မာလေး…အသားလွတ်ကြီးစော်ကားနေပါလား၊ ငါတို့က ကြက်လောက မဟုတ်ဘူးဟဲ့။ ဘိုး၊ ဘေး၊ ဘီဘင်များခေတ်ကတည်းက သူများမလုပ်ချင်တဲ့အကုသိုလ်အလုပ်ကို သိက္ခာရှိရှိလုပ်ပြီး သမာဓိနဲ့ရပ်တည်လာတာနော်…ငါတို့ဒီအလုပ်ကိုမလုပ်ရင် နင်တို့စားတဲ့ထမင်းထဲမှာ အသားဟင်းပါပါ့မလားပြော။ ကြက်လောက မဟုတ်ဘူးဟဲ့၊ မိဘကျေးဇူး ကြက်၊ဘဲ လက်ကားဒိုင်ကြီးသိရဲ့လား၊ ဒီမှာ…တို့ဆောင်ပုဒ်ကိုလည်း မှတ်ထားလိုက်ဦး 'သင့်အကျိုးကိုရှေးရှု၍ ကျွန်ုပ်တို့အကျိုးကိုရှာဖွေပါသည်' တဲ့…ဟုတ်ပြီလား'

'ဟုတ်…ဟုတ်…ဟုတ်ကဲ့ပါ အန်တီရယ်… သားသား စကားပြောလောသွားလို့ပါနော်…စိတ်မဆိုးပါနဲ့။ သားသားအကျိုးကိုလည်းရှေးရှုပေးပါဦး…သားသား သိချင်

www.burmeseclassic.com

www.burmeseclassic.com



တာတလေ…ဟို… အန်တီတို့ရဲ့ ကြက်လက်ကား အဲလေ…ကြက်၊ ဘဲဒိုင်လောကထဲ ကိုအဆိုတော်တစ်ယောက် ဝင်လာသလားလို့ပါ…’

‘တို့ဆီတော့ လာကြပါတယ်။ ဟိုတလောကတောင် မို့မို့မြင့်အောင်လာချဲသွားသေးတယ်။ သူကသိတယ်မို့လား အင်မတန်သရုပ်ဆောင်ကောင်းတာ၊ မိဘမေတ္တာကိုအမိကထားတဲ့ အကျိုးပြုဇာတ်ကား လာရိုက်သွားတာလေ…။ အဲဒီကားထဲမှာ မှူးယစ်ဆေးသုံးနေတဲ့ သားမိုက်ကို ကြက်၊ ဘဲရောင်းပြီး ရှာကျွေးတဲ့ မအေမုဆိုးမကြီးနေရာ ကသရုပ်ဆောင်သွားတာ။ သားဇောနဲ့ဈေးဖိုးလေးများများရအောင် ဈေးဝယ်ကိုပြောဟော ရောင်းတဲ့အခန်းများဆိုလေ…မမို့မျက်ရည်ကျပြသွားတာ ငါတို့သုံးရက်လောက် ထမင်းမစားနိုင်ဘူးဟယ်…’

ကွိုင်… ပဲ။ လိုချင်တဲ့အဖြေက တည့်တည့်ရမလာဘဲ အဘွားကြီးနဲ့သူ တိုင်တွေပတ်နေကြသည်။ ကိုယ်ကပဲ သတင်းထောက်ပညာ ညံ့ဖျင်းနေလို့များလား။ အချိုသပ်ပြီး ထပ်မေး ကြည့်ဦးမှ…။

‘သားပြောတာ…အဲလိုမဟုတ်ဘူး အန်တီရဲ့။ ဟိုလေ…အဆိုတော်တစ်ယောက်က ကြက်၊ ဘဲဒိုင်ဖွင့် တယ်ဆိုတဲ့သတင်းကြား မိလိုက်သလားလို့ မေးတာပါအန်တီ၊ အန်တီ…ရှင်းရဲ့လား’

‘ဟင်…။ ရှင်းတယ်။ ရှင်းတယ်…အမလေးဟယ်… အဆိုတော်တွေလား ငါတို့လောကထဲဝင်လာမှာ…ဝင်ချင်းဝင်



လွှတ်တော်ထဲဝင်ဖို့တို့၊ ပါတီထောင်ဖို့တို့ပဲ ဦးစားပေးလုပ်ကြမှာ ပေါ့။ ငါ…ဟိုတစ်လောကတောင် ဖတ်လိုက်ရသေးတယ် ဟစ်ဟော့ပ်အဆိုတော်က အမတ်နေရာဝင်ရွေးမယ်ဆို လား…ဒီလိုကိစ္စမျိုးရှိဖူးတယ်ကွဲ့…ဟောတီနိုင်ငံမှာ လေ… ဟစ်ဟော့အဆိုတော်က သမ္မတဝင်ရွေးတာ…’

‘ဟုတ်…ဟုတ်…ဟုတ်ကဲ့ ရပါပြီအန်တီ’

အယ်မယ်လေး…။ အာဂအဘွားကြီးပါလား…ဗွီဒီယို အကြောင်းလဲ ပြောနိုင်တယ်။ နိုင်ငံရေးအသိအမြင်လည်းကြွယ်ဝ တယ်ဟ။

ကြောက်လို့ဖုန်းသာမြန်မြန်ချလိုက်ရသည်။လိုချင် တဲ့အဖြေ ကထွက်မလာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၈ )

အချိန်က တစ်နာရီကျော်ပြီ···

ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိ···။

ဒါကြောင့် မထူးဘူးဆိုပြီး အုပ်စု(ခ)ဖွဲ့လိုက်သည်။

ချစ်ကောင်း၊ ချစ်ဆုဝေ၊ ချစ်သုဝေ၊ ချမ်းချမ်း၊ ခင်ဘုဏ်း၊ ပိုင်းဆုခိုင်သိန်း၊ ရန်ရန်ချမ်း၊ စန္ဒယားချစ်ဆွေ၊အေသင်ချိုဆွေ၊ မီးမီးခဲ၊ ခင်ညွှန့်ရည်၊ ခိုင်ဝါ···။

ပြီးတော့ သူစဉ်းစားသည်။

ချစ်ကောင်းက ဘဲရောင်းနိုင်သလား···။

ချစ်သုဝေက ဘဲရောင်းနိုင်သလား···။

ချမ်းချမ်းက ဘဲရောင်းနိုင်သလား···။

ခင်ဘုဏ်းက ဘဲရောင်းနိုင်သလား···။ ခေါင်းတွေရှုပ်ထွေးနောက်ကျိုလာသည် အဖြေကမရ။ အုပ်စု(ဂ) ဆက်ဖွဲ့လိုက်သည်။



အုပ်စု(ဂ)မှာတော့ ဂငယ်နဲ့စတဲ့အဆိုတော် ကနည်းသားကလား။ ဂရေဟာန်နဲ့ဂျင်းနီနှစ်ယောက်ပဲရှိတယ်။

ဂရေဟာမ်၊ ဂျင်းနီ၊ ရင်ဂို၊ အနုဂ္ဂ။

ဟုတ်ပြီ။

ဂရေဟာမ်က ဘဲရောင်းနိုင်သလား···တွဲစပ်ထားတဲ့ဝါကျ ကရင်းနီးသလို ဖြစ်နေတာမို့ သူထပ်မံရွတ်ဆိုကြည့်လိုက်သည်။

ဂရေဟာမ်က ဘဲရောင်းနိုင်သလား···။

ဟင်···တစ်မျိုးကြီးပဲ···ဂရေဟာမ်နဲ့ဘဲနဲ့ကြားက ကကြီး ကိုဖယ်ကြည့်လိုက်ရသော်···။

ဂရေဟာမ်ဘဲရောင်းနိုင်သလား···။

ဟင်···တစ်မျိုးတော့ တစ်မျိုးပါပဲ···။ ရင်ထဲမှာ နီးစပ်လာသလိုခံစားရသည်။ဒါကြောင့် ဂရေဟာမ်ဘဲနောက်ကရောင်းနိုင် သလားဆိုတဲ့ဝါကျကို ဖြုတ်ချပစ်လိုက်ကြည့်သည်။

ဒါဆို···။

ဂရေဟာမ်ဘဲ···

ဟာမ်····

ခေါင်းထဲမှာ အလင်းပွင့်တစ်ခုက တဖျပ်ဖျပ်လင်းပွင့်သွားရသည်။ Alexander Graham bell ···တယ်လီဖုန်းကိုစတင် တီထွင်သွားသူကြီး။ ဟုတ်ပြီ···နောက်ထပ် ပါမောက္ခဦးထင်ကရ ပြောသွားတဲ့စကားတစ်ခွန်းကိုလည်း ဖျပ်ခနဲပြန်သည်ကြားယောင်လာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းကလည်းကွာ… တယ်လီဖုန်းဆက်ပြီး မေးကြည့်လိုက်ပေါ့…'

ဟာ… ဟုတ်တယ်ဆရာကြီးက ငါ့ကိုစောစောကတည်းက တိတိကျကျအဖြေပေးသွားတာကိုး။ ဩော်… ဆရာကြီးတွေများနော်…တိတိကျကျအဖြေပေးပြီးတောင် လူကိုအရူးလုပ်သွားနိုင်သေးတယ်။

သေချာပါပြီ… မိုးဟာ တယ်လီဖုန်းဆိုင်တစ်ဆိုင်ကို သွားချင်နေတာ ဖြစ်ပါလိမ့်မယ်။ Mobile ဖုန်းအရောင်းဖြစ်ဖို့ ပိုများတယ်။

သူကအောင်နိုင်သူတစ်ယောက်လိုပြုံးပြီး ဖုန်းထဲက ရန်ကုန် လမ်းညွှန်ကိုဖွင့်လိုက်သည်။ Mobile shop လို့ရိုက်ထည့်လိုက်တဲ့ အချိန်မှာတော့ ဖုန်းဆိုင်တွေအများကြီး ထွက်ကျလာသည်။

ထိုအထဲတွင်မှ သူရှာနေသည့် မိုဘိုင်းလ်ဖုန်းဆိုင် ရဲ့နာမည်ပါလာသည်။

ဂရေဟာမ်ဘဲ မိုဘိုင်းလ်ရှော့(ပ်)…။

ဟာ…ဟ။ တာမွေမှာဖွင့်ထားတာပဲ။ အချိန်ကိုကြည့်လိုက်တော့ သုံးနာရီထိုးဖို့ ဆယ့်ငါးမိနစ်အလို…။ သူရင်ကိုကော့ပြီး ကားဆီထွက်လာခဲ့သည်။

❁ ❁ ❁

အခန်း ( ၁၉ )

ညစ်ချင်သူကောင်မလေးနှင့် အညစ်ခံနေရသူကောင်လေးတို့ ကားထဲမှာဘာစကားမှမပြောဖြစ်ကြဘဲ နှစ်ယောက်သား မသိမသာနှင့်သာ ခပ်ညစ်ညစ်ပြုံးနေမိကြသည်။

ကားကတော့ ရွှေဂုံတိုင်ကိုဦးတည်နေဆဲ…။

တာမွေဘက်ကို ဦးလှည့်လိုက်တော့၊ သူမမသိမသာမျက်ခုံးတွန့်သွားသည်။

'ကဲ… ဆင်းပေတော့။ မင်းသွားချင်တဲ့ အဆိုတော်ကဘဲမွေးတဲ့ဆိုင်…'

သူက လမ်းမတစ်နေရာကားကို ရပ်ပေးလိုက်သည်။ ညာဘက်အခြမ်းမှာတော့ ဂရေဟာမ်ဘဲ မိုဘိုင်းဖုန်းဆိုင်…။

'ဟင်…ရှင် ဘယ်ဆိုးလို့လဲ…'

ကောင်မလေး အတော်အံ့အားသင့်သွားပုံရပါသည်။ သူက တော်စောစောတုန်းက အီးထွက်အောင်စဉ်းစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည့် မျက်နှာနှင့်ဆန့်ကျင်စွာ ဆရာအထာပြုံးလိုက်ပြီး…

'ကိုယ်… မိုးအတွက်ဆို ဘာမဆိုလုပ်ပေးနိုင်ပါတယ်…'

ကောင်မလေးက ထိုသို့ပြောတာ သိပ်ကြိုက်သည့်ပုံတော့မပေါ်။ မျက်စောင်းခဲသလိုမျိုး ခပ်မာမာတစ်ချက်ကြည့်လိုက်ပြီး…

'ရှင်ပါလိုက်ခဲ့ပါလား…သိပ်မကြာပါဘူး၊ ကျွန်မဖုန်းကို မန်မိုရီကတ်ထပ်စိုက်ချင်လို့…'

ဩော်…သူ့ဖုန်းလေး မန်မိုရီကတ်ထပ်စိုက်ဖို့အရေးငါ့မှာ တော့ကြက်၊ ဘဲဒိုင်ကအဘွားကြီးနဲ့ တိုင်တွေပတ်လို့။ ကောင်မလေးတွေများနော်…ကျပ်လို့ရတဲ့သူဆို အသေကျပ်ကြတော့တာပဲ။

သူတို့နှစ်ယောက် မိုဘိုင်းဖုန်းဆိုင်ထဲမှာ သိပ်တော့မကြာလိုက်၊ နာရီဝက်လောက်နှင့် သူမဖြစ်ချင်သည့်ကိစ္စများအားလုံးပြီးစီး သွားသည်။

ဩော်…ဒီနေရာမှာ ကြော်ငြာကလေးတစ်ခုလောက်တော့ ဖြတ်ဝင်ပါရစေဦး။ ကိုယ့်ရည်းစားဟုတ်ဟုတ်မဟုတ်ဟုတ်သူမလေး ကိုယ့်နံဘေးမှာရှိနေတာ နည်းနည်းတော့ကြည်နူးမိသား။ စိတ်ကလေးက တော်တော်ကိုနူးညံ့နေမိတာ။ အဟီး…။

အားလုံးပြီးတော့ သူမက သူမဝသီအတိုင်း ခပ်ကြောင်ကြောင်စကားတစ်ခွန်းဆိုလာလေသည်။



'ဩော်…မိုးက ကျေးဇူးတင်ပါတယ်…တဲ့။ နောက်ပြီးတော့ သူရှင့်ကိုနည်းနည်းလည်းအားနာသွားတယ်၊ ရှင့်ကိုအုံးစားလိုက်ရုံတင်မကဘူး သူသွားချင်တဲ့နေရာကိုပါ လိုက်ပို့ပေးလိုက်လို့တဲ့။ အဲဒါရှင်တစ်ခုခုများ စားချင်မလားတဲ့။ ညနေစာသူလိုက်ကျွေးပါ့မယ်တဲ့'

ကြည့်…သူ့ကိုယ်သူနှစ်ကိုယ်ခွဲပြီး ပြောနေပုံလေးကဘယ်လောက်အသည်းယားဖို့ကောင်းလဲ၊ ကောင်မလေးနဲ့ငါနဲ့တော့… အင်း…။

'မိုးကိုပြောလိုက်ပါ။ ကိုယ်မိုးနဲ့အတူ ညနေစာစားချင်ပါတယ်လို့…'

သူမနှင့်သူ ထိုသို့အူတူတူ ယစ်မူးမူးနှင့်အင်းယားလမ်းပေါ်က စားသောက်ဆိုင်တစ်ဆိုင်သို့ ရောက်ခဲ့ကြသည်။

ဖြစ်ပုံရဲ့အစကတော့ ရိုးရိုးသားသားပါပဲ။ ဒါပေမဲ့ကံကြမ္မာဆိုတာကလည်း ခက်သားလား။ ကိုယ်ဖြစ်ချင်တဲ့ပုံစံအတိုင်း ဖြစ်ခွင့်ရတာမျိုးမှ မဟုတ်ဘဲလေ။

'ဒီစားသောက်ဆိုင်လေး မဆိုးဘူးမိုး။ လူတော့အပြည့်ပဲဟိုစားပွဲတစ်ခုတော့ လွတ်တယ်'

အင်းယားလမ်းနဘေးမှာဖွင့်ထားတဲ့ စားသောက်ဆိုင်လေးမို့ လေကောင်းလေသန့်လေးရှူရင်း ကောင်မလေးနဲ့စကားအေးအေးဆေးဆေးပြောရန် ထိုဆိုင်ကလေးကို သူရွေးချယ်လိုက်သည်။

သူတို့နှစ်ယောက်ကားပေါ်ကဆင်းတော့ ပတ်နှိုးတချင်

www.burmeseclassic.com

www.burmeseclassic.com



ထ လည်ဘောလိုလို ညာလိုလိုပေါ့။ သူကလည်း ဆိုက်ကိုသမား၊ ဟိုကလည်းခြောက်ဘာသာဂုဏ်ထူးရှင်မှ ခြောက်ဘာသာဂုဏ်ထူးရှင်ဆိုတော့ သူတို့နှစ်ယောက်ကြားမှာရှိတဲ့ တံတိုင်းကတော့ ခပ်ထူထူရယ်။

ဒီလိုနဲ့သူတို့နှစ်ယောက် အပြင်မှာခင်းကျင်းထားတဲ့စားဝိုင်းကလေးမှာထိုင်လိုက်ကြတော့…

'ဟမ်…ဒါသူများဦးထားတဲ့စားပွဲပဲ။ Reserved …တဲ့'

ဟုတ်ပါ၏။ စားပွဲအလယ်မှာချထားတဲ့ Reserved ဆို တဲ့ကဒ်ကလေးကိုကြည့်ပြီး သူစိတ်ညစ်သွားစဉ်၊ ဝိတ်တာကလေး အနားရောက်လာသည်။

'စိတ်မရှိပါနဲ့ အထဲမှာ စားဝိုင်းလွတ်တွေရှိပါတယ်'

'ဘယ်လိုလဲ… မိုး'

'ရှင့်သဘောပဲ…'

ဆိုင်ရဲ့အတွင်းပိုင်းကတော့ ချစ်သူစုံတွဲတွေအတွက်ဆိုပိုများ အဆင်ပြေနေမလားပဲ။ မီးမှိန်မှိန်လေးထွန်းထားပြီး သာယာငြိမ့်ညောင်းတဲ့ ဂီတသံသဲ့သဲ့နဲ့ စားဝိုင်းတစ်ဝိုင်းဆီကို တစ်ဖက်ဖွင့်အခန်းငယ်သဏ္ဍာန်ပြုလုပ်ပေးထားသည်။

ကဲ…အနှောင့်အယှက်ကင်းဖို့ချဉ်ဖြူကိုရှာရာမှာ လုပ်ရွှံ့ထင်ပါ့လား…နေမလဲ…။

(အရေးအကြောင်း)

'ဒီမှာပဲ… ထိုင်ရအောင်…'

သူမကအထဲအထိ ရှည်ရှည်ဝေးဝေးသွား မနေတော့



ဘဲနီးရာ စားဝိုင်းအလွတ်မှာ ထိုင်လိုက်သည်။ သူမ သူ့ကိုစိတ်တိုနေမှာတော့ သေချာသည်။ သူလည်း ရယ်ချင်ချင်။

'ကဲ…မှာလေ မော်ဆရာ…'

'သြော်…အဲ…အင်း…'

သူကလည်း မီနူးကိုကြည့်ပြီး ကောင်းနိုးရာရာမှာလိုက်သည်။ ဝိတ်တာလေးက သူတို့ဟင်းပွဲများကို စာရွက်အလွတ်မှာ ရေးမှတ်ပြီး စားဝိုင်းကထွက်သွားချိန်မှာတော့…

ခပ်မှိန်မှိန်မီးရောင်အောက်က သူမရဲ့အလှကို သူပထမဦး ဆုံးကြောင်အမ်းစွာငေးလိုက်မိပါတော့သည်။ စည်းကျော်မိပြီနဲ့တူတယ်။

ဒါ…ငါကုပေးနေတဲ့ ကောင်မလေးလေ…

သူက ငါ့ရဲ့နှုတ်သမီးမှမဟုတ်တာ…

နေပါဦး…ဒီဖြောင့်ချက်တွေကို ငါ့ကိုယ်ငါ ပေးဖို့လိုအပ်ရဲ့လား…ငါ hack မိ (အတိုက်ခိုက်ခံရ)နေပြီလား…။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

နူးညံ့ပြီး နားလည်ရခက်တဲ့၊ သိမ်မွေ့တဲ့အခြေအနေ တစ်ခု သူနဲ့သူမကြား ဝင်ရောက်နေပြီဆိုတာ နှစ်ယောက်လုံး သဘောပေါက်မိကြပေမယ့် အခြေအနေကိုညစာအတူစားရင်း ထိန်းထိန်းသိမ်းသိမ်း ကျော်လွှန်ဖြတ်သန်းလာခဲ့ကြသည်။ အင်း…နာရီဝက်လောက်တော့ ကြာမှာပေါ့။

'ညနေစာအတွက် thank you ပါမိုး…'

'ဒီစကားကို ကျွန်မက ပြောရမှာပါ…'

'တိုးတက်ကောင်းမွန်နေပြီလို့ကော ကိုယ့်ကိုယ်ကို ယူဆရဲ့လား…'

'အတိုင်းအတာတစ်ခုအထိတော့ သက်သာပါတယ်။ ကိုယ်ပြောချင်တဲ့စကားတွေကို မော်ဆရာ့ကိုရင်ဖွင့် လိုက်ရလို့လည်းပါမှာပေါ့။ ကျွန်မရဲ့သူငယ်ချင်း အိမ့်သူ့ကိုတောင် ကျွန်မ



စိတ္တဇဖြစ်နေတဲ့ကိစ္စကို ပြောမပြဖြစ်ဘူး။ ဒီကိစ္စက မိန်းကလေး တစ်ယောက် အတွက်သွေးအေးချိန်မှာ ပြန်စဉ်းစားကြည့်လိုက် မယ်ဆိုရင် သိပ်ရှက်ဖို့ကောင်းတယ်လေ။ ဘယ်သူက နားလည် ပေးနိုင်မှာမို့လဲ'

'ကိုယ်နားလည်ပေးနိုင်ပါတယ်'

'ရှင်က ဆိုက်ကိုကမို့ပါ…'

သူမရဲ့လှပတဲ့မျက်လုံးများကို အတော်ရှောင်နိုင်အောင် ကြိုးစားနေရသည်။ မာရ်နတ်ကပညတ်ထားတဲ့ မိန်းကလေးတစ် ယောက်မို့ ကြောက်လည်းကြောက်ပါသည်။

'ကဲ…ကျွန်မ ဘီလ်ရှင်းလိုက်တော့မယ်နော်…'

'နေဦး…ခဏ'

သူ့အကြည့်က သူတို့စားပွဲဝိုင်းကိုတစ်ဖက်ဖွင့် အခန်းလေးသဖွယ်ကာရံထားတဲ့ သစ်လုံးနံရံချပ်မှာချိတ်ထားတဲ့ ကာတွန်းပုံလေးဆီ အကြည့်ရောက်သွားသည်။

'ဟိုပုံကိုကြည့်စမ်း…မိုး'

'ဒါ ဝေါ့လ်ဒစ္စနေက ထုတ်တဲ့ကာတွန်းကားလေးပဲ၊ ယုန်လေးက ခါကျက်ဥကိုက်နေတာ…'

'အွန်…မင်းလည်း Carrot ကို ခါကျက်ဥလို့ခေါ်တယ် နော်…'

'အင်းလေ…မဟုတ်လို့လား…'

'သြော်…တချို့တွေက ခါဥနီလို့ ခေါ်တတ်ကြ လို့ပါ…'

www.burmeseclassic.com

www.burmeseclassic.com



'ခါကျက်ဥနဲ့ ခါဥနီအတူတူပဲဥစ္စာ…၊ ပန်းဂေါ်ဖီနဲ့ ဂေါ်ဖီထွင့်အတူတူလိုပေါ့…'

'ဟုတ်ပါတယ်…ကိုယ်ငယ်ငယ်တုန်းက Carrot နဲ့ပတ်သတ်တဲ့ဟာသလေးတစ်ခုရှိခဲ့ဖူးတယ်။ အခုတော့ အဲဒီဟာသလေးကို ဆိုက်ကိုလိုပြောင်းလဲပြီး ရင်ထဲမှာအမြဲသိမ်းထားတယ်လေ…'

'စိတ်ဝင်စားစရာပဲ…ပြောပါဦး…'

'ဩော်…ကိုယ်တို့အိမ်ကလည်း မိုးလိုပေါ့၊ Carrot ကိုခါကျက်ဥလို့ခေါ်လိုက် ခါဥနီလို့ခေါ်လိုက်နဲ့ခေါ်တာပေါ့…'

'အင်း…'

'တစ်ရက်ကျတော့ ကိုယ့်မေမေက ကိုယ့်ကိုပိုက်ဆံပေးပြီး ခါကျက်ဥဝယ်ခိုင်းလိုက်တယ်'

'အင်း'

'ဒါနဲ့ကိုယ်လည်း ကြက်ဥဆယ်လုံးဝယ်လာခဲ့တယ်…'

'အင်း…'

'လမ်းကျတော့ ကိုယ်လည်းစိတ်ထဲကတစ်မျိုးကြီးပဲ… ကလေးလည်းကလေးဆိုတော့လေ အမေမှာလိုက်တာ ခါကျက်ဥ၊ ငါဝယ်လာတာ ကြက်ဥတွေဟုတ်ကောဟုတ်ရဲ့လားပေါ့။ စိတ်ထဲမှာလည်း နဝေတိမ်တောင်နဲ့…'

'အင်း…အဟင်း'

'ဒါနဲ့ကိုယ်လည်း ခါကျက်ဥဖြစ်သွားအောင် *ကြက်ဥတွေ ကိုတစ်လမ်းလုံး ခါယမ်းပြီးသယ်လာခဲ့တယ်။*



အိမ်ပြန်ရောက်တော့ ကြက်ဥတွေအားလုံးကွဲလို့…'

မိုးက သူ့စကားကြောင့် ခပ်တည်တည်ကြီး ထိန်းထားရင်းကနေ ရယ်လိုက်သေးသည်။

'အမေက ကြက်ဥအကွဲတွေမြင်ပြီး စိတ်ဆိုးတာပေါ့နော်။ ဒါနဲ့ကိုယ်လည်းပြောလိုက်တယ်…အမေပဲ ခါကျက်ဥဝယ်ပါဆိုလို့ သားလည်းတစ်လမ်းလုံး ကြက်ဥတွေခါပြီး သယ်လာတာလက်တွေ တောင်ညောင်းတယ်လို့…'

'ဟား…ဟား…ဟား…ဟား'

'အဲဒီအချိန်ကစပြီး ကိုယ့်ကို အမေက ဘယ်တော့မှဈေးဝယ်မလွှတ်တော့ဘူး'

'ရှင်က ငယ်ငယ်လေးကတည်းက'ဇ'နဲ့ကိုး…'

'အစစ်ပေါ့…။ မိုးကို ကိုယ်နည်းနည်းလောက် အတွေးအခေါ်လေးထည့်ပေးပါရစေလား…'

'အင်း…ပြောကြည့်ပါ…'

သူမနှင့်သူတစ်ယောက်ကိုတစ်ယောက် လေးနက်စွာကြည့် မိသွားကြသည်။ နောက်တော့ သူကအဓိပ္ပာယ်တစ်မျိုးပါတဲ့ လေသံနှင့်…

'ကဲတရားက မိုးကို ခါကျက်ဥသွားဝယ်ခိုင်းတဲ့အခါမှာ အသီးအနှံရောင်းတဲ့ဆိုင်ကိုသွားပါလား၊ ဘာ့ကြောင့်ကြက်ဥရောင်းတဲ့ဆိုင်ကိုသွားချင်ရတာလဲ။ အချိန်လဲကုန်တယ် အိမ်ပြန်ရောက်ရင် အမေက ဆူလိမ့်မယ်လေ…'

*တကောကဘယ်ရောက်တာသွားသလဲဟော ဒေသိပါ၊*

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကိုကြားပြီးတဲ့နောက် သူမမျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်စဉ်းစားလိုက်ရင်း ငြိမ်ကျသွားသည်။ အသက်ရှူသံသဲ့သဲ့ … နောက်တော့… နောက်တော့…။

'ဟာ…ယော့…'

အီခနဲငိုသွားလေတော့သည်။ သွားပြီ…။

'မိုး…မိုး…မငိုနဲ့လေ…ဟာ'

'ရှင်…ရှင် အရမ်းတော်ပါတယ်။ ကျွန်မဟာတ်(ထ်)ကို ထိအောင်ပစ်နိုင်တာပဲ။ ဟုတ်ပါတယ် ကျွန်မဟာ Carrot ကိုတောင် ခါကျူက်ဥနဲ့ခါဥနီဆိုပြီးခွဲမှတ်နေတဲ့သူပါ။ ကျွန်မဟာ …ကျွန်မဟာ အသီးအရွက်ရောင်းတဲ့ဆိုင်ကို မရောက်နိုင်သေးဘဲ ဟို…အဲဟင့်… ကြက်ဥဆိုင်ကိုရောက်နေတဲ့…ဟီး…ဟီး…'

'မိုး…မိုး…'

သွားပြီ။ ချုံးပွဲချပြီးကို အားပါးတရငိုကြွေးသွားလေပြီ။ သူလည်း ဆောက်တည်ရာမရ။ နောက်တော့ ဘာတွေ ဘယ်လိုဖြစ် ကုန်လဲမသိ။ သူမိုးကို ပွေ့ဖက်ထားလိုက်မိသည်။

ဘာတွေဖြစ်ကုန်ကြပြီလည်း မိုးရယ်…ကိုယ့်ရင်ထဲကို လည်း ကံကြမ္မာကမြှားတစ်စင်းပစ်သွားတယ်။ ကိုယ်လည်း မသွားသင့်တဲ့ ကြက်ဥဆိုင်ကို ရောက်နေရပါပြီမိုးရယ်…

'တိတ်တော့နော်…ကိုယ်ပြောတာ နည်းနည်းလွန် သွားရင်လည်းခွင့်လွှတ်ပါ၊ မိုးငိုအောင် ကိုယ်တမင်လုပ်တာ မဟုတ်ပါဘူး။ ကိုယ်တောင်းပန်ပါတယ်…'

'မော်ဆရာ…'



သူမကမာဆတ်ဆတ်နှင့် သူ့ရင်ခွင်ထဲကနေအော်ပါ သည်။

'အင်း…ပြော'

'လွှတ်ပါ…ကျွန်မကို…'

'သြော်…အင်း…အင်း…'

ကဲ…ပြော…

ကျွန်တော့်နေရာမှာ သင်ဆိုရင်ကော နောက်နေ့တွေမှာ kiss ပေးဖို့လိပ်ပြာလုံပါဦးမလား။

⊕ ⊕ ⊕

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၁ )

703 သို့ မိုးမရောက်လာတော့ပါ။ ဘာဖြစ်ရတာလဲ ...ငါ့ စိတ်တွေက...။ ကိုယ့်ကိုကိုယ်လည်း ပယ်ပယ်နယ်နယ် ဆဲရင်း၊ စိတ်တိုနေမိသည်။

မိုးကိုဖုန်းခေါ်ကြည့်သည်။ မကိုင်... ကိုယ့်ဖုန်းမို့ ထင်ပါရဲ့။ သွားတော့ ချောကြည့်ချင်သည်။ လက်ခံပါ့ မလား...ခဏလေး စည်းကျော်သွားမိတာပါ မိုးရယ်။ ကိုယ့် နယ်နမိတ်ကို ကိုယ်နားလည်ပါတယ်။

သူ 703 မှထွက်လာခဲ့သည်။ မိုးရှိရာPhysics စာသင် ခန်းဆီသို့...။

တော်ပါသေးရဲ့...ဆရာအတန်းမဝင်သေးဘူး။ အခန်း ထဲမှာတော့ ကျောင်းသူကျောင်းသားတွေစုံနေပြီ။ မိုးကတော့ သူ့ကိုမမြင် အိမ့်သူက သူ့ကိုမြင်သွားတာကြောင့် မိုးကို



လက်ညှိုးထိုးပြလိုက်ရတော့သည်။

'ဟယ်...ဟိုမှာ Sigmund Freud (ဆစ်ဂမန်ဖရွိုဒ်) ကြီး ငါတို့အခန်းကိုလာတယ်တော့်။ ဟီ...ဟိ'

တစ်ချို့ကျောင်းသူများကတော့ သူ့ကိုကမ္ဘာကျော်စိတ် ပညာရှင်ကြီး ဆစ်ဂမန်ဖရွိုဒ်ဟုအခေါ်တူးကာ စကြသည်။

သူလည်းဘာမှမတတ်နိုင်။ ခေါင်းကလေးကုတ်ကာ အတန်းပေါက်ဝမှာ မိုးကိုစောင့်နေရသည်။ မိုးကသူ့ရှေ့ ရောက် လာသည်။ စိတ်ဆိုးနေတဲ့ပုံစံတော့မဟုတ်။ အနည်းငယ်ရယ်ချင် နေတာကိုအတော် ဖုံးဖိထားရတဲ့ပုံ...

'ဘာလဲ...'

'ဘာလို့...ကိုယ့်ဖုန်းမကိုင်တာလဲ...'

(တကယ်ဆို စာစောတုန်းက ဒီစာသင်ခန်းရှေ့မှာ သူရပ်နေတုန်း ဆူညံပွက်နေတဲ့ကျောင်းသား ကျောင်းသူများ၏ အသံဗလံများ အခု လုံးဝငြိမ်ကျသွားသည်ကို သူတို့နှစ်ယောက် သတိထားခဲ့မိ ဗို့ကောင်းပါသည်။)

'ဟင်...ဖုန်းခေါ်သေးလို့လား...'

'ခေါ်တာပေါ့...ဖုန်းမကိုင်လို့လိုက်လာတာ...'

'ဘာကိစ္စ...'

'703 ကိုမင်းရောက်မလာလို့ပေါ့...'

'သြော်...ဒါလား...'

'အင်း...'

သူမက သူမလက်ထဲက တစ်ရှူးစလေးကို လုံးချေနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သူလည်း ရင်တွေခုန်နေသည်။

'ဟိုလေ…'

'အင်း…'

'ရှင့်ကို Puzzle တွေတော့ မမေးတော့ပါဘူး…'

'ဘာဖြစ်လို့လဲ'

'ရှင်နဲ့ကျွန်မကြားမှာ…'

'အင်း…'

'ဟို…'

'… …'

'နည်းနည်းရှော့(ခ်)ရှိတယ်…'

ရယ်လည်း ရယ်ချင်ပါသည်။ ကြည်လည်း ကြည်နူးရသည်။ သြော်…ဘုရားသခင်တားမြစ်ထားတဲ့သစ်သီးဆိုတာ ဒီလို ရှူးကြောင်ကြောင်ကောင်မလေး မျိုးများလား…။

'အဲဒါက ထားပါ…'

'ထားပါတယ်…'

သူမက သူ့ကိုမျက်စောင်းထိုးသည်။

'မိုးကို ကိုယ်နမ်းပါရစေ…'

'… …'

'Kiss! …'

'… …'

သူမမျက်လုံးကလေးများ မှေးစင်းသွားသည်။ သူက သူတယုတယနမ်းလိုက်တဲ့အနမ်းပွင့်လေးကို လေနဲ့မှုတ်ထုတ်



လိုက်ချိန်မှာတော့…

'ဟေး….'

'ဖြောင်း…ဖြောင်း…ဖြောင်း…ဖြောင်း'

တိတ်ဆိတ်ငြိမ်သက်စွာ ငေးကြည့်နေတဲ့ ကျောင်းသားကျောင်းသူအုပ်စုကြီးထံမှ ဟေးခနဲအော်ဟစ်သံနဲ့အတူ လက်ခုပ်တီး သံ၊ လက်ခေါက်မှုတ်သံများ ညံစီသွားရလေတော့သည်။

'ဟေး… တို့ကြားလိုက်တယ်နော်…Kiss တဲ့'

'ဟား…ဟား…ဟား'

'ဘယ်လိုလဲကွ ဆိုက်ကိုကကျောင်းသားPhysics ကိုလာပြီး အနမ်းဓယားဆွဲတာ ကြမ်းလှချည်လား'

'တို့လည်း Mental Consultant လုပ်ချင်တယ်။ သင်ပေး…သင်ပေး…'

'ဟေး…ဟိန်းဇေယျ…တို့သိတယ်နော်… ယောက်ဖ'

'လုပ်သွားတာ ရုပ်တည်ကြီးနဲ့ကို ကွက်တိပဲ… ပိုင်တယ် ဆရာ…'

'… …'

'… … …'

'… … … …'

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

လင်းစစ်က မျက်လုံးလေးပေကလပ်ပေကလပ်နှင့် ခေါင်းကုတ်ပါသည်။

'အရမ်းဝေးတယ်နော် ဟိတ်ကောင်…'

သူခေါင်းညိတ်ပြလိုက်သည်။ လင်းစစ်အတွက်တော့ စိန်ခေါ်မှုတစ်ခုပါပဲ…။

'ဝိဉာဉ်လွှတ်ပြီး အကြည့်ခိုင်းတဲ့သဘောပေါ့…'

'ဘယ်လိုလဲ…မဖြစ်နိုင်ဘူးလား…'

'ဖြစ်နိုင်ပါတယ်။ အရင်တုန်းကတော့ ငါ့ဟာငါ အိပ်မွေ့ချပြီး ဟိုနားဒီနားတော့ သွားကြည့်ဖူးတယ်။ အခုဟာက ကမ္ဘာ့တစ်ဖက်ခြမ်းအထိ သွားကြည့်ရမှာဆိုတော့…အင်း…'

မှန်ပါသည်။ လင်းစစ်တွေဝေနေသည်မှာ မလွန်ပါ။ ဒီ့ကိစ္စကို မိုးကလည်း ဦးမဆောင်ခိုင်းပါ…။ မိုးအပေါ်လွှမ်းမိုးထားနိုင် သောခန့်ပိုင်ထက်ရဲ့ လက်ရှိအနေအထားကို သိလိုလှ



၍သာ သူလင်းစစ်ကို အကူအညီတောင်းခံနေရခြင်းဖြစ်ပါသည်။

လင်းစစ်က စိတ်စွမ်းအင်နှင့်လိပ်ပြာဝိဉာဉ်လွှင့်၍ ကြည့်လိုသောအရာကို မြင်အောင်ကြည့်နိုင်သည်။ ကျွန်တော်တို့ရဲ့ကစားပွဲဟာ စက်တင်ဘာ-၉ရက်၊ ၉နာရီ၊ ၉မိနစ်၊ ၉စက္ကန့်မရောက်မီတစ်ရက်ပြီး တစ်ရက်ကုန်ဆုံးလာသည်နှင့်အမျှ အထွဋ်အထိပ်သို့ ရောက်လာခဲ့သည်။

'ဘယ်လိုလဲ… မဖြစ်နိုင်ဘူးလား…'

သူဒီစကားကို လင်းစစ်အား ဒုတိယအကြိမ် ထပ်မေးလိုက်သည်။

'အင်း…စတင်းဖို့သုတေသနဌာနက ပါရမီရှိတဲ့လူတစ်ယောက်ကို ကမ္ဘာ့တစ်ဖက်ခြမ်းစာဝေးတဲ့အကွာအဝေးအထိ လိပ်ပြာလွှင့်ပြီး အကြည့်ခိုင်းဖူးတယ်လို့ ငါဖတ်ဖူးတယ်။ စမ်းသပ်မှုက အောင်မြင်ခဲ့တယ် ဒါပေမဲ့တစ်ယောက်တည်းတော့ လုပ်လို့မရဘူး။ လတ္တီကျူ၊ လောင်ဂျီကျူ အတိအကျနဲ့ commond(အမိန့်)ပေးနိုင်မယ့်သူ တစ်ယောက်တော့ လိုတယ်'

'အဲ့ဒီလူတစ်ယောက်ရှိမယ်ဆိုရင် မင်းသွားပေးနိုင်မလား'

'ငါစွန့်စားရတာ ဝါသနာပါပါတယ်…'

'Give five! …'

လင်းစစ်နှင့်သူ လက်ဝါးချင်းရိုက်လိုက်ကြသည်။

'ငါ မင်းသတင်းတွေကြားတယ် ဟိန်း။ မင်းကြယ်စင်မိုး ကိုကြွေများနေပြီလား…'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီကိစ္စ ခဏအသာထားလိုက်ပါဦး… ငါတို့ လုပ်ငန်းစမယ်ဘယ်လိုလဲ…'

'ငါ့ကို အိပ်မွေ့ချပေးမယ့် စိတ်ညှိုဆရာတစ်ယောက်လို တယ်'

'ငါ ပါမောက္ခဦးထင်ကရကို အကူအညီတောင်းကြည့် မယ်…'

လင်းစစ်က ပါမောက္ခဦးထင်ကရဆိုတော့ နည်းနည်း တွန့် သွားသည်။

'ဖြစ်…ဖြစ်…ဖြစ်ပါ့မလား… ငါတို့ကိစ္စက ပေါက်တတ်ကရကြီးနော်…'

'ဘယ်လိုပေါက်တတ်ကရတာလဲ…'

'ဟာ… မင်းရဲ့ကြယ်စင်မိုးလေ၊ နဝင်းထဲမှာရော နက္ခတ်ပါဝိတ်မိနေတဲ့အနမ်း ကိစ္စလေ…'

'ဟား…ဟား…ဆရာကြီးက လူငယ်ဆန်ပါတယ် ကွာ… သူငါ့ကို psycho test လုပ်တုန်းက ငါသူ့နဲ့ တယ်လီဖုန်း ထဲမှာ စကားပြောဖူးပါတယ်ကွ။ လန်းတယ်…'

'ကဲ…ဟုတ်ပါပြီ…ငါကဘယ်အချိန် လိပ်ပြာလွှင့် ပေးရမှာလဲပြော…'

'ဖြစ်နိုင်ရင် အခု…'

'ဆရာကြီးက အားမှာတဲ့လား…'

'နားနေဆောင်မှာ ရှိမှာပေါ့၊ ပြောကြည့်ရမှာပဲ…'

'လာ…သွားမယ်…'



'မင်းက ရှေ့ကဦးဆောင်… ငါက နောက်ကလိုက် မယ်…'

လင်းစစ်ကအရေးထဲ ပါမောက္ခဆီသွားမယ်ဆို၍ ကြောက် နေလိုက်သေးသည်။

❁ ❁ ❁

www.burmeseclassic.com

## အခန်း ( ၂၃ )

'သွားကြည့်တာတော့ ဟုတ်ပါပြီ၊ ဘာအတွက်ကြောင့် သွားကြည့်ချင်ရတာလဲ...'

ဆရာကြီးက ထင်သလောက်တော့ လွယ်လွယ်ကူကူ ခွင့်မပြုချင်...

'သူပေါ့ဆရာကြီး။ သူ့ကိုလာတိုင်ပင်တဲ့ ကောင်မလေး တစ်ယောက်ကြောင့်ပေါ့...'

'နေပါဦး...ဒီကိစ္စက ကမ္ဘာ့တစ်ဖက်ခြမ်းအထိသွားဖို့ အမိန့်ပေးရမှာဆိုတော့ ဆရာလည်းစိတ်ဝင်စားတယ်။ ဆရာ့ကိုလည်း အခြေအနေအကျိုးအကြောင်းလေး ဂဃဏနရှင်း ပြကြပါဦး'

ဟိန်းဇေယျအတော်အကျပ်ရိုက်သွားသည်။ ဖြစ်နိုင်လျှင် ဒီသတင်းကို သိုသိုသိပ်သိပ်ကလေး ထားချင်ပါသည်။ ပွမသွား စေလို။ မိုးရဲ့ကိုယ်ရေးလုံခြုံမှုကိုလည်း ထည့်တွက်ရဦးမည်။

အခုတောင်မပြောမဖြစ်လို့ အန်ကယ်ဦးလွန်းအံ့နှင့်



လင်းစစ်ကိုပြောပြထားရသည်။ အခု ဦးထင်ကရ ကပါသိချင်နေ သည်...ကဲ...ဘယ်လိုလုပ်ရပါ့...။

'ဟို...ဟိုလေ...ဆရာကြီး'

'အာ...ဒီကောင်၊ ဒီလိုဆရာကြီးရေ ...ကောင်မလေး တစ်ယောက်သူ့ဆီရောက်လာခဲ့တယ် ဆိုပါတော့။ အဲ့ဒီ ကောင်မလေးမှာ သဘာဝလွန်ကိစ္စတစ်ခုပါ ပါလာခဲ့တယ်... ဖြစ်ပုံက ဒီလိုဆရာကြီးရေ...× × × ။ × × × ။ × × × ။'

လင်းစစ်က အူကြောင်ကြောင်လုပ်နေသည့် သူ့အား စိတ်မရှည်နိုင်တော့ဘဲ ဦးထင်ကရကို အကျိုးအကြောင်းရှင်း ပြလေတော့သည်။

စကားဆုံးတော့ ဦးထင်ကရ အတော်လေးအတွေးရ ကျပ်သွားပါ၏။

'ထူးတော့ထူးဆန်းနေပြီ...။ နေပါဦး...ဒီချာတိတ်မကို နမ်းသွားတဲ့အနမ်းက နဝင်းရော၊ နက္ခတ်ပါပိတ်မိနေတဲ့အနမ်းလို့ ဘယ်သူက အတည်ပြုပေးလိုက်တာလဲ...'

ပါမောက္ခတွေများနော်... အခြေအနေတစ်ခုကို ယုတ္တိရှိရှိ လက်ခံနိုင်အောင် ချက်နဲ့လက်နဲ့ကို မေးတတ်လွန်း လိုက်တာ။

'ဦးလွန်းအံ့ပါဆရာကြီး...။ သူက နက္ခတ္တပညာနဲ့ နဝင်းစီး ပညာကိုအပျော်တမ်းလိုက်စားနေပါတယ်'

www.burmeseclassic.com



'နေပါဦး… ဒီနာမည်ကြားဖူးနေသလိုပဲ…။ ရှေးဟောင်းသုတေသနမှာ ညွှန်ကြားရေးမှူးလုပ်ဖူးတဲ့ တစ်ယောက်များလား'

'ဟုတ်…ဟုတ်…ဟုတ်ပါတယ် ဆရာကြီး…'

'အခု…ဒီကောင် အငြိမ်းစားလေ…'

'ဟုတ်ပါတယ် ဆရာကြီး…'

'ဆရာ့သူငယ်ချင်းပါ…သြော်…လွန်းအုံ့ကတောင် အဲဒါကိုထောက်ခံထားတာလား…ဒီကောင်က လူတော်ပါ၊ သူဟောရင် လွဲခဲတယ်…'

'ဟုတ်ကဲ့…'

ဆရာကြီးက သူတို့ဖြစ်စေချင်သလို၊ အလွယ်တကူ အိပ်မွေ့ချမပေးသေးဘဲ ထိုကိစ္စကိုသာ ဂဃဏန ခြေရာကောက်နေသဖြင့် လင်းစစ်ရော ဟိန်းဇေယျပါ ချွေးပြန်နေကြသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး မောင်ဟိန်းဇေယျကိုတော့ ဆရာတော်တော်လေးချီးကျူးသွားပြီ။ အရင်ကတော့ Mental Consultant ဆိုပြီးလုပ်တော့ လူငယ်ပီပီ စတန့်ထွင်လိုက်တယ်၊ အပျော်တမ်းလောက်ပဲလုပ်တယ်အောက်မေ့တာ၊ မင်းက တကယ့်ပညာရှင်တွေနဲ့ပါ သွားဆွေးနွေးထားတာကိုး…'

'ဟို…အဟဲ…'

ဆရာကြီးက ချီးကျူးစကားပြောတော့ သူမနေတတ်



မထိုင်တတ်ဖြစ်မိသွားသေးသည်။ ဒီကြားထဲ လင်းစစ်ဆိုတဲ့ ကောင်ကတစ်မျိုး…

'သူက… အဲဒီကောင်မလေးကို ကြိတ်ကြွေနေတာ ဆရာကြီးရ…'

'ဟာ…မဟုတ်ပါဘူး…မဟုတ်ဘူး ဆရာကြီး…'

'ဘာမဟုတ်ရမှာတုန်း…။ မင်းတို့ ဟိုတစ်နေ့က Physicsမှာ ဖြစ်သွားတဲ့ကိစ္စလေ၊ အဲဒီသတင်းက ကျောင်းမှာ အခုလုံးဝ hot- news ပဲ…'

ဒုက္ခပဲ…လင်းစစ် ဆရာကြီးရှေ့မှာ ဘာတွေလျှောက်ပြောနေပါလိမ့်။ ဘယ်လိုတားတာမှကို မရတော့…။

'ဟော…ဘယ်လိုဖြစ်သွားလို့လဲကွ ပြောပါဦး…'

'သူက အဲဒီကောင်မလေးကို အစားထိုး အနမ်းကုထုံးနဲ့ ကုနေတာဆရာကြီးရေ… တကယ်မနမ်းပါဘူး၊ လေထဲက အနမ်းပေါ့။ ဟိုတစ်ရက်က ကောင်မလေးကစိတ်ဆိုးပြီး 703 ကိုမသွားဘူး။ အဲဒါဒီကောင် Physics အဆောင်အထိလိုက်နမ်းတာ…'

ဆရာကြီးကကြာတော့ လူငယ်နှစ်ယောက်ကြားမှာဒီ အနမ်းကိစ္စကြောင့် မျက်နှာပျက်သွားသည် ထင်ပါသည်။ ဘာမှ ဆက်မမေးတော့ဘဲ…

'ကဲ…လာ…705 ကိုသွားမယ်။ ဟိုမှာက ငြိမ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်တယ်၊ အလင်းရောင်လည်းသိပ်မရှိဘူး…၊ အဲဒီအခန်းမှာတော့ အိပ်မွေ့ချလို့ အကောင်းဆုံးပဲ။ လင်းစစ်က အရင်ကလည်း ဒီကိစ္စနဲ့ မစိမ်းတော့ အဆင်ပြေမှာပါ…'

'ဟုတ်ကဲ့…အရမ်းဝေးလို့ နည်းနည်းလက်တွန့်နေတာ ဆရာကြီး…'

'အချိန်နဲ့နေရာကို အတိအကျအမိန့်ပေးပြီး အိပ်မွေ့ချရမှာ။ လွယ်ပါတယ်'

သို့နှင့်သူတို့သုံးဦးသား 705 ကိုချိတက်လာခဲ့ကြတော့သည်။

⊕ ⊕ ⊕

## အခန်း ( ၂၄ )

ကောင်းမွန်စွာအိပ်မောကျနေသည့် လင်းစစ်ခန္ဓာကိုယ်မှာ အနည်းငယ်လူးလူးလွန့်လွန့်ဖြစ်သွားလေတော့သည်။

'Slow and Vibratary Fall နဲ့ပြန်ဝင်လာပြီကောင်း တယ်'

ပါမောက္ခ၏ နှစ်ထောင်းအားရ တီးတိုးစကား…သိပ်မကြာ။ လင်းစစ် နိုးလာသည်။ အသက်ကိုပုံမှန်ရှူနေသည်။

'အဆင်ပြေခဲ့လား…သား…'

အတော်အတန်ကြာတော့မှ ဆရာကြီးက ထိုသို့မေးလေသည်။

'ပြေတယ်…ဆရာကြီး'

သူ့ရင်တွေအခုန်မြန်လာသည်။

'ကျွန်တော်အဝေးကြီးကိုရောက်သွားတယ်။ တကယ့်အဝေးကြီးပဲ သမုဒ္ဒရာတွေလည်း မြင်ခဲ့တယ်။ ကမ္ဘာတိုက်ကြီးတွေကို အပေါ်စီးကနေမြင်ရတယ်။ ကျွန်တော်ငွမ်းတစ်လိုကိုလွင့်ခဲ့တာ…'

www.burmeseclassic.com

www.burmeseclassic.com



သူရော၊ ဆရာကြီးပါ လင်းစစ်ကိုငေးနေကြသည်။ သူပြောချင်ရာပြောပါစေဆိုတဲ့သဘော။

'ကျွန်တော် တွေ့ခဲ့တာတွေက အစီအစဉ်တော့ မကျဘူး ဆရာကြီး…မြင်တာတွေကိုပြန်ပြောပြဖို့ အမြင်နဲ့ပြန်ပြောအပြကြားမှာ ကွဲလွဲနေတာတွေတော့ရှိနိုင်တယ်။ ကျွန်တော် အတတ်နိုင်ဆုံး အမိအရဖမ်းဆုပ်ပြီး ပြောပါ့မယ်။ ဟိန်းဇေယျ… ငါတကယ်ပဲခန့်ပိုင် ထက်ကို တွေ့ခဲ့တယ်…'

'ဟင်…'

သူ့တစ်ကိုယ်လုံး ခန့်ပိုင်ထက်ဆိုတဲ့စကားနဲ့တင် အေးစက်တောင့်တင်းသွားရလေတော့သည်။

'လူရည်သန့်တစ်ယောက်ပါပဲ။ မျက်နှာဝိုင်းဝိုင်း၊ အရပ်ခပ်ပြတ်ပြတ်။ အင်း…အဲလိုဖြစ်လိမ့်မယ်ထင်တယ်။ ငါတွေ့ခဲ့တာ မလွဲဘူးဆိုရင် သူ့ရဲ့ဘယ်ဘက်လက်သူကြွယ်မှာ စိန်တစ်ပွင့်ပါတဲ့ လက်စွပ်ဝတ်ထားတယ်… နောက်ပြီးတော့ သူ့ရဲ့ ညာဘက်မှါးပေါ်မှာ မှဲ့တစ်လုံးရှိတယ်'

သူမေ့လျော့သွားတာ တစ်ခုရှိသည်။ အဲဒါကတော့ မိုးဆီကခန့်ပိုင်ထက်ရဲ့ ဓာတ်ပုံကိုတောင်းယူထားလိုက်ဖို့။ အခုအချိန်မှာများ ခန့်ပိုင်ထက်ဓာတ်ပုံ လင်းစစ်ကို ထုတ်ပြလိုက်ရရင်ဘယ်လောက် ကောင်းလိုက်မလဲ။

'အမြင်အတိုင်း ငါပြောရမယ်ဆိုရင် ခန့်ပိုင်ထက်အခု လောကကြီးထဲမှာ ရှိပါဦးမလား…'

'ဘယ်…ဘယ်…ဘယ်လို…'

'တွေ့ခဲ့တာ ဆေးရုံတစ်ရုံမှာ…။ သူတော်တော်လေးညှိုး



ငယ်နေတယ်။ တောက်ပရွှင်လန်းတဲ့ပုံစံတော့ မဟုတ်ဘူး။ အဲဒါတော့ ငါပြောနိုင်တယ်…'

လင်းစစ်စကားသံကလွဲပြီး အခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။

'မင်းမှာ ခန့်ပိုင်ထက်ရဲ့ဓာတ်ပုံရှိလား…'

သူခေါင်းခါယမ်းပြလိုက်သည်။

'ကိစ္စမရှိဘူး…။ ကောင်မလေးနဲ့တွေ့ရင် ခန့်ပိုင်ထက်ရဲ့ ဘယ်ဘက်လက်သူကြွယ်မှာ စိန်တစ်ပွင့်လက်စွပ်ရှိ လား… လို့မေးလိုက်၊ ဟုတ်တယ်ဆိုရင်တော့ ငါတွေ့ခဲ့တာ သေချာတယ်…'

သူခေါင်းညိတ်ပြလိုက်သည်။ လင်းစစ်ကဆက်ပြော၏။

'ဝိဥာဉ်လွှတ်ပြီး ကြည့်တဲ့နေရာမှာ အားနည်းချက်၊ အား သာချက်တော့ရှိတယ်။ အားနည်းချက်ကဘာလဲဆိုတော့ ငါမြင်ခဲ့တဲ့ ပုံရိပ်ဟာ present day (ယခုလက်ရှိအချိန်) ဖြစ်နိုင်သလား ဒါကို ထည့်စဉ်းစားရမယ်။ တစ်ခါတစ်လေမှာ ကိုယ်သွားကြည့်တဲ့ပုံရိပ်ဟာ လွန်ခဲ့တဲ့ခြောက်လ၊ တစ်နှစ်ကပုံရိပ်လည်း ဖြစ်နိုင်တယ်လေ။ ငါသူ့ကိုမြင်ခဲ့တာ ဆေးရုံမှာကွ၊ အဲဒါသာ လွန်ခဲ့တဲ့အတိတ်ဖြစ်ခဲ့မယ်ဆိုရင် အခုလက်ရှိ ခန့်ပိုင်ထက်ဆီက အဆက်အသွယ်မလုပ်တော့တဲ့ ကိစ္စနဲ့ ပေါင်းစပ်ကြည့်ရင် သူသေသွားတာလည်း ဖြစ်နိုင်တယ်၊ ဒါကတော့ အခြေအနေကိုသုံးသပ်တာပေါ့နော်…'

'အင်း…'

'အဲ…ဝိဥာဉ်လွှတ်ပြီး ကြည့်တဲ့နေရာမှာ အားသာချက်

www.burmeseclassic.com

www.burmeseclassic.com



က ဘာလဲဆိုတော့ ကိုယ်ကသူ့ကိုကြည့်နေတဲ့အချိန်မှာတင် သူဘာတွေ တွေးနေတယ်၊ သူဘယ်သူ့ကိုမြင်ယောင်နေတယ် ဆိုတာကို ကိုယ်က ဖတ်လို့ရတာယ်။ ခန့်ပိုင်ထက်ကို ငါကြည့်တဲ့ နေရာမှာဆင့်ပွား image တစ်ခုကိုငါတွေ့ခဲ့ရတယ်။ ငါ အဲဒီကိစ္စကို သိပ်စိတ်ဝင်စားတယ်။ မင်းမှာ ကောင်မလေး ဓာတ်ပုံပါသလား။ အဲဒီဓာတ်ပုံနဲ့ငါတွေ့ခဲ့ရတဲ့ ဆင့်ပွားimage သာ တစ်ထပ်တည်းကျခဲ့မယ်ဆိုရင်တော့ ငါဟာ စိတ်စွမ်းအင်ရဲ့ ပဥ္စမမြောက်အဆင့်ကိုရောက်ပြီပဲ…'

လင်းစစ်ကစိတ်စွမ်းအင်သမားဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး သူ့မှာအဆင့်ဘယ်လောက်ရှိမရှိသိချင်နေသည်။ ပါမောက္ခကတော့ သဘောကျစွာခေါင်းညိတ်နေပါသည်။

သူ…မိုးဓာတ်ပုံကိုထုတ်ပြလိုက်သည်။ လင်းစစ်ဘာပြောမှာလဲ… သူရင်တွေခုန်နေမိသည်။

'ဟုတ်တယ်…ခန့်ပိုင်ထက်ဆီက ငါတွေ့ခဲ့တဲ့ ဆင့်ပွား imageဟာ ဒီမိန်းကလေးပဲ…'

'ဪ…'

သူ့ရင်တစ်ခုလုံး ကြယ်ကြွေသလို ကြွေကျသွားသည်။

'ပြပါဦးကွ…ဆရာ့ကိုလည်း…'

မိုးဓာတ်ပုံကို ဆရာကြီးဆီပေးလိုက်ချိန်မှာတော့ …အခြေအနေက ပိုမိုရှုပ်ထွေးသွားပြန်ပါတော့၏…။

❁ ❁ ❁

## အခန်း ( ၂၅ )

ပါမောက္ခကြီးမှာ ဓာတ်ပုံကိုကြည့်ပြီး လုံးဝငြိမ်ကျသွားလေတော့သည်။

'ပြဿနာတော့ အကြီးအကျယ်တက်ပြီပဲ'လို့ သူတို့နှစ်ယောက်စလုံး စိတ်ထဲကသိလိုက်ပေမယ့် တုတ်တုတ်မျှ မလှုပ်ရဲ…။

နောက်တော့ ပါမောက္ခကြီးမှာ စကားသုံးခွန်းကို မိနစ်နှစ်ဆယ်ခြားပြီး အနိုင်နိုင်ပြောလိုက်ပါတော့သည်…။

၁။'မင်းတို့ကောင်တွေ တော်တော်ပေါက်တက်ကရလုပ်ကြတာပဲ…'

…မိနစ်(၂၀)ခြား…

၂။'လွှမ်းအံ့…ဒီကောင်…ကလေးတွေကို မြှောက်ပင့်ပေးတယ်…'

…မိနစ်(၂၀)ခြား…

၃။'ဖြစ်…မှ…ဖြစ်…ရ…လေ…ဘ…မီး…ရယ်..'

(ငိုသံပါကြီးနှင့်…)

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



ဤဝတ္ထုကို သင်စိတ်ဝင်တစားဖတ်ရှုနေမှန်း စာရေးသူ သဘောပေါက်ပါသည်။ ပါမောက္ခဦးထင်ကရမှာ လူငယ်များ၏ စွမ်းရည်ကို စမ်းသပ်တတ်ကြောင်း၊ သူကိုယ်တိုင်ကလည်း လူငယ်ဆန်ကြောင်း၊ အပျော်တမ်းသုတေသီဦးလွန်းအံ့၏ နိမိတ်ကောက်ယူမှုကို ထောက်ခံခဲ့ကြောင်း စာရေးသူတင်ပြခဲ့ပြီးဖြစ်ပါသည်။

သို့သော် အနမ်းတစ်ခု၏နဝင်းနှင့် နကွတ်ပါပိတ်မိနေသူမှာ သူ့သမီးဖြစ်ကြောင်းသိရှိသွားသည့်အခါ ကြယ်စင်မိုးတို့သားအဖနှစ်ဦး ထိုကိစ္စအပေါ် အပြန်အလှန်အချေအတင် စကားပြောသည့်အခန်းအား စာဖတ်သူကိုယ်တိုင် ဉာဏ်ကွန့်မြူးပြီး ရေးသားနိုင်စေရန်အလို့ငှာ စာမျက်နှာ ချန်လှပ်ပေးခဲ့ပါသည်။

သင်စိတ်ကွန့်မြူးသလို ရေးသားခွင့်ရှိပါသည်။ ပါမောက္ခကြီးတို့ သားအဖနှစ်ဦးစလုံးမှာ ခေသူများ မဟုတ်ကြကြောင်း သတိချပ်ပြီး သင်စိတ်ကွန့်မြူးသလို သားအဖနှစ်ဦးစကားပြောခန်းကို ရေးသားကြည့်ပါ။

(ဤဝတ္ထုသည် သင်ကိုယ်တိုင် ပါဝင်လက်စွမ်းပြခွင့်ရှိသည့် ဝတ္ထုအမျိုးအစားဖြစ်ပါသည်။)

❋ ❋ ❋

## အခန်း ( ၂၆ )

'ဘာ…ကိုကသေသွားတာဖြစ်နိုင်တယ် ဟုတ်လား?'

မိုးရဲ့လေသံက အတော်လေးမာကျောပါသည်။သူဖြေးညင်းစွာခေါင်းညိတ်ပြလိုက်၏။

'ကိုယ်လင်းစစ်နဲ့ ဝိဉာဉ်လွှတ်ပြီး သွားကြည့်ခိုင်းခဲ့တယ်၊ မရည်ရွယ်ပါဘဲ ညောင်မြစ်တူးတာ ပုတ်သင်ဥပေါ်သလိုလဲ ဖြစ်ခဲ့ရတယ်။ ဒီကိစ္စကို မိုးအဖေ ပါမောက္ခဦးထင်ကရပါသိသွားတယ်။ အဲဒီအတွက် ဆောရီးပါ…မိုး…'

'အဲဒီကိစ္စ ကျွန်မလိုတာလည်းပါတယ်။ ကျွန်မကို ပါမောက္ခဦးထင်ကရရဲ့သမီးဆိုတာ ရှင်သိသွားရင် ရှင်လက်တွန့်ပြီး နောက်ဆုတ်သွားမှာစိုးလို့ ကျွန်မထိန်ချန်ထားခဲ့တာ။ အခုတော့ ကျွန်မရဲ့ကိစ္စမှာ ဖေဖေက ဘုမသိဘမသိနဲ့ ဝင်ကညိလိုက်သလို ဖြစ်သွားတယ်'

'နေဦး…မင်းကို ဆရာကြီးဆူသေးလား…'

www.burmeseclassic.com

www.burmeseclassic.com



'မဆူပါဘူး။ ခေါ်တော့မေးတယ် ကျွန်မနည်းနည်းတော့ မျက်နှာပူခဲ့ရတယ်'

သို့မှ အခြေအနေက သူထင်သလောက်မဆိုးဟု မှတ်ချက်ချနိုင်ပြီး သက်ပြင်းချရတော့သည်။

'မိုး...'

'ပြောပါ...'

'မိုး ခန့်ပိုင်ထက်ကိုတွေ့တုန်းက သူ့ဘယ်ဘက်လက်သူကြွယ်မှ စိန်တစ်ပွင့်လက်စွပ်ကလေး ဝတ်ထားသလားဟင်'

'ရှင်'

သူ့စကားကြောင့် ကြယ်စင်မိုးအကြီး အကျယ်တုန်လှုပ်သွားရသည်။

'အို... ဒါ...ဒါဆို လင်းစစ် ကို့ကိုတကယ်တွေ့ခဲ့တာပေါ့... ကို့ကို တကယ်တွေ့ခဲ့တာပေါ့'

'ခန့်ပိုင်ထက်ရင်ထဲမှာ မင်းရှိပါတယ်။ လင်းစစ် သူ့ကိုလိပ်ပြာလွင့်ပြီး ကြည့်တဲ့အချိန်မှာ ခန့်ပိုင်ထက်မြင်ယောင်နေတဲ့ ဆင့်ပွား image တစ်ခုကိုပါ မြင်ခဲ့ရတယ်...'

'ဟင်...အဲ့ဒါ ဘယ်သူများလဲ...'

'မင်းပဲ...မိုး...'

'ဟာ...'

သူမက လက်ဖဝါးနှစ်ဖက်နှင့် သူမမျက်နှာကို အုပ်လိုက်သည်။



'ကျေးဇူးပြုပြီး မငိုပါနဲ့လား... ကိုယ်တို့အေးအေးဆေးဆေးဆွေးနွေးကြည့်ရအောင်'

'ကျွန်မ မငိုပါဘူး...'

'အခြေအနေတွေကို ပြန်သုံးသပ်ကြည့်ပေးပါ။ ခန့်ပိုင်ထက်ကမင်းကို လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့တယ်၊ မင်းတို့နွေးနွေးထွေးထွေးနဲ့ ဝေးကွာခဲ့ကြတယ်။ လင်းစစ် သူ့ကိုလိပ်ပြာလွင့်ပြီးကြည့်တဲ့အချိန်မှာ သူ့ရဲ့ဆင့်ပွား image ဟာမင်းဖြစ်နေတယ်။ ပြီးတော့သူ့ image ကိုဆေးရုံတစ်ရုံမှာတွေ့ခဲ့တာ။ အဆက်အသွယ်ပြတ်သွားခဲ့တာလည်း တစ်နှစ်ပြည့်တော့မယ်...။ ဒါတွေအားလုံး ခြုံငုံသုံးသပ် ကြည့်မယ်ဆိုရင် မင်းသူ့ကိုသေသွားပြီလို့ပဲ မှတ်ယူသင့်တယ်'

သူမဘာမှဆက်မပြောဘဲ အသက်ကိုသာမှန်မှန်ရှူနေပါသည်။ အတော်စိတ်လှုပ်ရှားနေပုံလည်း ရသည်။

'ဘုရားသခင်က မိုးကိုနှိမ်နင်းပေးမယ့် တမန်တော်လွှတ်ပေးမယ်လို့ ဗျာဒိတ်ပေးပြီးတဲ့ နောက်ပိုင်းမှာ တို့ကမ္ဘာကြီး မီးလောင်ပြီဆိုပါစို့...တို့တွေ နောက်ကျနေတဲ့ တမန်တော်ကိုပဲ ထိုင်စောင့်နေကြမလား...၊ မီးငြိမ်းဖို့တခြားနည်းနဲ့ ကြိုးစားကြည့်ကြမလား...'

သူမအောင့်သက်သက်ဖြစ်သွားပြီး 'ဒီဆိုက်ကို မေးခွန်းတွေက လုပ်ပြန်ပြီ'လို့မကျေမချမ်းပြောပါသည်...။ နောက်တော့...

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မက တမန်တော်ကိုထိုင်စောင့်နေတာ မဟုတ်ဘူး ... ခန့်ပိုင်ထက်ပြန်ရောက်လာခြင်း မလာခြင်းဟာ ကျွန်မနဲ့ သိပ်မဆိုင်တော့တဲ့ သီးခြားကိစ္စပါ။ ကျွန်မရှင့်ကို စတွေ့တုန်းက ပြောဖူးသလိုပေါ့...ကျွန်မရင်ထဲမှာ ကျိန်စာလို ကျန်ရစ်ခဲ့တဲ့ နှုတ်ခမ်းရာကို ဖျောက်ပေးနိုင်ဖို့အတွက် ကျွန်မကြိုးစားနေတာပါ...'

'အဲဒီနှစ်ခုဟာ သိပ်ကိုဆက်စပ်နေလို့ပြောနေတာမိုး...။ သူ့ကိုသေပြီလို့ ယုံကြည်ပေးပါ...။ ကျန်နေရစ်ခဲ့တဲ့ မတော်တဆ နှုတ်ခမ်းရာဟာ သူ့ဟာသူမှေးမှိန်သွားပါလိမ့်မယ်'

'ကောင်းပြီလေ... လက်ခံနိုင်သည်ဖြစ်စေ၊ လက်မခံနိုင်သည်ဖြစ်စေ ကျွန်မကျေနပ်လိုက်ပါ့မယ်...။ ကျွန်မရှင့်ရဲ့ ကုထုံးတွေကိုစိတ်မဝင်စားတော့ဘူး။ အချိန်အများကြီးပေးပြီး ကူညီပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့ နှစ်ယောက်ကြားမှာရှိတဲ့ Relationship(ဆက်သွယ်မှု)ကိုတော့ ဒီနေ့ပဲရပ်စဲလိုက်ကြရအောင်...'

'မိုး...မိုး...'

တားဆီးလိုက်ချိန်မရ... ထိုသို့ပြောပြီး မိုးမိုးဇော်ဇော် ထွက်ခွာသွားလေတော့သည်။

'ဟာ...!'

မိုးရဲ့ ယုံကြည်ကိုးစားခံရမှုတွေအားလုံး မာရ်နတ်က သူ့ လက်ထဲကနေလုယူပြီး အဝေးကိုရိုက်ချိုးလွှင့်ပစ်သွားပြီ...။



မိုးရယ်... သေသွားပြီလို့တောင် စိတ်ကိုဒုံးဒုံးချပြီး ယုံကြည်မပေးနိုင်ဘူး...တဲ့လား၊ ပြန်လာခဲ့ပါကွာ... မင်းကို သက်သာစေမယ့် ကုထုံးတွေထပ်ရှာပေးပါ့မယ်။ ငါ့ဆီကို မင်းပြန်လာခဲ့ပေးပါ။

မိုး.......................။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

မိုးနဲ့သူ ထိုနေ့ကစပြီး ထက်မတွေ့ဖြစ်ကြတော့ပါ…။ 'ထပ်ဓတွေ့ဖြစ်'ဆိုတာထက် မိုးက ရှောင်နေသည်ဆိုလျှင် ပိုမှန်ပါ လိမ့်မည်…။

သြော်…မိုးပြောတဲ့ loss of identity (ကိုယ်ရည်ကိုယ်သွေးပျောက်ဆုံးခြင်း)ဆိုတာ ဘယ်လောက် ခါးသီးကြောင်း၊ မိုးနဲ့ဝေးပြီးတဲ့အချိန်ကျမှ ကောင်းကောင်း သဘောပေါက်မိပါတော့သည်။

အချိန်တွေကတော့ တရွေ့ရွေ့ကုန်ဆုံးဆဲ…။

အခြေအနေက အဖြေရှာမရ၊ စဉ်းစားမရ…။

မနက်ဖြန် စက်တင်ဘာ-၉ရက်နေ့…။ မိုး ဘယ်လိုဖြတ်သန်းမှာလဲ။ ဒီကျိုန်စာတွေကို ဘဝတစ်ခုလုံးစာ ထုပ်ပိုးပြီးသယ်သွားတော့မှာလား…။

❁ ❁ ❁



ဘီလူးစီးခံလိုက်ရသလို၊ အိပ်ပျော်နေရင်းမှ ချောက်နက်နက်ထဲ ထိုးကျသွားသလို ဟိုးအဝေးဆီဒလိမ့်ကောက်ကွေး ပြုတ်ကျသွားပြီးမှ သူဝုန်းခနဲနိုးသွားသည်။

နာရီကိုကြည့်လိုက်တော့ ညတစ်နာရီခွဲ…။

ဘာမှ မလုပ်နိုင်သေးဘဲ အသက်ကိုခပ်ပြင်းပြင်းရှူကာ သူမောနေသည်။ တစ်ကိုယ်လုံးလည်း ချွေးတွေနဲ့အေးစက်တောင့်တင်းလို့…။

သူဘာကိုလုပ်ရမယ်ဆိုတာ သိသည်။ စောစောတုန်းက အိပ်မောကျနေတုန်း မသိစိတ်ကပဲ လုပ်ရမည့်ကိစ္စတွေကို ညွှန်ကြားသွားသလိုမျိုးဖြစ်ပြီးကာမှ ဘီလူးစီးခံလိုက်ရသလို တုန်လှုပ်ချောက် ချားစွာနိုးထခဲ့ရသည်။

သူခုတင်ပေါ်က ဝုန်းခနဲထလိုက်ပြီး ကွန်ပြူတာဖွင့်လိုက်သည်။ ၁၄၆(ပုဂံဖုန်း)ကိုခေါ်ပြီး ကွန်နက်ရှင်ချိတ်ဆက်လိုက်သည်။

ညအချိန်မတော်အချိန်တော်မို့ ကွန်နက်ရှင်ကအလွယ်တကူချိတ်ဆက်မိသွားသည်။

www.zorpia.com

မိုးနဲ့သူစတွေ့တုန်းက မိုးပြောခဲ့တဲ့ပုံပြင်ထဲက ခန့်ပိုင်ထက်နဲ့စတွေ့ခဲ့တဲ့ လူမှုကွန်ယက်ဝက်ဘ်ဆိုဒ်ကို သူဖွင့်လိုက်သည်။

search မှာ ခန့်ပိုင်ထက်ကို ရှာလိုက်သည်။ အလွယ်တကူပင် သူ့ homepage ထဲရောက်ခဲ့သည်…။

www.burmeseclassic.com

www.burmeseclassic.com



'ဟာကွာ...'

သူ...သူ့ကိုယ်သူ ဖျစ်ဖျစ်နှစ်နှစ်ကျိန်ဆဲပစ်လိုက်သည်။

'ကျွတ်...ငါတော်တော် သောက်သုံးမကျတာပဲ...'

'last visited' ကိုဖတ်လိုက်တော့ သူ့ကိုယ်သူအတော် ဒေါသထွက်သွားသည်။ last visited မှာဖတ်လိုက်ရတဲ့ နေ့စွဲအရ ဆိုရင် ခန့်ပိုင်ထက်ဟာ ဒီ homepage ကိုလွန်ခဲ့တဲ့ ငါးရက်က တင် ဝင်ရောက်အသုံးပြုသွားသေးသည်။

ဟာ...ဘယ်လိုလဲကွာ...

ရက်စက်မှာကျောလှချည်လား... ရင့်ကျောကျောနိုင်လှ ချည်လား...။

'တောက်!'

သူခပ်ပြင်းပြင်း တက်ခေါက်လိုက်သည်။ ခန့်ပိုင်ထက် မသေဘူး... အဲဒါတော့ သိပ်သေချာသွားပြီ...ဒါဆို မနက်ဖြန် ကိစ္စ ဘာဆက်လုပ်ရမလဲ...? သူချက်ချင်းလင်းစစ်ဆီ ဖုန်းကောက်ဆက်လိုက်သည်။ နာရီကြည့်လိုက်တော့ ည နှစ်နာရီခွဲ...။

⊕ ⊕ ⊕

ပါမောက္ခဦးထင်ကရခြံရှေ့၌ လူခေါင်းခေါင်းလောင်းသံ လေးမြည်သွားသည်။ သပ်ရပ်စွာဝတ်စားထားသော လူရွယ်တစ် ယောက်နှင့်အနည်းငယ်ပိုသိပတ်သိနိုင်သော လူရွယ်တစ်ယောက် ခြံရှေ့မှာရပ်စောင့်နေကြသည်။



ပါမောက္ခကတော့်မှာ Ph.D ဘွဲ့အတွက် နိုင်ငံတော်က စေလွှတ်မှုနှင့် ပြည်ပရောက်ရှိနေပြီး သမီးငယ်ငွေစင်မိုးမှာလည်း စင်ကာပူနိုင်ငံ NUS ၌ကျောင်းတက်နေသဖြင့် ဒီအိမ်တွင် ဦးထင်ကရနှင့်ကြယ်စင်မိုးတို့သာရှိကြသည်။

ဦးထင်ကရမှာ ဟိန်းဇေယျကို မမျှော်လင့်ဘဲခြံရှေ့၌တွေ့ လိုက်ရသဖြင့် အနည်းငယ်အံ့အားသင့်သွားသည်။

'ဆရာကြီး...ဒီနေ့ဟာ မိုးအတွက်သိပ်အရေးကြီးတဲ့နေ့ ပါ။ နဝင်းရော၊ နက္ခတ်ကပါ လွှတ်ထွက်ဖို့အရေးကြီးပါတယ်။ ကျွန်တော့်ကို အိမ်မွေ့ချပေးပါ..။ ကျွန်တော်ခန့်ပိုင်ထက်ဆီလိုက် သွားပြီး လိပ်ပြာခွဲကြည့်ချင်ပါတယ်...'

'ဟော...'

⊕ ⊕ ⊕

ဧည့်ခန်းထဲတွင် ဦးထင်ကရ၊ ကြယ်စင်မိုး၊ လင်းစစ်နှင့် ဟိန်းဇေယျတို့ရှိနေကြသည်။ အဖေ့ဆီလိုက်လာမှတော့ ကြယ်စင် မိုးမှာလည်း ဟိန်းဇေယျကိုမတွေ့လို့မရတော့။

သူ ဘာတွေလျှောက်လုပ်ဦးမှာလဲ...။ ကိုယ့်ထိုက်နဲ့ ကိုယ့်ကံရှိပါစေတော့လို့ ကိုယ့်ကိုယ်ကိုတွေးပြီး ရေစုန်မျှောခဲ့ပြီပဲ ...။ အခုမှ မှော်ဆရာ့ကို သူမခိုးရှိုးလိုက်မိသည်။ မျက်နှာတွေ ချောင်ပြီး မျက်ကွင်းတွေညိုနေ၏။

'ဆရာကြီးမှတ်မိဦးမလားတော့ မသိဘူး။ ကျွန်တော့် ဆီကို ဆရာကြီးဖုန်းမက်ဆေ့(ချ်)ပို့ခဲ့တုန်း ကလေ...ဆရာကြီးရဲ့

www.burmeseclassic.com



စိတ်နယ်လွန် သုတေသနလုပ်ငန်းမှာ လိုအပ်ရင် volenteer (စေတနာ့ဝန်ထမ်း) လုပ်ပေးပါလားဆိုတာ အခု ကျွန်တော့်ကို ဆရာကြီးဆီမှာ volenteer လာလုပ်တယ်လို့ပဲ သဘောထားပေးပါ။ ကျွန်တော့်ကို အိပ်မွေ့ချပြီး လိပ်ပြာလွှင့်ပေးပါ ဆရာကြီးရယ်နော်…'

'ဟာ…ဒီကောင် အာဂပဲ…၊ ကြည့်စမ်း…ငါ့စကားနဲ့ ငါ့ပြန်ချည်နေပြီ…'

ဦးထင်ကရလည်း အတော်အကျပ်ရိုက်နေသည်။ ဟုတ်တော့လည်းဟုတ်သား…သူ့သမီးကို နမ်းသွားတဲ့လူတစ်ယောက် ဆီရောက်ဖို့ သူကစိတ်ညှိပြီးသူ့တပည့်ကိုလွှတ်ရမှာဆိုတော့ သိပ်တော့မနိုပ်လှ…။

'မော်ဆရာရယ်…ရှင်ပြန်ပါတော့။ တောင်းပန်ပါတယ်'

ဟိန်းဇေယျ နာရီကိုတစ်ချက်ကြည့်လိုက်သည်။

'ဆရာကြီး…ခုနှစ်နာရီ နှစ်ဆယ်ရှိနေပြီနော်…။ ကျွန်တော်တစ်ခါမှ အိပ်မွေ့ချခံဖူးတာမဟုတ်ဘူး၊ ကျွန်တော် လင်းစစ်လောက် လွယ်မှာမဟုတ်ဘူး။ အချိန်တွေသိပ်ကုန်နေပြီ ကျွန်တော့်ကိုညှိပါ၊ နေရာအတိအကျ အမိန့်ပေးပါ…'

လင်းစစ်ခေါင်းကုတ်နေသည်။

'ညှိတာကတော့ ဟုတ်ပါပြီ၊ မင်းအတွက်သိပ်အန္တရာယ်များတယ်နော်…'

'ကျွန်တော်သူ့ကို တစ်ညလုံးရှင်းပြနေတာပဲ၊ သူက ခန့်ပိုင်ထက်ဆီကို လိုက်ကိုသွားချင်နေတယ်။ ဒီမှာနဝင်းကိုက်မယ့်အချိန် မရောက်ခင် လိပ်ပြာခွဲချင်နေတယ်…'

'ပြောတော့လွယ်လိုက်တာ ဘယ်လိုလိပ်ပြာခွဲမှာလဲ…'

'သူ မသေဘူးဆရာကြီး…ရှိတယ်…မနေ့ညက ဒီကိစ္စကိုအတည်ပြုပြီးသွားပြီ။ ကျွန်တော်သူ့ကို တယ်လီပသီနဲ့ စကားပြောမယ်။ နောက်သူအခုဘာဖြစ်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာတွေကို သေသေချာချာမှတ်သားပြီး ပြန်လာခဲ့မယ်…'

'ဟာ… ပြောတော့လွယ်လိုက်တာ။ လင်းစစ်တောင် တယ်လီပသီ(စိတ်ချင်းဆက်သွယ်စကားပြောခြင်း)အဆင့်ကိုမရောက်နိုင်ခဲ့ဘူး…မင်းက တစ်ခါမှလည်း ရုပ်ပွားခန္ဓာထွက်ဖူးတာမဟုတ်ဘူး၊ မဖြစ်နိုင်ပါဘူးကွာ'

'ဆရာကြီး… ဗိုလ်ချုပ်အောင်ဆန်းတောင် လူ့ဘဝမှာ သုံးဆယ့်နှစ်နှစ်၊ ငါးလနဲ့ခြောက်ရက်ပဲ အသက် ရှင်ခွင့်ရခဲ့တယ်၊ လူ့သမိုင်းကြောင်းကြီးတစ်ခုလုံးကို လုံးဝဥဿုံပြောင်းလဲပစ်ပေးနိုင်ခဲ့တယ်။ လူလုပ်ရင်ဘာမဆို မဖြစ်နိုင်ဘူးဆိုတာမရှိဘူး… ကျွန်တော် မိုး အတွက်ဆို ဘာမဆိုလုပ်ပေးနိုင်တယ်'

'ဟော…'

ဦးထင်ကရ နည်းနည်းဖြုံသွားသည်။ အတော့်ကိုဖြုံသွားသည်။ အလွန့်အလွန်ကို ဖြုံသွားသည်။ မရည်ရွယ်ပါဘဲ မိုးနှင့်သူ အကြည့်နက်နက် ကြည့်ဖြစ်သွားကြလေတော့သည်။

⊕ ⊕ ⊕



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၈ )

ကြိုးနှင့်အတုပ်ခံထားရသလို လေးလံတင်းကျပ်နေရာမှ အချိန်နာရီတစ်ခုကို ဖြတ်သန်းလွန်မြောက်လာပြီးတဲ့ နောက်မှာတော့ မျက်လှည့်ဆရာတစ်ယောက်ရဲ့လက်ထဲက ဖဲပဝါစတစ်ရွက်လိုလျော့ခနဲ ကျွန်တော်လွတ်မြောက်လာခဲ့သည်။

အား…လင်းလိုက်တာ…။

ဖုန်မှုန့်ကလေးတစ်မှုန်ကိုတောင် တိကျပြတ်သားစွာ မြင်တွေ့လိုက်ရတဲ့ မြင်ကွင်းကျယ်။ အဲဒီမြင်ကွင်းကျယ်ထဲမှာ လှပြည့် မှာမမြင်ဖူးတဲ့ အရောင်မျိုးစုံကွန့်မြူးနေတဲ့ အလင်းစုအလင်းကွက်တွေဟာ ရုပ်လောကက ချုံပုတ်တွေလား… သစ်ပင်တန်းတွေလား၊ အိုးအိမ်အဆောက်အဦးတွေလား ကျွန်တော်မခွဲခြားနိုင်။

ကျွန်တော်ရောက်နေတာက လိပ်ပြာကမ္ဘာ…

အာကာသယာဉ်မှူးတွေလို ကျွန်တော်ပေါလောမျောနေ



သည်။သက်တောင့်သက်သာတော့မဟုတ်။ စနိုးစနောင့်နှင့်နောက်ပြန်လန်နေသလို၊ ရှေ့ကိုကုန်းနေသလို ခံစားရသည်။

ထူးခြားနေသည်မှာ ကျွန်တော့်အမြင်အာရုံဟာ မျက်စိ့ရှေ့ တွင်ရှိသောအရာကိုမှမဟုတ်၊ နောက်ဇေ့ကအရာတွေကိုပါ မြင်နေရသည်။

သေချာပြီ… ဒါမျက်လုံးရဲ့ အမြင်လွှာသက်သက်တော့မဟုတ်၊ မနောရဲ့အမြင်လွှာပင်။ အား…ကျွန်တော့်ကို ဘယ်သူခေါ်ယမ်းပြီးဆွဲချသွားတာလဲ…။

ကနဦးတုန်းက လေထဲအလိုက်သင့်မျောနေရာကနေ ရုတ် တရက်ဆတ်ခနဲဆောင့်အဆွဲခံလိုက်ရသလို ကျွန်တော်ဟိုးအမြင့်ကြီးကို တက်သွားသည်။ ရင်ထဲဟာခနဲ အေးခနဲ…

သြော်…နာမ်လောကမှာ ကျွန်တော်ဟာ ဘာကိုမှလည်း ဦးမဆောင်နိုင်တော့ပါလား…။ ခန့်ပိုင်ထက်ကို တယ်လီပသီနဲ့ စကားပြောဖို့၊ အမိန့်ပေးဖို့ဝေး… ကိုယ့်ကိုယ်ကိုတောင်ဘာမှ မထိန်းချုပ်နိုင်။

နောက်…ကျွန်တော်အောက်ကို ကြောက်ခမန်းလိလိပြန်ပြုတ်ကျသွားပြန်သည်။ တဖန်အထက်သို့အတိုင်းအဆမရှိတက်သွားပြန်သည်။ ကျွန်တော်သာ အလင်းထက်မြန်တဲ့ယာဉ်တစ်စီးဖြစ်ခဲ့မည် ဆိုပါမူ လေထုကိုပွတ်တိုက်ထိုးခွဲရလွန်းလို့ မီးပင်တောက်လောက် ပြီ။

‘မကြောက်ရဘူး၊ မကြောက်ရဘူး…’

ဆိုတဲ့အသံတစ်သံဟာ ရုပ်လောကက ဆရာကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အမိန့်ပေးသံလား၊ နာမ်လောကကိုရောက်နေတဲ့ ကိုယ်တိုင် သတိပေးသံလား ကျွန်တော်မခွဲခြားနိုင်။ ထိုစဉ်အာရုံတစ်ခုပေါ် လာသည်။

စက်ရုံတစ်ရုံကို ကျွန်တော်စီးမိုးကာမြင်နေရသည်။ လုပ်သားပေါင်းများစွာ ထိုစက်ရုံမှာအလုပ်လုပ်နေကြသည်။

ကျွန်တော်ဘယ်ရောက်နေတာလဲ။ ဒီနေရာဟာရာထူးရာခံကြီးတဲ့ ခန့်ပိုင်ထက်အလုပ်လုပ်ရာနေရာတော့မဖြစ်နိုင်လို့ သုံးသပ်နေစဉ်မှာတင်၊ အစီအစဉ်မကျလှသော (ထောင့်စွန်းမှာ အမည်းနှင့်အပြာကွက်တွေပါသည့်) မြင်ကွင်းတစ်ခုကိုပါ မြင်လိုက်ရသည်။

ထိုမြင်ကွင်းကိုဘာသာပြန်ပေးထားဟန်ရှိသော ဖြောင့်ချက်တစ်ခုဟာ ကိုယ့်ရဲ့စိတ်စွမ်းအင်ကြောင့်လား၊ ခန့်ပိုင်ထက်ရဲ့ အတိတ်ကအစအနတစ်ခုလားဆိုတာလည်း ကျွန်တော်မရေရာပြန်။

*(အကြီးအကျယ်ဆုံးနေရာကို မှန်းခဲ့တယ် ဟုတ်တယ် ရောက်လည်းရောက်ခဲ့တယ်။အဲ့ဒီအဖွဲ့အစည်းက လက်ခံနိုင်လောက်တဲ့ကျန်းမာရေးထောက်ခံချက် ငါ့မှာရှိခဲ့သင့်တယ်။ ငါ့ရဲ့ဆေးစစ်ချက်ကို Virus ကဖျက်ဆီးပစ်ခဲ့တယ်။*

*ငါအဲဒီလိုမဖြစ်ခင်ညက အိမ်မက်မက်ခဲ့သေးတယ်။ ငါ့ကို သူငယ်ချင်းတွေက နှစ်သိမ့်ဖျောင်းဖျပြီး အဝေးကို ဖယ်ထုတ်သွားခဲ့ကြတယ်)*

ကျွန်တော် အခုရောက်နေတာက ဆေးရုံတစ်ရုံ ကိုပါ



တစ်ချိန်တည်းမှာတင် စက်ရုံတစ်ရုံကို စီးမိုးထားတဲ့မြင်ကွင်းကိုရော၊ ဆေးရုံတစ်ရုံကိုလူနာမေးသူတစ်ယောက် ရောက်နေတဲ့ မြင်ကွင်းကိုပါ ပူးတွဲပြီးမြင်နေရတယ်။

*(ဘယ်လိုလဲ...ဆေးရုံကိုမင်းလာချင်ရဲ့လား? ငါလည်းမသွားချင်ပါဘူး။ ဒါပေမဲ့ ငါဆေးရုံကိုလန့်ချီပြီး တက်ခဲ့ရတယ်။ မှုဝါဒတင်းကျပ်လွန်းတဲ့ သူတို့အဖွဲ့အစည်းက ငါ့တန်ဖိုးကို နားမလည်ဘဲသိုးမည်းဆိုတဲ့ဘွဲ့ကိုပေးတယ်။ အဲဒီမှာထိပ်ဆုံးရောက်နေတဲ့ ကောင်တွေကိုကြည့်ကြည့်လိုက် သူတို့တွေခံယူချက်မပြင်းထန်ကြဘူး။ သူတို့တွေဘာမှမဟုတ်ဘူး ထားပါ... သူတို့ဟာသိုးဖြူတွေပဲ)*

အစီအစဉ်မကျတဲ့မြင်ကွင်းတွေကို ကျွန်တော့်စိတ်ကပဲဘာသာပြန်နေတာလား ထူးဆန်းတဲ့တန်ခိုးရှင်တစ်ယောက်ကပဲ တီးတိုးစကားဆိုနေတာလား၊ ခန့်ပိုင်ထက်ရဲ့အတွင်းစိတ်ကို ကန့်လန့်ဖြတ်ပြီးဖတ်နိုင်နေတာလား၊ ကျွန်တော်မခွဲခြားတတ်ပါဘူး။

ဟာ...ကျွန်တော်ခန့်ပိုင်ထက်ကို တွေ့လိုက်ပြီ၊ ဘယ်ဘက် လက်သူကြွယ်မှာ စိန်တစ်ပွင့်လက်စွပ်ကို သူဝတ်ထားတယ်...လင်းစစ်တွေခဲ့တဲ့အတိုင်းပါပဲ။ ဆေးရုံတစ်ရုံမှာ...

*(မိုးကိုရင်ထဲမှာရှိပါတယ်။ ချစ်လည်းချစ်ပါတယ်။ ဒါပေမဲ့ ...။ ဒါ...ပေ...မယ့်...။ ဒါ...ပေ...မယ့်...။ ဒါ...ပေ...မယ့်...။ဒါ...ပေ...မယ့်...။ဒါ...ပေ...မယ့်...။ ဒါ...ပေ... မယ့်...။ )*

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်မတစ်ယောက် ဖျက်ခနဲရောက်လာတယ်။ ရယ်ရယ်မောမောပါပဲ…။ နောက်တော့ ကျွန်တော့်မနောစွမ်းရည်ဟာ စက်ရုံမြင်ကွင်းဘက်ကို ပိုအားသန်သွားပြန်ပါတယ်။ ခန့်ပိုင်ထက် အဲဒီမှာ အလုပ်လုပ်နေတယ်…ပျော်ရွှင်နေပုံလည်းရပါသည်။ ဒါကို လင်းစစ်မတွေ့ခဲ့ဖူးလား…လင်းစစ်ရဲ့မနောစွမ်းရည်က ဘာ့ကြောင့် ဒီအထိတက်မလာနိုင်ရတာလဲ။ ဒါ…ခန့်ပိုင်ထက်ရဲ့ present day (လက်ရှိနေ့ရက်)တွေလား…။

*(ပျော်ရွှင်တာလည်းမဟုတ်၊ ဝမ်းနည်းတာလည်း မဟုတ်တဲ့နေရာတစ်ခုမှာ၊ အောင်မြင်တာလည်းမဟုတ်၊ ရှုံးနိမ့်နေတာလည်း မဟုတ်တဲ့အနေအထားတစ်ခုနဲ့ ငါနေနေတယ် တွေ့လား…)*

ကျွန်တော့်ရင်ထဲ သိမ့်ခနဲဖြစ်သွားသည်။

ဟာ…

ကျွန်တော်အခုမြင်လိုက်တာက ခန့်ပိုင်ထက်ဧည့်ခန်းထဲက နံရံချိပ်မှာချိတ်ဆွဲထားတဲ့ ဓာတ်ပုံတစ်ပုံ…။

ဟင်…။

ခန့်ပိုင်ထက်နဲ့ စောစောက ဖျတ်ခနဲ တွေ့လိုက်ရတဲ့ ဆရာဝန်မ ယှဉ်တွဲရိုက်ထားတဲ့ပုံပဲ။

*(မျှော်လင့်ဘဲရောက်လာပြီး အလျှင်စလိုလက်ထပ်ခွင့်တောင်းခဲ့ရတဲ့ မိန်းကလေးပါ… အလုပ်ကိုနေရာပြောင်းခဲ့ရသလိုပဲ‥အချစ်ကိုပါ ဦးတည်ချက်ပြောင်းလဲသွားခဲ့တယ်)*

ဘယ်လို…? ။



နေဦး…နေဦး… ။ ငါမေးပါရစေဦး…။

ဒီမှာ…မင်းသိလား…မင်းရဲ့အနမ်းတစ်ပွင့်ကြောင့် ကမ္ဘာ့တစ်ဖက်ခြမ်းမှာ မိန်းကလေးတစ်ယောက် ကျိန်စာမိနေတယ်ဆိုတာ မင်းသိလား။ ဒါ…မတော်တဆလား… မင်းမွေးခဲ့တဲ့မီး ဘယ်လောက်တောက်လောင်နေတယ်ဆိုတာ မင်းသိလား…။

အမြန်ပိုင်း ၆/၉ Frequency Theta (သီတာ) လှိုင်း…။

သွားပြီ…။ အနှောက်အယှက်တစ်ခု ဝင်လာပြီ။

ဒါဘယ်သူ့ရဲ့စကားသံလဲ။ ဒါမှမဟုတ် ဘယ်သူ့ရဲ့စိတ်ထဲက ထင်မြင်ယူဆချက်လဲ။ ဆရာကြီးလား… လင်းစစ်လား…။

တယ်လီပသီက အစီအစဉ်မကျ တိုးလို့တန်းလန်း…။

Kiss …။Kiss …။Kiss …။Kiss …။Kiss …။

ဘယ်ကရောက်လာတဲ့ အနမ်းတွေလဲကွာ…။

လူတစ်ကိုယ်လုံးလည်း ဆောင့်အဆွဲခံလိုက်ရပြီ။ ကျွန်တော့်ဘာသာ ကျွန်တော်တော့ မိမိရရမှတ်စုထုတ်နေမိတော့တယ်။

မြန်မာပြည်ကနေပြန်ရောက်တော့ အရင်ကုမ္ပဏီမှာအလုပ်ဝင်တယ်။ ကုမ္ပဏီထုံးစံအတိုင်း နှစ်အလိုက်ရောက်လာတဲ့ ကျန်းမာရေးစစ်ဆေးချက်အရ ဆေးစစ်ရတယ်။ မျှော်လင့်ဘဲ ဗိုင်းရပ်စ် (သူတို့သတ်မှတ်ထားတဲ့ ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးမျိုး) တွေ့လို့ ဆေးရုံတက်လိုက်ရတယ်။ အလုပ်ပါ ပြောင်းရွှေ့လိုက်ရတယ်။ မတော်တဆအိမ်ထောင် ကျသွားတယ်။

ဒီလိုလား…။ အဲဒီလိုလား…။

ကျွန်တော်ဟာ လေဟာနယ်ထဲကို ယက်ကန်ယက်ကန်နဲ့ ပြန်ရောက်ရှိသွားပါတယ်။ ကျွန်တော့်ကိုဆရာကြီး ပြန်ခေါ်နေပြီလား။ တစ်စစီပြန့်ကျဲနေတဲ့ မြင်ကွင်းအပိုင်းအစတွေ၊ ထင်မြင်ချက်တွေကို တက်နိုင်သလောက် စုစည်းနေမိတယ်။

ပြည်တော်ပြန် လှမှဖြစ်မယ်…။

⊕ ⊕ ⊕

## အခန်း ( ၂၉ )

အိမ်အပြန်လမ်းဟာ ထင်ထားတာထက်ပိုကြာနေပါတယ်။ အနေးပြကွက်ဆန်ဆန်ဖြစ်နေတာမို့ ကျွန်တော်အားစိုက်ရပါတယ်။

တစ်နေရာရောက်တော့ မိုးတွေသည်းထန်စွာရွာသွန်းနေသလို ငွေရောင်အစက်အပြောက်တွေတစ်ဖျောက်ဖျောက်ကြွေဆင်းနေတဲ့ ငွေရောင်တစ်ဝက်၊ အပြာမှိုင်းမှိုင်းတစ်ဝက်တောအုပ်ကြီးကို မြင်လိုက်ရတဲ့အခါ ကျွန်တော့်လိပ်ပြာကလေးသိမ်ငယ်သွားရတယ်။

ကျွန်တော့်ရဲ့ပြဋ္ဌာန်းစိတ်တွေဟာလည်း တိကျပြတ်သားနေရာကနေ အတုန်တုန်အရီရီဖြစ်သွားရတယ်။

ဒီအခက်အခဲကို ငါဖြတ်ကူးနိုင်ရမယ်။ ဘာဖြစ်ရဲ့… ငါတိုး ကြည့်ရဲရမှာပေါ့။ ကျွန်တော်စွတ်ပြီး တိုးကြည့်လိုက်တယ်။ တကယ့်ကိုအံ့မခန်းပါပဲ။ ကြောက်မက်ဖွယ်ရာကောင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝဲကတော့ကြီးရဲ့ အဝကိုရောက်သွားခဲ့တယ်။

'ဟား…ဟား…'

သွားပြီ ကျွန်တော်ဘယ်လိုများ တတ်နိုင်ဦးမှာလဲ။

ကြောက်မက်ဖွယ်ရာကောင်းတဲ့ အရှိန်နဲ့ကျွန်တော်လည်နေတယ်။ ဦးနှောက်ပျက်မတတ် နှလုံးသည်းပွတ်ကြွေမတတ်၊ မရပ်မနား…။

အို…ဟိုး…ဝေးဝေးမှာ ကျွန်တော့်ဆီ လမ်းလျှောက်လာနေ တဲ့လူတစ်ယောက်။ သူကျတော့ ကျွန်တော့်လိုမဟုတ် ကုန္ဒြေရရ…၊ တည်တည်ငြိမ်ငြိမ်။

'ဟင်…'

နီးနီးနားနားရောက်လာတော့ ကျွန်တော်အကြီးအကျယ်တုန်လှုပ်သွားရတော့တယ်။ ကျွန်တော့်အဘိုးဦးထက်ကျော်၊ အဘိုးဆုံးသွားတာ နှစ်နှစ်ကျော်သွားခဲ့ပြီပဲ။ လိပ်ပြာလောကမှာ သေသူတွေ ရဲ့ဝိညာဉ်တွေကို တစ်ခါတစ်ရံ ပြန်တွေ့ရတတ်တယ်ဆိုတာ ဒါမျိုးလား။

အဘိုး…အဘိုး…ဒီကိုမလာနဲ့၊ သားဆီမလာနဲ့…။

အဘိုးက ကျွန်တော့်ဆီရောက်မလာနိုင်ဘဲ ဒလိမ့်ကောက်ကွေးဆန်ဆန်နဲ့ ရှောခနဲနောက်ပြန်ဆုတ်ပြီး ပျောက်ကွယ်သွားပြန်တယ်။

သေချာပြီ… ကျွန်တော့်ကိုတစ်ယောက်ယောက်နှောက်ယှက်နေပြီ။ ဘယ်သူလဲ…။ဘယ်သူလဲ…။ ကျွန်တော့်မှာရန်သူ



မရှိပါဘူး။ ကျွန်တော်လူတွေကို တတ်နိုင်သလောက် ကူညီပေးနေတာပဲ…။

*(သေချာလို့လား…စဉ်းစားကြည့်ပါဦး…။)*

အထက်စီးဆန်ဆန်မေးလိုက်တဲ့ လူတစ်ယောက်ရဲ့ (အသံတိတ်)စကားသံ။

ဘယ်သူလဲ…။

ဝဲကတော့ရဲ့ထိပ်ဆုံးကို လူတစ်ယောက်ရောက်လာသည်။

*(အပြင်းပြေကစားကြည့်တာပါကွာ။ နေသာထိုင်သာရှိရဲ့လား…။)*

မြင်ဖူးပါတယ်။ တော်တော့်ကို ရင်းရင်းနှီးနှီးမြင်ဖူးပါတယ်။ သူဘယ်သူလဲ…။ ဘယ်သူလဲ…။

သူက လက်တစ်ဖက်ကို ရှေ့ထုတ်ပြလိုက်သည်။

သွားပြီ…။

ကျွန်တော်ခံလိုက်ရပြီ။

အင်တာနက်မှာ hacker(နှောက်ယှက်သူ)ရှိသလိုပဲ။ လိပ်ပြာလောကမှာပါ hacker တစ်ယောက်ရောက်လာသည်။

ကျွန်တော်ကိုယ်မကျွမ်းကျင်တဲ့လောကမှာ အကြီးအကျယ် hack မိပြီ။

(မှတ်မိပြီနော်…။ အပျင်းပြေပေါ့ကွာ မင်းကအသက်ပါတယ်။ နောက် သူ့ဘာသာသူအဆင်ပြေသွားလိမ့်မယ်။ ငါလည်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုတကူးတကလိုက်ရှာနေတာ မဟုတ်ပါဘူး၊ တွေ့လို့ ကျိစယ်လိုက်တာ)

ယဉ်ပျိုမဒီရဲ့ မော်တော်လုံးလက်စွပ်ကိစ္စမှာ 'မင်း ဓာတ်လုံးက မှော်စွမ်းရည်ကုန်သွားပါပြီ'လို့ ကျွန်တော် ပြောခဲ့ဖူးတဲ့ မှော်ဓာတ်လုံးပိုင်ရှင် ဂမ္ဘီရအင်္ဂရတ်သမား နေမင်းအောင်…။

❁ ❁ ❁

## အခန်း ( ၃၀ )

နံရံမှာချိတ်ဆွဲထားတဲ့ တိုင်ကပ်နာရီရဲ့ ကိုးချက်မြောက် အချက်ပေးသံကြောင့် သူတို့သုံးယောက်သား လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ဒီနေ့ဟာ စက်တင်ဘာ(ဇူလပိုင်း)၊ ၉-ရက်နေ့…။

မကြာခင် ကိုးနာရီ၊ ကိုးမိနစ်၊ ကိုးစက္ကန့်ကို ဖြတ်သန်း ရတော့မယ်…။ ကဲ…ဒီနဝင်းကိုဘယ်သူသတ်မလဲ…။

'ပြန်လာသင့်နေပြီ…'

ပါမောက္ခဦးထင်ကရ ညည်းညည်းညူညူနှင့် ခပ် တိုးတိုးပြောလိုက်သည်။ လင်းစစ်ကတော့ မျက်နှာအကြီး အကျယ် ပျက်လျှက်ရှိ၏။

'သူ…လိပ်ပြာလွင့်ဖူးတာမဟုတ်ဘူးဆရာကြီး…။ ပြန် အဝင်မှာ အနှောက်အယှက်မိနေပြီနဲ့တူတယ်'

သူ့အတွက် ဖေဖေနှင့်ဖေဖေ့တပည့်တို့ ပူပန်နေစဉ် သူမ သည်လည်း မျက်နှာမကောင်း…နှစ်မြိုက်စွာအိပ်မောကျနေရာမှာ သူ့တစ်ကိုယ်လုံး လူးလူးလွန့်လွန့်ဖြစ်သွားလိုက်၊ ငြိမ်သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့်ဖြစ်နေသည်။

ဦးထင်ကရကတော့ မော်ဆရာရဲ့ Third eye (မျက်ခုံးနှစ်ခုထိစပ်ရာနေရာ၊ နှာတံအရင်း)ကို လက်မနှင့်ထောက်တင်လိုက်ပြီး နက်နက်နဲနဲကြည့်ရှုလိုက်ကာ...

'ငါ၏အမိန့်တော်...ဟိန်းဇေယျကို မည်သူမျှမနှောက်ယှက်ရ။ မခြောက်လှန့်ရ။ လွယ်ကူချောမွေ့စွာ ပြန်လာနိုင်စေ...'

အမိန့်ပေးသံက ခန့်ညားလှသည်။ သို့သော် ဘာမှထူးခြားမလာ...

အချိန်တွေက တစ်မိနစ်ပြီး တစ်မိနစ်ကုန်ဆုံးဆဲ...။ သူမသည်လည်း နာရီလက်တံလည်နေသည်ကို တုန်လှုပ်စွာကြည့်ရင်း ချောက်ချားနေမိတော့သည်။

မော်ဆရာ၏စကားတစ်ချို့က အာရုံမှာပြန်ပေါ်လာသည်။

အိုကေလား? :)

အပြုံးသင်္ကေတလေးနဲ့ ရောက်လာခဲ့တဲ့ မော်ဆရာရဲ့ဖုန်းမက်ဆေ့ချ်...။

ကိုယ်... မိုးအတွက်ဆို ဘာမဆိုလုပ်ပေးနိုင်ပါတယ်။

မိုးကိုပြောလိုက်ပါ။ ကိုယ်မိုးနဲ့အတူ ညနေစာစားချင်ပါတယ်လို့...

ကံတရားက မိုးကို ခါကျက်ဥသွားဝယ်ခိုင်းတဲ့အခါမှာ အသီးအနံ့ရောင်းတဲ့ဆိုင်ကို သွားပါလား၊ ဘာ့ကြောင့် ကြက်ဥ



ရောင်းတဲ့ဆိုင်ကို သွားချင်ရတာလဲ။ အချိန်လဲကုန်တယ် အိမ်ပြန်ရောက်ရင် အမေက ဆူလိမ့်မယ်လေ...။

မိုးကို ကိုယ်နမ်းပါရစေ။

Kiss...!

တို့တွေ နောက်ကျနေတဲ့ တမန်တော်ကိုပဲ ထိုင်စောင့်နေကြမလား...၊ မီးငြိမ်းဖို့တခြားနည်းနဲ့ကြိုးစားကြည့် ကြမလား...။

ကျွန်တော့်ကိုညို့ပါ...။ နေရာအတိအကျ အမိန့်ပေးပါ...။

ဗိုလ်ချုပ်အောင်ဆန်းတောင် လူ့ဘဝမှာ သုံးဆယ့်နှစ်နှစ်၊ ငါးလနဲ့ခြောက်ရက်ပဲ အသက်ရှင်ခွင့်ရခဲ့တယ်၊ လူ့သမိုင်းကြောင်းကြီးတစ်ခုလုံးကို လုံးဝဉဿုံပြောင်းလဲပစ်ပေးနိုင်ခဲ့တယ်။ လူလုပ်ရင် ဘာမဆို မဖြစ်နိုင်ဘူးဆိုတာမရှိဘူး... ။

ကျွန်တော်... မိုးအတွက်ဆို...ဘာမဆို...လုပ်ပေးနိုင်တယ်...။

နောက်ဆုံးကြည့်သွားတဲ့ အကြည့်နက်နက်မျက်ဝန်းတစ်စုံကို ပြန်လည်မြင်ယောင်လိုက်ချိန်မှာတော့ သူမပါးပြင်ထက်၌ မျက်ရည်တစ်ချို့ စီးကျသွားလေတော့သည်။

ကိုယ့်ကို ချောက်နက်နက်ကြီးထဲဆင်းပြီး ကယ်တင်ပေးနေတဲ့သူ့ရဲ့လက်ကိုပုတ်ချပြီး မျက်စိစုံမှိတ်ပြီးအော်ငိုနေမလား။ သူ့လက်ကိုဖမ်းဆုပ်ပြီး အပေါ်ပြန်တက်ရမလား။

သူကိုယ့်ကြောင့်အခု ဒုက္ခရောက်နေပြီလေ။ နှုတ်သီးဖျား

www.burmeseclassic.com



နဲ့နားထင်မှာ ချွေးစေးချွေးပေါက်တွေ ခိုသီးလို့။ တစ်ခါတစ်ရံ ဆတ်ခနဲ တုန်တုန်ယင်ယင်။

သူ့ကိုကြည့်ပြီး ကိုယ့်မှာ အပြစ်တွေရှိနေသလိုပဲ။

ဘာလုပ်ပေးရမလဲ…ဘာလုပ်ပေးရမလဲ…။

နဝင်းအချိန်ကို သိနေကြသည်မို့ နာရီကိုကြည့်လိုက်၊ ဟိန်းဧယျကိုကြည့်လိုက်နှင့် သုံးယောက်သားကုန္ဒြေမဆည်နိုင်။

သွားပြီ…။

ကိုးနာရီ ရှစ်မိနစ်။

'ကျွန်တော်လိုက်သွားမယ်။ ကျွန်တော့်ကို ညို့ပါ'

ဟင်…။ လင်းစစ်ကကြာတော့ မော်ဆရာ့အဖြစ်ကို မကြည့်ရက်တော့ဘဲ လိုက်သွားချင်နေသည်။

(အတွေ့အကြုံနုသူတစ်ယောက် လိပ်ပြာပြန်အဝင်မှာ အနှောက်အယှက်တစ်စုံတစ်ရာရှိလာပါက အတွေ့အကြုံရှိသူတစ်ယောက်ကို အိပ်မွေ့ချပြီး ထိုနှောက်ယှက်နေသော အစိမ်းအဝါးကို နှင်ထုတ်ရသည်မှာ ထုံးစံမို့ လင်းစစ်က ဆရာကြီးကိုတောင်းဆိုလိုက်သည်။)

'မမှီတော့ဘူး။ အချိန်ကိုကြည့်ဦး…'

ကိုးနာရီ ရှစ်မိနစ်နဲ့စက္ကန့်သုံးဆယ်။

လင်းစစ် ဆရာကြီးစကားကြောင့် အံ့သြသွားသည်။ မမှီတော့ဘူးဆိုတာ ဘယ်သူ့အတွက်ပြောတာလဲ ဟိန်းအတွက်လား။ သူ့သမီးအတွက်လား။

အို…ဟိန်းနဲ့အချိန်အတိအကျနဲ့က ဘာမှကိုမဆိုင်။



ဒါဆို ကြယ်စင်မိုးအတွက်လား။ ဆရာကြီးရဲ့မသိစိတ်ထဲမှာ နဝင်းကိုက်တော့မယ့် အချိန်ကိုအရောက်မှာ ကြယ်စင်မိုးကို နမ်းဖို့ အားသာနေပြီလား။

အခြေအနေက ကျဉ်းထဲကျပ်ထဲရှိလှသည်။ ပါမောက္ခတစ်ယောက်ရှေ့မှာ သူ့သမီးကို ကျောင်းသားတစ်ယောက်အနမ်းတစ်ပွင့်ချွေချရန် တစ်စက္ကန့်…နှစ်စက္ကန့်။

လင်းစစ်ရင်တွေ အခုန်မြန်လာသည်။ လင်းစစ်က ကြယ်စင်မိုးကိုကြည့်လိုက်သည်။ ကြယ်စင်မိုးက သူ့အဖေကို ကြည့်သည်။ သူ့အဖေကတော့ ဟိန်းကိုတစ်လှည့် သူ့သမီးကို တစ်လှည့်ကြည့်နေသည်။

ကိုးနာရီ တစ်စက္ကန့်…ကိုးနာရီ နှစ်စက္ကန့်…။

ကြယ်စင်မိုး ဟိန်းနားကိုမသိမသာကပ်သွားသည်။

ကိုးနာရီ သုံးစက္ကန့်…၊ကိုးနာရီ လေးစက္ကန့်…၊ ကိုးနာရီ ငါးစက္ကန့်… ခြောက်စက္ကန့်… ခုနှစ်စက္ကန့်…။

'နမ်းလိုက်ပါ…အစ်မ…'

'ဟင်…'

(လင်းစစ်က ပြတ်သားရဲဝင့်စွာပြောလိုက်သည်။ ကြယ်စင်မိုးနှင့်သူ အသက်တူရွယ်တူဖြစ်လင့်ကစား ပါမောက္ခသမီးဖြစ်သည်မို့ အစ်မဟုသာခေါ်လိုက်သည်။)

'ဟိန်းကို နမ်းလိုက်ပါ…'

ရှစ်စက္ကန့်…။

ကြယ်စင်မိုးက သူ့အဖေကိုကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မတတ်သာသည့်အဆုံး ပါမောက္ခကြီး ခေါင်းညိတ်ပြလိုက်ရလေတော့၏။

ကိုးနာရီ ကိုးစက္ကန့်…။

မော်ဆရာရဲ့ နှုတ်ခမ်းထက်၌ နူးညံ့သိမ်မွေ့လှသည့်အနမ်းတစ်ပွင့် ကြွေဆင်းရောက်ရှိလာလေတော့သည်။

❂ ❂ ❂

## အခန်း ( ၃၁ )

သိမ့်…ခနဲ။

ခတ်လိုက်သွားသလို လျှပ်စီးကြောင်းတစ်ခုလှပစွာလက် ဖြာသွားသလို ရင်တစ်ခုလုံးဝပ်ဆင်းသွားရသည်။

ငြိမ့်ငြိမ့်ညောင်းညောင်း ညင်ညင်သာသာ။ ပြေပြစ်နူးညံ့စွာ …တုန့်ယှင်လိုက်မောစွာ။ ဘယ်သူတွေ ဘယ်လိုနားလည်ပေးနိုင်မှာလဲ။ ကိုယ့်အဖြစ် ကိုယ်တော့ သိလိုက်သည်။

အတိတ်သည် ဟိုးအဝေး…ဟိုးအဝေးရဲ့ အဝေးဆုံးမှာ… မှိန်ဖျော့ပျက်ပြယ်ကျန်ရစ်ခဲ့လေပြီ။

နက္ခတ်အဆိုးတွေမိုးထားတဲ့ ကောင်းကင်ကြီးအောက်မှာရင်တစ်ခုလုံး လုံလုံခြုံခြုံရှိသွားပြီ။

ကဲ…နက္ခတ်အသစ်နဲ့ နဝင်းကိုဖွင့်လိုက်ကြစို့ရဲ့။

ငါ့အနမ်းကြောင့်… မော်ဆရာကောင်းမွန်စွာ နိုးထလာလော့…။

❂ ❂ ❂

www.burmeseclassic.com

www.burmeseclassic.com



ဝဲကတော့နှင့် တိုင်ပတ်ခရီးစဉ်မှာ ချာချာလည်ရင်း ဝိဉာဉ်လောက၊ နာမ်လောကတွေနှင့် တိုက်ပွဲတွေပြင်းထန်နေတုန်း သူ ဆတ်ခနဲ နိုးထလာခဲ့သည်။

လူ့ပြည်မှာ သူမရှိတုန်းဘာတွေဖြစ်ကုန်ပြီလဲ။

လိပ်ပြာလောကမှာတော့ ဂမ္ဘီရအဂ္ဂိရတ်သမား နေမင်းအောင် အချစ်စမ်းတာကို ကောနေအောင်ခံလိုက်ရသည်။

မိုး၏ အနမ်းတစ်ပွင့်နှင့်သူနိုးထလာခဲ့ရမှန်းသိပါသည်။ သူ့ရင်တစ်ခုလုံးနွေးသွားရသည်။ သို့သော် သူကဇာတ်လိုက်မဟုတ် ကျေးစေတမန်။ သံတော်ဆင့်ဆတ်သား။ သူ့အဆင့်က ဒီလောက်ပါ။

သူ့ရင်တစ်ခုလုံး မောပန်းနေသည်။ ခရီးလမ်းကြမ်းကို နှင်ခဲ့ရတဲ့အတွက် အသက်ကိုအနိုင်နိုင်ရှူရင်း…

'မိုး…ကိုယ်တွေ့ခဲ့တယ်…သူ…သူလေ…'

စကားတွေက တစ်ဆို့နေသည်။ ပြောမထွက်။

မိုးက သူ့ကိုပထမဆုံးနားလည်စွာ ကြည့်လိုက်ရင်း…

'တော်ပြီ…သူ့အကြောင်းတွေ ထားလိုက်ပါတော့။ ကျွန်မတို့ဒီလောက်နဲ့ပဲ ထားလိုက်ကြရအောင်'

'ဟင်…'

သူအရမ်းအံ့ဩသွားရသည်။ မိုး…။ မိုးမှ ဟုတ်ပါလေစ။

'မိုး…'

ဘယ်သူ့မိုးကိုမှ ခေါ်ခြင်းမဟုတ်၊ ကိုယ့်မိုးကို ကိုယ်ခေါ်လိုက်သလို သူပိုင်ပိုင်နိုင်နိုင်ခေါ်လိုက်သည်။ မိုး…။

ဖြေရှင်းချက်တွေ ပေးစရာမလို။ သက်သေတွေပြစရာမ



လိုဘဲ တစ်ယောက်ရင်ဘတ်တစ်ယောက် ထိုးထွင်းမြင်နိုင်၊ ဖတ်နိုင်သွားတာ ဘယ်လောက်များဆန်းကြယ်လိုက်ပါသလဲ…

သူနှင့်သူမ တစ်ယောက်ကိုတစ်ယောက် သိမ်မွေ့နက်နဲစွာ ကြည့်လိုက်မိရင်း…

'ကျွန်မလေ…ဟို…မော်ဆရာ့ကို…'

'ကိုယ်နားလည်ပါတယ်…ထားလိုက်တော့…'

အဖေရှေ့မှာမို့(ပါမောက္ခရှေ့မို့) ပြောရခက်လှသည်။

တစ်ယောက်က ဘာပြောချင်တာမှန်းမသိဘဲ တစ်ယောက်က ရမ်းသမ်းထောက်ခံလိုက်သည်။ အချစ်ဆိုတာ ရင်ခုန်သံ တစ်ထပ်တည်းကျတဲ့ချစ်သူတွေအတွက် ရင်ခွင်နှစ်ခုကြားမှာ ဘာအတားအဆီးနဲ့မှ ကာကွယ်လို့မရမှန်း သင်တို့သဘောတူကြပါရဲ့လား။

သူမနှင့်သူ တစ်ယောက်ကို တစ်ယောက်ဖက်ပွေ့မိသွားကြသည်။

နောက်တော့…

နဝင်းကော၊ နက္ခတ်ပါ ကင်းလွတ်သည့် ပန်းနုရောင် အနမ်းတစ်ပွင့်ကို နှစ်ယောက်သားထုဆစ်လိုက်ချိန်မှာတော့…

'ဟာကွာ…ဒီကောင်လုပ်ပြန်ပြီ…ငါ့သမီးကို…'

လင်းစစ်က မျက်နှာပူ၍တစ်ဖက်လှည့်သွားသည်။

ပါမောက္ခ သိပ်…စိတ်…ဆိုး…သည်။

ညေး(၁၃-၁၂-၂၀၁၁)

nyayy@gmail.com
www.facebook.com/Nyay Nyay